www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုပိုက်

## ပြင်စလူရွာသူမနှင့် ချစ်ရူးချစ်ထူး

(ပထမအကြိမ်)

စီစဉ်သူ - အတီး

ဖြန့်ချိရေး - နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက်  ၈၉၅ • ၈၃

မြင်ဝလှူရှာသူမနှင့်ချစ်ရှုချစ်ထူး / ကိုပိုက် ။ – ရန်ကုန်။

ရဲအောင်စာပေ ၊ ၂၀၁၁ ခုနှစ် ။

စာမျက်နှာ ၁ ၄ ၁၉၂ အထိ ၊ ၁၂.၅ X ၁၈.၂ စင်တီ။

(၁) မြင်ဝလှူရှာသူမနှင့်ချစ်ရှုချစ်ထူး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၁၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၆၃၀၃၁၁

ပထမအကြိမ်

၂၀၁၁ ပြည့်နှစ်၊ ဇွန်လ

အုပ်ရေ - ၅၀၀ - တန်ဖိုး - ၂၀၀ ကျပ်

မျက်နှာဖုံးပန်းချီ - ရန်နိုင်ဦး

ကွန်ပျူတာစာစီ - Five Star II

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)

အမှတ် (၂)၊ ချွန်း (၁) လမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။


အတွင်းနှင့်အဖုံးပုံနှိပ် - ဦးကျင်ရင် (၀၅၄၁၇)

(ရွှေခြည်သို့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ အလုံမြို့နယ်

ရန်ကုန်မြို့။

# ဦးရသေ့အားဦးထိပ်ထားကာ



မေ့ဖေ၊ မေ့မေ၊

ပြီးတော့. . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

## မတူကွဲပြားသစ္စာခံများ

(စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၈၈၀၂၁၁)

ဆက်လက်ထွက်ရှိမည်။

ဖြန့်ချိရေး

နဂါးပျံစာပေ

"ပြင်စလှူရှာသူမနှင့် ချစ်ရူးချစ်ထူး"

ကိုပိုက်/-

သစ်ပင်တို့ ထူထပ်သော တောအုပ်အတွင်း ရောက်ခဲ့ကြသည်တွင် မှဆိုးကြီးတာပုသည် ကျွန်တော်တို့ရှေ့မှ ပြေးသွားကာ ထင်းလုံးကြီးမြင့်မြင့်သစ်တစ်ပင်အောက်သို့ ရုတ်ခြည်း ပြေးကပ်သွားလိုက်ကာ ထိုအပင်ပေါ်သို့ မော်ကြည့်နေလေ၏။

"ဖထီးဘာကိုမြင်လို့တုန်း"

ကျွန်တော်က မေးလိုက်၏။ သည်တွင် တာပုက ကျွန်တော့်ကို လှမ်းကြည့် ပြုံးပြလာချေပြီး

"ဆရာလေးရဲ့ ငါအဝေးကနေ သည်အပင်မယ် ငှက်တစ်ကောင်တွေ့လို့၊ အပင်ပေါ်မယ် ငှက်သိုက်များ တွေ့လေမလားဆိုပြီး ကြည့်နေတာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ပြောလာချေ၏။

"ဖြစ်နိုင်ပါတယ်ဖထီ··· ဖထီလှမ်းမြင်လိုက်တယ်ဆိုတဲ့ ငှက်က သိန်းငှက်ပဲ ဖြစ်တော့မပေါ့···"

"ဆရာလေးက ဘယ်လိုကြောင့် ပြောနိုင်တာတုံး၊ အောင်လောင်းငှက်ကော မဖြစ်နိုင်ဘူးလား ····"

သို့ဖထီတာပုက ကျွန်တော့်ကို ပြန်ပြောလာသဖြင့်

"သည်လိုတောနက်ထူထူသစ်ပင်မယ် သိန်းငှက်ကောင်တွေက အသိုက်လုပ်တတ်ကြတယ်လေ···"

ကျွန်တော်က ပြောလိုက်သည်တွင် စောတာပုက ထိုအပင်ပေါ်သို့ မော်ကြည့်လိုက်ပြန်ပြီး

"အသိုက်မတွေ့ဘူးဆိုတော့ သည်အပင်ကိုမှီခိုနေတဲ့ သိန်းငှက်တွေ မဖြစ်နိုင်ဘူး အဝေးတစ်နေရာက ပျံသန်းလာပြီး ခဏတစ်ဖြုတ်နားတဲ့ ငှက်ဖြစ်မယ်၊ နို့ဆိုတော့ ငါအဝေးက လှမ်းမြင်လိုက်ရတာ အကောင်အတော်ကြီးပုံရတယ်ဆိုတော့ အောင်လောင်းငှက်ဖြစ်ဖို့များတယ်"

သို့တာပုက ပြောလာပြန်၏။ သည်တော့ ကျွန်တော်ဖထီကို မည်သည့်စကားမျှ ပြန်မပြောပါတော့ချေ။ ဖထီပြောသည်လည်း ဖြစ်နိုင်ပေ၏။ ကျွန်တော်တို့ ထိုအပင်ပေါ်မော်ကြည့်သည်တွင် မည်သည့်ငှက်သိုက်မျှ မတွေ့မြင်ရသောကြောင့် ဖြစ်ပေ၏။

"ကျွန်တော် တွေ့သဗျ"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်နှင့် စောတာပုက လှမ်းကြည့်လိုက်ကြချေပြီး···

"ဘာလဲ ငှက်ကိုလား···"



"ဘာလဲ·· အသိုက်ကိုလား"

တစ်ယောက်တစ်မျိုးစီ မေးလိုက်ချေ၏။

"ငှက်လည်း မဟုတ်ဘူး··· အသိုက်လည်း မဟုတ်ဘူး"

"နို့ဘာတုံး"

ဖြင့်တူမေးသံပေါ်ထွက်သွားပြန်၏။

သည်တွင် လင်းမြင့်လှိုင်က မည်သို့စကားမျှ ပြန်လည်ပြောလာခြင်းမရှိလေဘဲ လက်တွင်းရှိ သေနတ်ကို ကပျာကသီ မောင်းတင်၍ အပင်ပေါ်သို့ ထိုးချိန်လိုက်ချေ၏။ တာပုနှင့် ကျွန်တော်သေနတ်ပြောင်းဦးတည်ရာသို့ လှမ်းကြည့်လိုက်ကြပြန်၏။ တာပုတော့ မသိ ကျွန်တော်တော့ဖြင့် မည်သည့် အရာကိုမျှ မတွေ့ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို ဘာရယ်သိလိုမေးလိုက်လိုသဖြင့် လှည့်ကြည့်လိုက်သည်တွင်မတော့··

"ဒိုင်း···"

လင်းမြင့်လှိုင် သေနတ်ပြောင်းဝမှ မီးခိုးငွေ့တန်းထွက်သွား၏။

"ဘုတ်"

အတန်ကြာတွင် မြေပြင်သို့ တစ်စုံတစ်ရာ ပြုတ်ကျလာသဖြင့် တာပုနှင့် ကျွန်တော် ငုံ့ကြည့်လိုက်ကြတော့၏။

"ဟာ"

"ဟင်"

အံ့ဖွယ်ပင်ကောင်းပေသေး၏။ လုံးပတ်လက်ဖျံလုံးခန့်ရှိသော ပြီး ၆ ပေခန့်အရှည်ရှိချေမည့် မြွေကြီးတစ်ကောင် ဖြစ်ချေ၏။

"ဘာမြွေတုံး···"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"တောကြီးမြွေဟောက်"

"အလိုလေးဗျာ… တောကြီးမြွေဟောက်က သစ်ပင်ပေါ် ရှိနိုင်ပါ့မလား…."

ကျွန်တော်က တအံ့တသြမေးလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး…

"ခုသစ်ပင်ပေါ်က ပြုတ်ကျလာတာဆိုတော့ ကိုပိုက် ဘယ်လိုပြောမလဲ…."

"သိပါဘူးဗျာ… တောကြီးမြွေဟောက်က မြေပြင်မှာတင် သွားလာနေတာလို့ပဲ သိထားတာ…၊ ခုတော့ သစ်ပင်အမြင့်ကြီးပေါ် တက်ပြီး အသိုက်လုပ်နေတာဖြစ်မယ်…"

"ဟင်း…ဟင်း…ဟင်း… မဟုတ်နိုင်ပါဘူး ကိုပိုက်ရယ်"

"နို့ဖြင့် ပြောပါဦး"

"သည်မြွေကောင်ကို သေသေချာချာကြည့်လေ… ဘာထူး လဲ… "

လင်းမြင့်လှိုင်က မြွေသေကို ငုံ့ကြည့် သို့ပြောလာသဖြင့် ကျွန်တော်ထိုမြွေသေကောင်ကို စေ့စေ့ကြည့်လိုက်မိ၏။

"ဟင်"

မြွေကောင်၏ခါးလယ်တွင် အသားတို့ စုတ်ပြတ် သွေးတို့ ယိုစီးနေသည်ကို တွေ့ရလေသဖြင့်

"ဒါဘယ်လိုဖြစ်တာလဲ ကိုလင်း ပစ်လိုက်တဲ့ကျည်ထိထား တဲ့နေရာတော့ မဟုတ်လောက်ဘူး…"

"ကျည်ထိတဲ့ ဒဏ်ရာက သည်ခေါင်းဘက်နားမှာလေဗျာ"



"နို့ဖြင့် အဲဒီနေရာက ဘာလဲ"

"ဘာရမှာလဲဗျ… သူ့အဲဒီခါးရိုးလောက်ဆီကနေ တာပု ပြောတဲ့ သိန်းငှက်ကောင်က သူ့ခြေချောင်းလေးတွေရှိတဲ့ ခြေသည်း ကောက်ကောက်လေးတွေနဲ့ ထိုးစိုက်ဆွဲကုတ်လာတာလေ… နို့ကြောင့် တောကြီးမြွေဟောက်ကောင်က သည်အပင်ပေါ် ရောက် လာရတာပေါ့…"

သို့ဆိုတော့ ကျွန်တော်ရှင်းသွားရချေတော့၏။

"နို့ဖြင့် သည်မြွေကောင် ကုတ်ချီလာတဲ့ ငှက်ကောင် ကော…"

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က ထိုသစ်ပင်ပေါ်သို့ မော့ကြည့်ရင်း

"သည်မယ်လာကြည့် ဟိုအကိုင်းပေါ်မယ်တွေ့လား"

ကျွန်တော်က စေ့စေ့ကြည့်လိုက်၏။

လင်းမြင့်လှိုင်ပြမှ တွေ့ရခြင်းဖြစ်၏။

ငှက်သိုက်ဖြစ်နိုင်၏။ သို့ကြောင့်

"တွေ့တယ်… ငှက်သိုက်လား"

"ဟုတ်တယ် သူ့ကို ကုတ်ချီလာတဲ့ ငှက်ကောင်က ကျွန်တော်တို့သည်နားမရောက်မီတစ်နေရာကို ပျံသန်းထွက်သွားလို့ ဖြစ်မယ်၊ သူ့အစာမြွေကောင်ကို ကုတ်ချီပြီး သေခုံးသွားတဲ့အခါ သူ့ငှက်သိုက်ပေါ်ပစ်ထားခဲ့တယ်လေ… ကျွန်တော်လည်းတွေ့တော့ မြွေကောင်က အသက်ရှိနေပေးပုံပဲ၊ လည်တလှုပ်လှုပ်နဲ့ နို့ကြောင့် ကျွန်တော် သေနတ်နဲ့ ပစ်လိုက်ရတာလေ… "

သို့ဆိုတော့ ကျွန်တော်ရှင်းသွားရချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သည့်မြွေကောင်ကို…"

ကျွန်တော်က မေးလိုက်၏။

"သူများအစာကို လုယူတာတော့မဟုတ်ဘူးဗျ… သည်မြွေကောင်က အဲဒီအပေါ်မှာ ဆက်ရှိနေသေးလျှင်ဖြင့် အဲဒီအသိုက်ထဲ ရှိတဲ့ ငှက်ပေါက်လေးတွေ ကုန်တော့မှာ"

"ဗျာ"

"ဟင်"

ကျွန်တော်ကော စောတာပုပါ အံ့သြသွားကြချေ၏။

"ကိုလင်း ရှင်းအောင်ပြောပါလား"

သို့မေးလိုက်မိ၏။

သည်တွင် လင်းမြင့်လှိုင်က မြွေကောင်၏ သေနတ်မှတ်ထားသော ခေါင်းကိုကိုင်ကာ လည်ပင်းအောက်လောက်မှ နေ၍ဓားဖြင့် ခုတ်ဖြတ်လိုက်၏။

မြွေခေါင်းပြတ်သွား၏။ သို့မှ လင်းမြင့်လှိုင်သည် လည်တိုင်လောက်မှနေ၍ ဓားဖြင့် ခွဲလိုက်ချေ၏။

"ဟာ"

"ဟင်"

လည်တိုင်လေ့ပ်ထဲတွင် ငှက်ပေါက်တစ်ကောင် တွေ့လိုက်၏။

"ဘယ်လိုဖြစ်တာတုံး"

"ဘယ်လိုဖြစ်ရမှာလဲဗျာ… ငှက်ကောင်က သူ့ကိုသေပြီထင် အသိုက်ပေါ် ပစ်ချခဲ့တယ်… နို့ပေမင့် မြွေကောင်က မသေဘူး သည်တော့ အသိုက်ထဲရှိတဲ့ ငှက်ပေါက်လေးတွေကို မြွေကောင်က ဝါးမြိုစားလိုက်တယ်လေ… "



"ကိုလင်းရယ် ဟုတ်ကော ဟုတ်နိုင်ပါ့မလား။ ထူးဆန်းတယ်ဗျာ…"

"ဟုတ်နိုင်လို့ ခုလို ကိုယ့်ကိုက်တွေ့ရတာ သိရတာ မဟုတ်လား"

သို့လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံး၍ ပြောလာချေတော့၏။

သို့ဆိုတော့ ကျွန်တော်သဘောပေါက်သွားချေပြီဖြစ်၏။

"တကယ်တော့ မြွေကောင်ကို သူကလေးတွေစားပါစေဆိုပြီး အသိုက်ပေါ် ပစ်ချခဲ့တာပဲ… နို့ပေမင့် မြွေကောင်က မသေတော့ ငှက်ပေါက်လေးတွေကို စားရက်ကြုံသွားတာပေါ့လေ"

"ဘယ်လိုလဲဗျာ … သည်အကောင်က တုံးလှချည်လား…မြွေကောင်ကိုပစ်ချ အခြားပုံညန်းသွားရတယ်လို့ သူကလေးတွေသေရတာ နည်းတောင်နည်းသေးတယ်၊ အတော်ညံ့ဖျင်းတဲ့ကောင်ပေပဲဗျ… "

သို့ ကျွန်တော်က ပြောလိုက်သည်တွင်

"အဲလိုလည်း မဟုတ်လောက်ပေဘူးဗျ… ခုလို ဖြစ်ရတာလဲ ကျွန်တော်တို့ကြောင့်ဗျ…"

"ဗျာ ဘယ်လို… "

"အော်… ငှက်ကောင်ကို ဖထီက လှမ်းမြင်လိုက်တယ် မဟုတ်လား။ ကိုပိုက်ပဲ ပြန်စဉ်းစားကြည့်လေ၊ ငှက်ကောင်ကိုမြင်တော့ ဖထီက ပစ်သတ်ဖို့ကြိုးစားတယ်လေ…သည်တော့ ကျွန်တော်တို့ကို လှမ်းမြင်တော့ သူ့တွက် အန္တရာယ်ရှိရုံမက သူကလေးတွေပါ အန္တရာယ်ရှိနိုင်တယ်ဆိုပြီး သူ့ကို မမြင်တွေ့စေဖို့တွက် ခုလိုအသိုက်အစွန့်ခွာ ခွေတွက်ခွာသွားချိန်မယ် သူမမျှော်လင့်တာတွေ ဖြစ်လာရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းအဟုတ်သားကလား"

"ဒါဟာမိခင်ရဲ့ သားသမီးအပေါ် စိုးရိမ်စိတ်၊ မေတ္တာစိတ်ပေါ့"

"နို့ပေမင့် သူမသိဘူးလေ၊ သူ့ကလေးသေသွားပြီ သူ့ကလေး တစ်ကောင် လက်လွှတ်ဆုံးရှုံးလိုက်ရပြီ"

သို့ ကျွန်တော်က မြွေသေကောင်ကိုကြည့်၍ ပြောလိုက်၏။

"ကိုလင်း ဝစ်ချလိုက်တာကိုက မှားနေသလားလို့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင်

"ကျွန်တော်မမှားဘူး။ ကျွန်တော့်ကြောင့် သူ့ကလေးတွေ မသေရတာ၊ အသိုက်ထဲမယ် မရှိဘူးဆိုလျှင် ၂ ကောင်အထက် ရှိနိုင်တယ်ဗျ··· သည်တွက် သူ့အစာကို စွန့်လွှတ်လိုက်ရတာ သူ့တွက် မဆုံးရှုံးလောက်ပါဘူး"

"အော်··· အင်း"

"ကဲ ကိုပိုက်ရေ·· ကျွန်တော်တို့ သည်အပင်အောက်က နေ ခွာချေမှဗျ"

"ဟင်·· ဘာလို့တုံး"

"သိန်းငှက်ကောင် ဟိုရှေ့က သစ်ပင်ဖျားကနေ ဝဲပျံပြီး သူ့ ကလေးရှိတဲ့ နေရာကို ပြန်လာဖို့ စောင့်ဆိုင်းနေတယ်လေ···"

ကျွန်တော်သဘောပေါက်လေပြီ ကျွန်တဲ့ ကလေး ၂ကောင် နဲ့ တွေ့လိုစေတဲ့ ကိုလင်းသဘောကို နားလည်ပါပြီ·· ။

သို့ဖြင့် ကျွန်တော်တို့သည် ထိုမြွေကောင်ကို ထိုအပင်ပေါ် သို့ ပစ်တင်လိုက်ပြီး ထိုနေရာမှ ထွက်ခဲ့ကြတော့၏။

သို့မှ ကျွန်တော်တို့ ခပ်လှမ်းလှမ်းရောက်သည်တွင် ထိုအပင် သို့ ပြန်လှည့်ကြည့်မိကြတော့၏။



သိန်းငှက်ကောင်ထိုနေရာသို့ ရောက်နေပြီပဲ···

"သည်ကောင် မျက်စိလျှင်ပါတယ်၊ မြွေကောင်ကို သူ့ရှာဖွေ နိုင်ပါလိမ့်မယ်"

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

ကျွန်တော်တို့၏ ခရီးအစတွင် သို့ဆိုသလို သိန်းငှက်ကောင် ၏ ဖြစ်ရပ်ကို တွေ့လိုက်ရခြင်းကြောင့် စိတ်မကောင်းဖြစ်မိလေ တော့၏။

"ဖထီ ကျွန်တော်တို့ အင်ကြင်းမြိုင်ခင်စခန်းကို သည်ကနေ့ ရောက်နိုင်ပါ့မလား···"

လင်းမြင့်လှိုင်၏ အမေးဖြစ်ချေ၏။

"ရောက်ပါတယ်ကွာ··လတ်တစ်လောင်ါဆာပြီကွာ"

"အော်··ဟုတ်ပါရဲ့ ကျွန်တော်တို့လဲ ခရီးတွင်အောင်သာ ခပ်သွက်သွက် လျှောက်ခဲ့ကြတာ သားကောင်ကလေးရှာစားဖို့တောင် မေ့နေတယ်"

သို့လင်းမြင့်လှိုင် ပြောရင်း ဆက်လျှောက်တော့သွားသည် ဆိုပေမင့် ဝဲယာတစ်ဖက်တစ်ချက်သို့ စေ့စိုက်ကြည့်နေလေခြင်းကြောင့်

"ခုရေတွင်းတူး ခုရေကြည်သောက်လို့ ဘယ်ရပါ့မလဲ"

သို့ ကျွန်တော်က စောတာပဆာလောင်နေသည်ဆိုမှ သားကောင်ပစ် ရန် တာစူနေသော လင်းမြင့်လှိုင်ကို နောက်ပြောင်ကျီစယ်လိုက် ၏။

သည်တွင် လင်းမြင့်လှိုင်က

"အဲလို မဟုတ်ပါဘူး ကိုပိုက်ရယ်·· ခပ်လှမ်းလှမ်းကနေ တောတိုးချောင်းမြောင်းလျှောက်သံကြားလို့ပါ··"

www.burmeseclassic.com

www.burmeseclassic.com

**သို့သော** ကျွန်တော်မကြားမိပါချေ။ သို့ဆိုတော့ လင်းမြင့်လှိုင်တစ်**ယောက်** အလွန်နားပါးသူဟု ပြောရချိမ့်မည်။ သို့ပေမင့်

"ဖတီတော ကြားမိလား" လို့ မေးမိလိုက်တော့၏။

"ငါလည်း မကြားမိပေဘူးကွ"

"ရှုတိုးတိုး"

"ကျွန်တော်တို့ နှစ်ယောက်ကို လင်းမြင့်လှိုင်က သို့ သတိပေးလာသဖြင့် ဆိတ်ငြိမ်စွာနေလိုက်ကြသလို လျှောက်လှမ်းနေသော ခြေလှမ်းကိုလည်း ရပ်တန့်လိုက်၏။

သို့ပြုမှရန် လင်းမြင့်လှိုင်ကလည်း လက်ပြလိုက်လေသည်ကိုတာပုနှင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကိုသာ ငေးမောကြည့်နေကြတော့၏။ လင်းမြင့်လှိုင်တစ်ယောက် နေရာမှ ရပ်တန့်ကာ ရှေ့သို့လှမ်း၍ သူ၏ သေနတ်ဖြင့်ထိုးချိန်လိုက်၏။

"ဘာကောင်လဲ"

ကျွန်တော်က လှမ်းကဲကြည့်မေးလိုက်သည်။

"ဒိန်း"

ကျွန်တော်ဘာကောင်ရယ်မသိလိုက်မီ လင်းမြင့်လှိုင်ပစ်လိုက်ပြီးဖြစ်တော့၏။

"ဖလပ်·· ဖလပ်···ဖလပ်··· ဖလပ်···"

ခပ်လှမ်းလှမ်း ချုံပုပ်ပင်နောက်မှ တောကြက်တစ်ကောင်သည် သေနတ်သံကြောင့်လန့်ဖျပ် ပျံသန်းသွားချေ၏။

"ဟာ တောကြက်ကောင်ဗျ" တာပုက ပြောလိုက်၏။

"လာဗျာ··စားရောရပြီ"

အလိုလေးဗျာ၊ ကျွန်တော်တို့ ဘာမှ မတွေ့ပါကလား။ လင်းမြင့်လှိုင်က



သို့ပြောလာသဖြင့် အံ့ဩမိတော့၏။

သို့ပေမင့် လင်းမြင့်လှိုင်နောက် ဘုမသိဘမသိ လိုက်သွားကြချေ၏။ ခပ်လှမ်းလှမ်းအရောက်တွင်

"ဟာ"

"ဟင်"

မြေပြင်တွင် ခွေခေါက်လဲနေသည့် တိရိစ္ဆာန်ကောင်ကို တွေ့သဖြင့် အံ့အားသင့်သွားကြတော့၏။

ကျားသစ်ကောင်သာ ဖြစ်ချေတော့၏။

ခွေးလောက်သာမက သာသာဖြစ်ချေ၏။

"သည်ကောင် သည်အကိုင်းထက်ကနေ ချောင်းနေတာဗျ"

"ဘာလဲ ကျွန်တော်တို့ကိုလား!"

"ဘယ်ဟုတ်ပါ့မလဲ သူချောင်းနေတာ စောစောက ပျံသွားတဲ့ တောကြက်ကောင်ကိုဗျ"

"နို့ဖြင့် ကျွန်တော်တို့က မုဆိုးချင်း စည်းဖောက်လိုက်သလိုဖြစ်သွားပြီပေါ့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်အား သနားစရာ သတ္တဝါလို ကြည့်လာချေပြီး··

"ကျွန်တော်ကတော့ သည်လို ကျားသစ်ကောင်မျိုးကိုလေ ကျားလို့ မသတ်မှတ်ဘူးဗျာ·· ကျားသစ်ကောင်ဆိုတာ ကြောင်ကြီးပေါ့ဗျာ··"

"နို့ဖြင့် ကျားကောင်ကကော ကြောင်ကြီးမျိုး မဟုတ်ဘူးလား"

ကျွန်တော်က ချက်ကျကျမေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com

"ကြောင်ကြီးမျိုးလို့ သတ်မှတ်ပေမင့် ကျားကကျား ကြောင်ကကြောင်၊ စရိုက်လက္ခဏာ အများကြီးကွာပါဗျာ၊ အရည်အသွေးချင်းလည်း ဘာဆိုင်လို့တုံး"

သို့ ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က စိတ်ပျက်စွာ ကြည့်မိ၏။

လင်းမြင့်လှိုင်တစ်ယောက် ဘယ်လိုတွေဖြစ်နေပါလိမ့်၊ ဘာတွေ တွေးနေ ပြောနေပါလိမ့် စိတ်ကျန်းမာရေးကော ကောင်းပါလေ၏။

"ဟောဗျာ ကိုလင်းမှ ဟုတ်ရဲ့လားလို့တောင် ထင်မိတယ်၊ သည့်ကျားသစ်ကောင်မပြောနဲ့ သားကောင်တစ်ကောင်က တခြားတစ်ကောင်ကို ချောင်းမြောင်းသတ်ဖြတ်ရင်ဖြင့် သူလဲ မှုဆိုးပဲ မုဆိုးချင်းစည်းမဖောက်သင့်ပါဘူးလို့ အမြဲပြောတတ်ပြီး ခုကျားသစ်ကောင်က တောကြက်ကောင်ကို သတ်ဖြတ်စားဖို့ ချောင်းမြောင်းနေတာကိုတော့ ပစ်သတ်လိုက်ပြီး ခုလိုစကားတွေပြောလာတယ်ဆိုတော့ အံ့ဩမိတာပေါ့ဗျာ"

"ဟား.. ဟား..ဟား...ဟား.. ဟင်း..ဟင်း.. အလကားစတာပါဗျာ.. တကယ်တော့ ကျွန်တော်စည်းဖောက်မိတာ မှန်ပါတယ်၊ စောစောက ပြောတာတွေက တမင်ကျီစယ်စကား ပြောလိုက်တာပါ။ ဖထီးဆာနေပြီလား။ ကျွန်တော်ထင်တယ်၊ ရေနွေးလျှောက် ကျွန်တော်တို့ သားကောင်တွေဖို့ဆိုတာ သိပ်မလွယ်ဘူး လောလောဆယ် ဖထီးက ဆာနေပြီ၊ သူ့မယ် အစာအိမ်ရှိတယ်လေ ဖထီးတွက် အစာမြန်မြန်လိုနေပြီ၊ သည်တော့ လူတစ်ယောက်အသက်နဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့အသက် ဘယ်အရာကို ကျွန်တော်တို့



ဦးစားပေးရမှာတုံး.."

"တာပလှူအာကြီးလော်" လို့ စောတာပုက ဝမ်းပန်းတသာဖြင့် လင်းမြင့်လှိုင်ကိုကြည့် ကျေးဇူးတင်စကားပြောလာလေ၏။

သို့ဆိုတော့လည်း ကျွန်တော် လင်းမြင့်လှိုင်ကို လေးစားသွားရတော့၏။ ဘယ့်ကြောင့်မူ သူ့မိတ်ဆွေတွက် သူ့မုဆိုးစည်းဖောက် အနစ်နာခံလိုက်ကြောင်း သိရလေခြင်းကြောင့် ဖြစ်ပေသည်။

သို့မှ ကျွန်တော်တို့သည် ကျားသစ်ကောင်ကို ထိုနေရာတစ်ဝိုက်ရှိ ခြေခင်းလက်ခင်းသာသည့် နေရာကိုရှာ၍ အသားဖျက်မီးကင်စားရန်အလို့ငှာ စီစဉ်လိုက်ကြ၏။ သို့ဆိုတော့ ကျားသစ်ကောင်သေနေရာနှင့် မဝေးလောက်သော သစ်ပုပ်ပင်ကြီး တစ်ပင်အောက်တွင် နားနေစခန်းချရန် စီစဉ်လိုက်ကြ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်က ကျားသစ်ကောင်ကိုယူ၍ အနားတစ်ဝိုက်တွင် ရှိနိုင်မည့် ချောင်းမြောင်ရှိရာသို့ ထွက်ခဲ့ကြ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မဝေးလောက်သောနေရာရှိ မြောင်လေးအတိုင်း စုန်ဆင်းခဲ့ကြ၏။ ဘယ့်ကြောင့်မူ ထိုမြောင်လေးအတွင်း ရေလုံးဝခန်းခြောက်နေသောကြောင့် ဖြစ်ချေ၏။

ထိုမြောင်သည် မြောင်တိုဖြစ်ခြင်းကြောင့် တော်သေး၏။ ထိုမြောင်အဝရောက်သည်တွင် မြောင်ကျယ်ကြီးတစ်ခုသို့ ရောက်ခဲ့ကြ၏။

"ဒါ ချောင်းတော့မဖြစ်နိုင်ဘူး မြောင်ဖြစ်မယ်"

လင်းမြင့်လှိုင်က ထိုမြောင်အခြေနှင့် တစ်ဖက်တစ်ချက် မြောင်နံရံတို့ကို ကြည့်၍ ပြောလာချေသဖြင့် ကျွန်တော်သည်လည်း ထိုမြောင်အခြေနှင့် တစ်ဖက်တစ်ချက်နံရံတို့ကို ကြည့်လိုက်၏။
www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားချည်းလည်းမဟုတ်၊ မြေသားချည်းလည်းမဟုတ်၊ နံရံတွင် ကြက်ခြမ်းဆင်နှင့် တောရှောက်ပင်တို့ ပေါက်ရောက်နေ၏။ မြောင်အခြေတွင်မတော့ ကျောက်တုံးကျောက်ခဲနှင့် ရေအိုင်အချို့ ရေအနည်းငယ်ရှိသည်ကို တွေ့ရ၏။ ရေစီးတော့ဖြင့် မရှိပါချေ။ ထိုမြောင်အိုင်ငယ်တို့အတွင်း မြောင်နံရံကမ်းစပ်တွင် ပေါက်နေသည့် သစ်ပင်၊ ဝါးပင်တို့၏ အရွက်ခြောက်များ လတ်လတ်ဆတ်ဆတ်များရှိသလို ကြွေနေသည်မှာ ကြာပြီဖြစ်သော ဖက်ရွက်ဖက်ခွေးတို့ကို တွေ့ရ၏။ လောက်လန်းကောင်လေးများလည်းရှိသလို ခြင်နှင့် ဖြုတ်ကောင်လေးများလည်း တွေ့ရ၏။ သည့်ပြင် ထိုရေတို့ အနံ့အသက် ဆိုးဆိုးဝါးဝါး ကိုလည်း ရလိုက်ကြ၏။

"ကိုပိုက်ရေ . . . ကျွန်တော်တို့ သည်မြောင်အခြေကို ဆက်ဝင်းရလိမ့်မယ်၊ သည်က ရေရှိတယ်ဆိုပေမင့် မသန့်ပေဘူးဗျ"

သို့ဆိုတော့ကျွန်တော် မျက်စိမျက်နှာပျက်သွားသည်ကို လင်းမြင့်လှိုင်က ရိပ်မိလေသည့်ကြောင့်

"ဟင်း . . ဟင်း . . ကိုပိုက်တော့ သည်ကျားသစ်ကောင်ကို ထမ်းပိုးလာရတော့ အတော်ပင်ပမ်းပြီထင်ပါရဲ့ . သည်လိုလုပ်လေ ကျွန်တော်တစ်ယောက်တည်း ထမ်းခဲ့မယ်၊ ကိုပိုက်ခဏတဖြုတ်နားရင်း လျှောက်ခဲ့ပေါ့ဗျာ . . ."

သို့ဆိုတော့ ကျွန်တော့်လင်းမြင့်လှိုင်ကို အားမနာပါတော့ချေ။ ဘယ့်တွက်မှု နှစ်ယောက် ဝါးလုံးလျှိုထမ်းခဲ့ကြသည်ဆိုပေမင့် ကျွန်တော်မဟာန်နိုင်ပါချေ။ အောက်ခြေသည်လည်း မြေညီမဟုတ်သလို ကျောက်တုံးကျောက်ခဲတို့တွင် တွယ်ငြိနေသည့် ရေညှိတို့ကြောင့် အလေးအပင်ထမ်းလျက် လဲပြိုသွားမည်ကို လွန်မင်းစွာ စိုးရိမ်မိခြင်း



ကြောင့်လည်း ပါသည်ကြောင့်

"အေးဗျ . ခဏတဖြုတ်နားပြီး ဆက်ထမ်းပါမယ်၊ သည်လိုလုပ်လေ၊ ကိုလင်းလည်း တစ်ယောက်တည်း မထမ်းပါနဲ့ ခဏနားပြီးမှ သွားကြတာပေါ့"

သို့ဆိုတော့ လင်းမြင့်လှိုင်က

"အဲ့သည် စိတ်ကူးရှိပေမင့် သည်မြောင်က အနံ့အသက် မကောင်းသလို ခြင်ယင်လည်းပေါတာကြောင့် ရှေ့ဆက်သွားကြတာ ကောင်းပါတယ်"

"အဲလိုပဲ လုပ်ကြတာပေါ့"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရှေ့ဆက် လျှောက်ခဲ့ကြပြန်၏။ ခပ်သွက်သွက်လျှောက်သွားလေခြင်း ဖြစ်၏။

သို့မှ မြောင်သည် တဖြည်းဖြည်း ကျယ်လာသလို ထင်းလာပုံတောက်ခြင်းအားဖြင့် ချောင်းသို့ ရောက်လုပြီဟု သိလိုက်သဖြင့် ဝမ်းသာမိတော့၏။

"ကိုလင်းရေ . . အောက်ခြေလင်းလာပြီဗျ၊ ချောင်းရောက်တော့မယ် . . ပေး ကျွန်တော် ဆက်ထမ်းမယ်"

သို့ပြောလည်းပြော သူ့ထံမှလည်း ကျားသစ်ကောင်ကို ထမ်းယူ လိုက်သဖြင့်

"ရတယ် ကိုပိုက် . . . သွားမှာ သွားပါဗျာ . . "

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းသို့ ရောက်ခဲ့ကြ၏။

အလိုလေးဗျာ . . သဲချောင်းပါကလား။ ချောင်းကသေးကြီး ဖြစ်ချေ၏။ ထိုချောင်းအဝ၏ တဖက်ကမ်းနံရံအစပ်တွင် ရေစီးရှိချေ၏။ သို့ကြောင့် အားရဝမ်းသာ ထိုနေရာသို့ သွားလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသည် သဲချောင်းဆိုပေမင့် သည်ဘက်ကမ်းအစပ်လောက်တွင်သာ သဲတို့ရှိချေပြီး ချောင်းအလယ်လောက်တွင် ကျောက်တုံးကြီးတို့ရှိချေ၏။ ကဒက်ပင်တို့ရှိချေ၏။

ကျွန်တော်တို့သည် ရေစီးတစ်ဖက်တစ်ချက်ရှိနံရံသို့ သွားလိုက်ကြ၏။ ဟူးတော်ပါသေးရဲ့ ရေအနက် ခြေမျက်စိသာသာဆိုပေမင့် ထိုနေရာနှင့် မလှမ်းမကမ်းလောက်တွင် ရေအိုင်ကြီးတစ်ခုရှိချေ၏။

ရေစီးကြောင့်လားတော့မသိ၊ ရေသည် ကြည်လင်နေလေ၏။ ရေတွင်ကူးခတ်နေသော ငါးလေးများကိုလည်း တွေ့ရ၏။

"သိပ်ကောင်းတယ်၊ သည်မယ် လုပ်ကြတာပေါ့"

လင်းမြင့်လှိုင်က သို့ပြောပြီး ကျားသစ်ကောင်ကို သူ့ပခုံးထက်မှ ပစ်ချလိုက်၏။

ပြီး ၂ ယောက်သား ခေတ္တမျှ နားနေကြကာ၊ လင်းမြင့်လှိုင်က သူ့ဘောင်းဘီအိတ်တွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်၍ ပေးလာချေသဖြင့်

"ကိုလင်း အလျှင်မော့ချေဗျာ..." ဆိုလိုက်သည်တွင် လင်းမြင့်လှိုင်က တစ်ငုံမော့ကာ ကျွန်တော့်အား ပြုံးပြုံး ဝီစကီပြားလေး ကမ်းပေးလာချေတော့၏။

တစ်ငုံ နှစ်ငုံမျှ မော့သောက်ပြီးသည်နောက် ကျွန်တော်တို့သည် ကျားသစ်ကောင်ကို အရေဆုတ် အသားဖျက်လိုက်ကြ၏။

ခပ်သွက်သွက်လုပ်ကြခြင်းသည် စခန်းနေရာတွင် ဖထီးတာပုကျန်ရစ်ခဲ့ခြင်းကြောင့်ဖြစ်၏။ ကျွန်တော်တို့ ထိုစခန်းနေရာနှင့်



ခပ်ဝေးဝေးလောက်သော နေရာတွင် ရေတွေ့၍ အသားဖျက်မည်ဆိုပေမြား ရေမရှိသဖြင့် အတော်အတန် ဝေးသော ဤနေရာသို့ လာရောက်လုပ်ကြခြင်းကြောင့် ဖထီးတာပု အတော်နှင့် ပြန်မရောက်လာနိုင်သည့် ကျွန်တော်တို့ကို လည်တဆန့်ဆန့် မျှော်နေမည်ထင်သောကြောင့် ဖြစ်ချေ၏။

ခွေးသာသာဆိုပေမင့် အချိန်အတော်ကလေးရလေပြီးမှ အသားဖျက်ပြီးဖြစ်တော့၏။ သည်နောက် စွန့်ပစ်ပစ္စည်းများကို ကျွန်တော်တို့ ချောင်းကမ်းနံရံထက်တွင် တွင်းချိုင့်တစ်ခုတူး၍ သဲတို့ဖြင့် ဖုံးအုပ်မြှုပ်လိုက်၏။ ပြီး ၂ ယောက်သား ရေမိုးချိုးလိုက်ကြကာ အသားတွဲတို့ကိုယူ၍ ထိုနေရာလေးမှ ပြန်ကြမည် အလုပ်တွင်

"ဟင်"

"ဟာ"

ချောင်းတစ်ဖက်ခပ်လှမ်းလှမ်းလေးဆီမှ အမျိုးသမီးတစ်ယောက်၊ ယောကျာ်းသားတစ်ယောက်၊ ချောင်းအောက်ဆင်းလာနေသည်ကြောင့် နှစ်ယောက်သား ငေးကြည့်နေမိတော့၏။

"သည်ချောင်းအထက်မယ် တဲစုရှိလိမ့်မယ်ထင်တယ်ဗျ"

လင်းမြင့်လှိုင်က သူတို့ကို ကြည့်ရင်းပြောလေ၏။ ကျွန်တော်သည်လည်း သူတို့နှစ်ယောက်ကို ကြည့်နေမိ၏။

အနားရောက်လေမှ မေးမြန်းကြည့်ရပေလိမ့်မည်။ သို့ကြောင့် သူတို့ အနားရောက်လာသည့် အထိ စောင့်နေမိချေ၏။

သူတို့ကို တွေ့မေးပြီးလေမှ စခန်းနေရာပြန်သွားကြမည်ပေါ့ သို့ပေမင့်

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com


"ဟာ"

"ကိုလင်း ကြည့်စမ်း ကြည့်စမ်း"

ကျွန်တော်မြင်လိုက်ရသည့်အမြင်ကြောင့် လင်းမြင့်လှိုင်ကို သို့ပြောလိုက်၏။ ဘယ့်တွက်မှ ယောက်ျားသားသည် သူ့ရှေ့ ခပ်လှမ်းလှမ်းမှ အမျိုးသမီးကို နောက်မှနေ၍ လှုပ်တစ်ပြက်ပြေးဆွဲ၍ ချောင်းတစ်ဖက်သို့ ပြေးတက်သွားတော့၏။ အမျိုးသမီးသည် ဘုမသိ ဘမသိဖြင့် အမျိုးသားကလက်ကိုဆွဲခေါ်ရာမှ လှည့်ကြည့်လှည့်ကြည့်ဖြင့် ပါသွား လေတော့၏။

တကယ်တော့ လျှောက်လာသော မိန်းမပျိုနှင့် ယောက်ျားပျိုသည် ကျွန်တော်တို့ကို ခပ်စောစောက မြင်ဟန်မတူ၊ သို့မှ ယောက်ျားသားက မြင်သွားချေပြီး သူ့ရှေ့မှ အမျိုးသမီးကို လက်ဆွဲကာ တစ်ဖက်ချောင်းကမ်းပေါ် ပြေးတက်သွားခြင်းဖြစ်၏။

"သည်လူ ဘယ်လိုလဲဗျာ ကျွန်တော်တို့ကို မြင်တာနဲ့ ပြေးသွားရတယ်လို့"

ကျွန်တော်က တအံ့တဩပြောလိုက်၏။

"အေးဗျာ ကျွန်တော်တို့ကို မတွေ့လိုလို့ ဖြစ်မယ်"

"အဲဒါဘယ်လိုထင်လဲ"

"သူတို့ မရိုးသားလို့ဖြစ်မယ်"

လင်းမြင့်လှိုင်က ပြော၏။

"ဘယ်လိုမရိုးသားတာလဲ"

"နို့တော့ ဘယ်သိပါ့မလဲဗျာ၊ သူတို့နဲ့တွေ့မေးမှ သိရတော့ မပေါ့"



"ကဲ ကိုပိုက် ကျွန်တော်တို့ကိစ္စ ကျွန်တော်တို့ ဆက်လုပ်ကြတာပေါ့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့မှ ဦးဆောင် ထွက်သွားလေသဖြင့် ကျွန်တော်သည်လည်း သူ့နောက်လိုက်သွားတော့၏။

"ကိုပိုက်ရေ မြန်မြန်လျှောက်ချေဗျာ၊ ဖထီတာပုတော့ ကျွန်တော်တို့ဘယ်ရောက်သွားမှန်းမသိဖြစ်ချေပြီး စိုးရိမ်စိတ်ဖြင့် မျှော်နေရော့မယ်"

"နို့လည်းဖြစ်နိုင်တယ်ကိုလင်း… တကယ်တော့ ကျွန်တော် စောစောက ၂ ယောက်ကို စိတ်ဝင်စားနေတာဗျ၊ ဖထီတာပုသာ မပါလျှင် ကျွန်တော်သူတို့နောက် လိုက်သွားပြီး စပ်စုတယ်ဗျာ"

"အေးဗျာ… ကျွန်တော်လဲ အဲလိုပါပဲ တစ်ခုခုတော့ ထူးခြားနိုင်သဗျ"

လင်းမြင့်လှိုင်ကလည်း သို့ ပြောလာချေတော့၏။

သို့ စကားတပြောပြောနှင့် မြောင်ကျယ်အတိုင်း ဆန်တက်ခဲ့ကြရာမှ ကျွန်တော်တို့ထွက်လာသော မြောင်ကြပ်လေးအဝသို့ ရောက်သည်တွင်

"ဟင်"

"မြောင်ကြားလေးအတွင်းမှ ဖထီတာပုကို တွေ့လိုက်သဖြင့် အံ့ဩသွားတော့၏။

"ကျွန်တော်တို့ လမ်းပျောက်သွားပြီ ထင်လို့လား"

ကျွန်တော်က မေးလိုက်၏။

"အေး ဆရာလေးတို့ နှစ်ယောက်ကို ငါ့အိပ်ပျော်သွားရာက နိုးတော့မတွေ့တာကြောင့် အဲဒီမယ် ခဏစောင့်နေသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

အတော်နဲ့ ရောက်မလာတော့ ဆရာလေးတို့ ဘယ်ချော်တောင်ပြီး လမ်းပျောက်သွားပါလိမ့်လို့ ထင်မိပြီး လိုက်လာတာပဲကွ"

"ရေအနားမရှိလို့ သည်မြောင်ကျယ်အတိုင်း ထွက်သွားပြီး ချောင်းရောက်မှ ရေတွေ့လို့ အသားဖျက်နေကြရတာ ပြီးတော့ တလက်စထဲ ရေချိုးနေလို့ပါ... တောင်းပန်ပါတယ်ဖထီး" သို့ ကျွန်တော်က တောင်းပန်စကားပြောလိုက်၏။

"ရပါတယ် ဆရာလေးရယ်... ဆရာလေးတို့နဲ့ တွေ့ရတာပဲ တော်လှပြီ ကဲလာ ငါတို့ ဘယ်လိုလုပ်မလဲ"

စောတာပုက ကျွန်တော်တို့လက်ထဲမှ ကျားသစ်ကောင် အသားမွှေးမွှေးတို့ကိုကြည့်ပြီး မေးလာလေသဖြင့် ကျွန်တော်က တဆင့် လင်းမြင့်လှိုင်ကို မေးလိုက်သည့်အကြည့်ဖြင့် ကြည့်လိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ကျွန်တော်နှင့် စောတာပုကို တစ်လှည့်စီ ကြည့်လိုက်ချေပြီး

"ဖထီးလဲ ရောက်လာပြီဆိုတော့ ချောင်းဘက်ပြန်သွားပြီး ခြေခင်းလက်ခင်းသာတဲ့နေရာမယ် စခန်းချ နားပြီးတော့ သည်ကောင်ကို ကင်စားတော့မပေါ့..."

သို့ဖြင့် လင်းမြင့်လှိုင်၊ တာပုနှင့် ကျွန်တော်တို့သည် ချောင်းဘက်သို့ ပြန်ထွက်ခဲ့ကြကာ ချောင်းနံရံတစ်ဘက်ကမ်းတွင် ဝါးခုတ်တဲအပေါင်းတစ်လုံးရှိသည်ကြောင့် ထိုနေရာတွင် ခေတ္တနားနေရန် သဘောတူလိုက်ကြကာထိုတဲသို့ သွားလိုက်ကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝါးတဲသို့ ရောက်သွားကြ၏။ ကျွန်တော်က ထိုဝါးတဲကို စေ့စေ့လှည့်ပတ်ကြည့်ရင်း ဓားနှောင့်ဖြင့် တိုင်အခြေတို့ကို ထုကြည့်လိုက်၏။



"ဒုတ်..ဒုတ်..ဒုတ်..ဒုတ်"

"ခိုင်ပါတယ်ဗျ... ညအိပ်စခန်းချမယ်ဆိုလျှင်တောင် ဖြစ်တယ်"

သို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော် အကြံတစ်ခု ရလိုက်၏။

"ကောင်းတယ် ကိုလင်း... ကျွန်တော်တို့ သည်ဝါးတဲမယ် ညအိပ်စခန်းချမယ်ဗျာ..ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

လင်းမြင့်လှိုင်က ကျွန်တော့်အတွင်းစိတ်ကို သိနေသဖြင့် ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်ကာ မေးလေ၏။

"ဟင်း..ဟင်း..ကိုလင်းသိပါတယ်"

"ဘာများတုံးဗျာ"

စောတာပုက ကျွန်တော့်ကို မျက်လုံးပြူးကြည့်မေးလေ၏။

"ကိုပိုက် စောစောက ချောင်းအထက်ဘက်က လူနှစ်ယောက်တွေ့ပြီး စိတ်ဝင်စားသွားလို့ပါဗျာ.."

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် စောတာပုက ကျွန်တော့်အား စေ့စေ့ကြည့်လာချေပြီး

"လုပ်စမ်းပါ ပြောပါဦး ဘယ်လိုထူးဆန်းတဲ့ လူနှစ်ယောက်မို့လဲ"

"ထူးဆန်းတဲ့ လူနှစ်ယောက်တော့ မဟုတ်ဘူးဗျ၊ စိတ်ဝင်စားစရာကောင်းတဲ့ လူနှစ်ယောက်"

"အလိုလေးဗျာ.. ဆရာပိုက် ပြောမှာသာပြောစမ်းပါ..."

"မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောလိုက်သည်တွင် စောတာပုက ဟက်ဟက် ပက်ပက် ရယ်မောလိုက်ချေပြီး

"ဟင်း‥ ဟင်း‥ဟင်း‥ဟင်း နို့များဗျာ ဘာများလဲလို့ သည့်တောသည့်တောင်ထဲမယ် လင်ကိုယ်မယား ဝါးခုတ်လာကြတာ လဲရှိတယ်၊ ပြီးတော့ ဝါးခုတ်တဲတွေဆီလာပြီး ဈေးလာရောင်းတဲ့ သူတွေလည်း ရှိတာပဲ၊ ဒါများ ဘာဆန်းလို့တုံး"

"ဆန်းတာက သည်လိုဖထီ ရဲ့"

"ပြောပါဦး"

"ကျွန်တော်တို့ကို တွေ့တာနဲ့ ယောက်ျားသားဖြစ်တဲ့သူက မိန်းမဖြစ်သူကို အတင်းလက်ဆွဲပြီး ပြေးသွားလို့လေ‥"

"အား ဆရာလေးကလဲ ဆရာလေးတို့လက်ထဲက သေနတ် တွေတွေ့လို့ ဘာရယ် ညာရယ်မဟုတ် ကြောက်လန့်ပြီး ပြေးသွားတာ ဖြစ်မပေါ့‥‥"

"အဲဒီလိုလဲ မဟုတ်နိုင်ဘူး"

လင်းမြင့်လှိုင်က ဝင်ပြောလေသဖြင့်

"ဘာရယ် ရှင်းအောင်ပြောပါလား ဆရာလေး‥"

စောတာပုက လင်းမြင့်လှိုင်မျက်နှာကို စေ့စေ့ကြည့် မေးလေ တော့၏။

"ကျွန်တော်တို့နဲ့ မျက်နှာချင်းမဆိုင်ချင်တာမဟုတ်၊ သူတို့နှစ်ယောက်ကြည့်ရတာ ဘယ်သူနဲ့မှ မျက်နှာချင်းမဆိုင်ပဲ ရှောင် နေချင်တဲ့ သဘောဗျ။ သည်တော့ သူတို့ နှစ်ယောက် လူမသိစေ ချင်တဲ့ ကိစ္စရှိနိုင်သဗျ။ နို့ကြောင့် ကိုပိုက်က စပ်စုချင်တာလေ‥ ဟင်း‥‥ဟင်း"



သို့ လင်းမြင့်လှိုင်ပြောလေမှ ဖထီတာပုသဘောပေါက်သွား ပုံရချေ၏။

"အေးလေ‥‥ နားမယ်ဆိုရင် နားပေါ့‥‥ ငါလည်း ဆာစောကအိပ်လိုက်တာမှာ သွေးလေသွားတယ်ကွ၊ အတော်ပဲပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးတွင် ညအိပ်စခန်း ချရန် ဆုံးဖြတ်လိုက်ကြတော့၏။

သို့မှ ထိုဝါးခုတ်တဲလေးတွင် မီးခိုးတလူလူထွက်လာချေ သော့၏။

သို့မှ ညနေစောင်းလေးတွင် ကျွန်တော်တို့ ဝါးခုတ်တဲပေါ် တွင် သုံးယောက်မျက်နှာချင်းဆိုင်ပြီး နားနေ စားသောက်ဖြစ်ကြချေ သော့၏။

"ကိုပိုက် အစီအစဉ် ဘယ်လိုတုံး"

သို့ မေးလာသည့် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေပြီး

"မမှောင်ခင် သူတို့တက်သွားတဲ့ ချောင်းကမ်းပေါ် သွားကြည့် ချင်တယ်"

"ဟုတ်ပြီ သည်တစ်ခွက်လက်စဖြတ်ပြီး သွားတာပေါ့"

"မင်းတို့ သွားကြပါချေတော့၊ ငါတော့ နားဦးမယ်‥ "

စောတာပုက ပြောလေ၏။ သို့မှ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် လက်စသပ် ပြီးသည်နှင့် ချောင်းအတိုင်း ဆန်တက်ရောက်ခဲ့ကြပြီး နေ့လယ်က မြင်လိုက်သော အမျိုးသားနှင့် အမျိုးသမီး တက်သွားသည့် ချောင်းကမ်းပေါ် တက်လိုက်ကြ၏။ ထိုနေရာ ချောင်းကမ်းပေါ်တွင် သော့ မျှင်ဝါးများပေါက်လျက်ရှိချေ၏။ အတွင်းဘက်ကျင်မတော့ ချုံပျပ်ပင် အနည်းငယ်နှင့် သစ်ပင်ကြီးငယ်တို့ ပေါက်ရောက်လျက်

www.burmeseclassic.com

ရှိချေ၏။ အောက်အခြေတွင်မူကား ဝါးရွက်ကြွေ သစ်ရွက်ကြွေတို့ အတော်များများရှိချေသဖြင့် သူတို့ ခြေရာကို မတွေ့ကြရပါချေ။

"သူတို့ ဘယ်သွားမယ်ထင်လဲ"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။ လင်းမြင့်လှိုင်က ပတ်ဝန်းကျင်ကို စေ့စေ့ငုကြည့်လိုက်ချေပြီး

"ရေနားမယ် ဆင်လမ်းဟောင်းလေးဖြစ်မယ်၊ အဲဒီအတိုင်း သွားကြမယ်"

လင်းမြင့်လှိုင်က သို့ပြောပြီး ဆင်လမ်းဟောင်းထင်ရသည့် နေရာသို့ ဓားတိုးလျှောက်သွားလိုက်ချေသဖြင့် ကျွန်တော်သည် နောက်မှ လိုက်သွားလေ၏။

လင်းမြင့်လှိုင် ထင်ထားသလို ထိုနေရာသည် ဆင်လမ်းဟောင်းနေရာဖြစ်ချေ၏။ သူတို့ခြေရာလက်ရာမတွေ့ဆိုပေမင့်

"သည်လမ်းဟောင်းအတိုင်း သွားတာပဲဖြစ်မယ်၊ ကျွန်တော်တို့ ရှေ့ဆက်အနည်းငယ်လိုက်ရှာကြမလား"

လင်းမြင့်လှိုင်က ပြောလည်းပြော ကျွန်တော်၏ သဘောတူညီချက်ကို မစောင့်တော့ဘဲ ဆင်လမ်းဟောင်းအတိုင်း ရှေ့မှ လှမ်းသွားလေတော့၏။ ဆင်လမ်းဟောင်း တစ်ဖက်တစ်ချက်တွင်မူကား သစ်ပင်ကြီးတို့ကျဲတဲဆိုပေမင့် ချုပ်နွယ်ပင်တို့ ရှိချေ၏။

သူတို့သည်လည်း ထိုဆင်လမ်းဟောင်းအတိုင်း သွားကြဖို့ သေချာပေ၏။ သို့မှ

"ကိုပိုက်ရေ သည်ဆင်လမ်းဟောင်းအတိုင်း လျှောက်လာတာမှာ ဘာထူးခြားမှု ရှိတယ်ထင်တုံး"



သို့ လင်းမြင့်လှိုင် အမေးကြောင့် ကျွန်တော် အံ့ဩသွားတော့၏။

"ဘာကို ဆိုလိုတာလဲ ကိုလင်း"

သို့ မေးလိုက်၏။

"ကျွန်တော်တော့ သည်လမ်းဟောင်းအတိုင်း ဆက်သွားချင်တဲ့ စိတ်ဖြစ်မိတယ်ဗျာ"

"နို့တော့ မဖြစ်ဘူး"

ကျွန်တော်က ပြောလိုက်၏။

"ဘာလို့တုံး"

"သူတို့က မနက်ကတည်းက သွားကြတာလေ၊ ခုပြေးလိုက်ဦးတော့ သူတို့ကို မိစရာ အကြောင်းမရှိ၊ အဲဒီတော့ ဘာလို့ လိုက်ရမှာတုံး ကျွန်တော်တို့တာသာ ခရီးရှည်ပြီး အပြန် အချိန်လင့်သွားတော့မပေါ့"

"ကိုပိုက်ပဲ သူတို့ ၂ ယောက်ကို စပ်စုချင်တယ်ဆို"

"နို့တော့ နို့ပေါ့ဗျာ နို့ပေမင့် မနက်မှ သွားရင်းလာရင်း တစ်စေ့တစ်စောင်း လေ့လာတာလောက်ပါ"

သို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"ကျွန်တော်တော့ စိတ်ပြောင်းသွားပြီ"

"ဘာရယ် ... ကိုလင်း ဘာပြောလိုက်တယ်.."

"ကျွန်တော်.. သည်လမ်းအတိုင်း ရှေ့ဆက် သွားချင်တာပဲ တစ်စုံတစ်ခုတော့ ရှေ့တစ်နေရာမယ် ထူးခြားမှု တွေ့လိမ့်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က ပြုံး၍ ကြည့်လိုက်ပြီး

"ကိုလင်း နောက်နေပြန်ပြီ၊ စခန်းမယ် ဖထီတာပုရှိ တယ်လေ"

လင်းမြင့်လှိုင်က ကျွန်တော့်ကို နောက်ပြောင်ကျီစယ် လေသည်ထင်၍ သို့ ပြောလိုက်ပေမင့်

"ကိုပိုက် ကျွန်တော် တကယ်ပြောတာဗျ၊ ကျွန်တော် နောက်ပြန်မလှည့်ချင်တော့ဘူး၊ တစ်နေရာမယ် ထူးခြားမှု ရှိကိုရှိမယ်ဗျ"

"ဗျာ"

ကျွန်တော် လင်းမြင့်လှိုင်ကို ထူးဆန်းသူတစ်ယောက်နှယ် ငေးကြည့်မိချေတော့၏။

"ကိုပိုက်ရယ်၊ တကယ်တော့ ကျွန်တော် ဟောဒီဟာလေး တွေ့လိုက်တော့ကာ ရှေ့ကို ခရီးမဆက်မဖြစ် ဆက်သင့်တယ်လို့ ထင်လိုက်တယ်ဗျ"

သို့ ပြောလည်းပြော ကျွန်တော်ကိုလည်း လှမ်းတစ်စုံ တစ်ရာကို လက်ညှိုးထိုးပြလာလေ၏။

"အလိုလေးဗျာ"

လင်းမြင့်လှိုင်ပြသော အရာကို ကြည့်ပြီး ကျွန်တော် မှင်တက်မိသွားချေတော့သည်။

ထိုသည်ကား လက်ကောက်ဝတ်လေးမှ ပြတ်နေသော လက်တစ်ချောင်းဖြစ်ချေတော့၏။

အသားစတို့ ဖွာလံကျဲနေ၏။ မြေကြီးများ ကပ်ငြိနေသဖြင့် သွေးတို့ ယိုစီးနေခြင်းမရှိပါချေ၊ ထိုလက်ပြတ်သည် ယောက်ျားသား



တစ်ယောက်၏ လက်ဖြစ်နေချေတော့၏။

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ ကိုလင်းဘယ်အချိန်ကတွေ့လို့ ကောက်လိုက်တာလဲ"

"စောစောကလေ၊ ကိုပိုက်တောင် ကျွန်တော့်ရှေ့ ဟပ်ထိုးလဲ ကျသွားတယ်ထင်ပြီး"

"ကိုလင်း ခလုတ်တိုက်မိပြီ" လို့တောင် လှမ်းပြောလိုက် သေးတယ်လေ အဲဒီအချိန်တုန်းက ကောက်ရလိုက်တာ"

"အဲဒီတုန်းက.."

"ကျွန်တော်ထင်တယ်၊ နေ့လှယ်က တွေ့တဲ့ ယောကျ်ားနဲ့ မိန်းမတို့နဲ့ ပတ်သက်မှု ရှိလိမ့်မယ်"

"ကိုလင်းပြောချင်တာက အဲဒီတုန်းက ယောကျ်ားသားရဲ့ လက်လို့ ဆိုလိုချင်တာလား"

"ဖြစ်နိုင်တယ်ထင်တာပဲ"

"ဗျာ"

"ကဲ ဘယ်လိုလဲ ကျွန်တော့် သဘောကို လက်ခံနိုင်ပြီလား"

"ဘာကိုလဲဟင်"

"အော် စောစောက ကျွန်တော်ပြောသလို စခန်းမပြန်တော့ ဘဲ ရှေ့ဆက်လျှောက်ချင်တယ်ဆိုတာလား..."

သို့ဆိုတော့

"တာပုကို ဘယ်လိုလုပ်မလဲ ..."

"သူ ကျွန်တော်တို့ ပြန်လာနီးစောင့်ရင်း အိပ်ပျော်သွားနိုင် ပါတယ်...၊ သူ့အိပ်ရာကနိုးလျှင် မိုးလင်းလောက်ပြီပေါ့..."

အအိပ်ကြီးသော စောတာပုအကြောင်းသိနေ၍ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင် ဆိုလိုခြင်းကို သဘောပေါက်လိုက်တော့၏။

ညဘက် ကျွန်တော်တို့နှစ်ယောက် စခန်းပြန်မရောက်လို့ တာဝန်အတွက် ပြဿနာ မရှိနိုင်ဘူးဟု ဆိုလိုခြင်းဖြစ်၏

လင်းမြင့်လှိုင်သည် လက်ပြတ်ကြီးကို ဖက်ရွက်တို့ဖြင့် ထုတ်ပိုး၍ မရှုံ့မရှာ ဘောင်းဘီအိတ်အတွင်း ထည့်လိုက်၏။

"ကိုလင်း"

ကျွန်တော် တအံ့တသြမေးငေါ့ မေးလိုက်၏။ လင်းမြင့်လှိုင်က ပြုံးစိစိလုပ်နေလေပြီး

"ဆာလျှင် ချက်ပြုတ်စားတာပေါ့" ဟု နောက်ပြောင်ကျီစယ်လာချေတော့၏။

ဘုရားရေ အော့နှလုံးနာစရာ ကောင်းလွန်းပါကလား။

"အော့"

အော့အန်ချင်စိတ်ဖြစ်သွားမိ၏။

ကာယကံရှင်ကိုယ်တိုင် သူ့လက်ပြတ်ကို ယူမသွားတာပဲဗျာ။ ဘာလုပ်ဖို့တုန်း။ ပစ်ထားခဲ့ပါ။ အဲလိုမှ မလုပ်လိုလျှင်ဖြင့် မြေမြှုပ်ခဲ့ချေပေါ့ဗျာ"

သို့ ကျွန်တော်က မသတိ၍ ပြောလိုက်၏။

"ကိုပိုက်ထင်သလိုလည်း ဖြစ်ချင်မှ ဖြစ်မှာပါ။ ကာယကံရှင်က သူ့လက်ကို ပြန်လိုကောင်း လိုပါလိမ့်မယ်၊ နို့ကြောင့်ပါ"

သို့ ပြောလာသည့် လင်းမြင့်လှိုင်ကိုကျွန်တော်က အံ့သြတကြီး ကြည့်လိုက်ချေပြီး...

"ကိုလင်းရယ် သည်လက်ပြတ်ကြီးက ခုတော့ လတ်လတ်ဆတ်ဆတ်ကြီးဆိုပေမင့် အချိန်တွေကြာသွားလျှင် ပုပ်လာတော့ မပေါ့



.. မပုပ်မသိုးအောင် ဘယ်လိုလုပ်လို့ ဖြစ်နိုင်မှာတုံး..."

သို့ ကျွန်တော်က ဖြစ်နိုင်ချေကို ပြောလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က

"အချိန်တစ်ခုတော့ ခံပါလိမ့်မယ်ထင်ပါရဲ့"

"ကိုလင်းပြောပုံက ခု ကျွန်တော်တို့ သူ့ကို တွေ့နိုင်မယ် ဆိုတဲ့ သဘောပေါ့"

ကျွန်တော့်အမေးကို လင်းမြင့်လှိုင်က ခေါင်းညိတ်ပြ ပြုံးလိုက်ချေ၏။

သို့ဆိုတော့ ကျွန်တော် သူ့ဦးဆောင်မှုနောက် လိုက်သွားရုံသာရှိတော့သည်။ သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုတောင်ကြောလေးမှ ခွာခဲ့ကြတော့၏။ အတန်ကြာကြာခရီးအရောက်တွင် မှောင်စပြုံးချေပြီဖြစ်တော့၏။

"ဘယ်လိုလဲ"

ကျွန်တော်ကမေးလိုက်၏။

"ဘာကိုလဲ"

လင်းမြင့်လှိုင်က ပြန်မေးလာလေသဖြင့်

"သည်လက်ပြတ်ကြီးပိုင်ရှင် မတွေ့နိုင်လောက်တော့ဘူးပေါ့"

"အော်..နို့လား အင်း ကျွန်တော်တို့ ခရီးမရပ်သေးဘူးလေ"

လင်းမြင့်လှိုင်ပြောပုံအရ ကျွန်တော်တို့ မှောင်မည်းမည်း ခရီးဆက်ကြဦးမည့် သဘောပါကလား။

သို့မှ ကျွန်တော်တို့သည် တောတိုးလာသော တောင်ကြောစွယ်မှ အောက်ခြေသို့ ဆင်းလာကြပြန်၏။

"ကျွန်တော်တို့ မြောင်ထဲသို့မဟုတ် ချောင်းထဲက သွားကြစို့

www.burmeseclassic.com

www.burmeseclassic.com


ဗျာ"

သို့ လင်းမြင့်လှိုင်က ပြောရင်း ရှေ့မှ တောတိုးဆင်းသွားချေ၏။

"ကျွန်တော်တို့ ချောင်းမြောင်ထဲရောက်လျှင်ဖြင့် အလင်းပြန်ရမှာပါ..."

သို့ဆိုတော့ လင်းမြင့်လှိုင်သဘောသိလိုက်တော့၏။

"နို့ဖြင့် ကျွန်တော်တို့ ချောင်းအတိုင်း ညာဘက်ခရီးဆက်မှာပေါ့"

"အင်း"

"ဘာဖြစ်လို့များ....."

ကျွန်တော့် အမေးစကားမဆုံးလိုက်ချေ...

"သည်လက်ပိုင်ရှင်အတွက်" လို့ လင်းမြင့်လှိုင်က ပြောလေ၏။

အလိုလေးဗျာ.. ကျွန်တော် လင်းမြင့်လှိုင်၏ သဘောထားကို ဘယ်လိုခန့်မှန်းရမှန်းမသိ ဖြစ်ရချေတော့၏။

"ကိုလင်း သဘောက အဲဒီကပိုင်ရှင်က သူ့လက်သူ့လိုချင်တယ်ဆိုတဲ့သဘောကို သိနေတယ်ဆိုလိုတာလား"

"နို့ပေါ့ဗျာ.. ဘယ်သူက အင်္ဂါမစုံဖြစ်ချင်ပါ့မလဲ၊ သေးယူပြီးနေတုန်း အချိန်မီ ပြန်ဆက်လို့ရတယ်လေ..."

"အဲ့ဒီလူ ဘယ်သူဆိုတာ မသိဘူး။ ကျွန်တော်တော့ ကိုလင်းကို အဲဒီလူအစား ကျေးဇူးတင်စကား ပြောရမလို ဖြစ်နေပြီ..."

"အော်.. နို့တော့ ကိုပိုက်ရယ်.. ကိုယ်ချင်းစာစိတ်ဆိုတာ ထားသင့်ကြပါတယ်... အကယ်၍ သူ့လက်ကို သူပြန်တမ်းတနေ



ချိန် ကျွန်တော်တို့နဲ့တွေ့ပြီး သူ့လက်ပြန်ပေးလိုက်မယ်ဆိုလျှင် ဘယ့်လောက်ဝမ်းသာသွားလိမ့်မလဲ"

"ဟုတ်ပါပြီ"

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းသို့ ရောက်ခဲ့ကြတော့၏။ ချောင်းကျယ်ကြီးဖြစ်ချေ၏။ ရေစီးမရှိပါချေ၊ ရေလုံးဝ ခန်းခြောက်နေခြင်းတော့ဖြင့်မဟုတ်ချေ။ ဟိုတစ်နေရာ သည်တစ်နေရာဆိုသလို ရေအိုင်များရှိချေ၏။

ချောင်းကျယ်အလယ်တွင်ကာဒက်ပင်လေးများရှိကြ၏။ ထိုအပင်များ၏ ကိုင်းခက်တို့တွင် ရေစီးဖြင့် မျောလာသည့် အမှိုက်သရိုက်များ တင်ကျန်ခဲ့သည်ကို တွေ့ရ၏။

ချောင်းအလယ်တွင် ကျောက်တုံးကျောက်ခဲများနှင့် သဲကြမ်းတို့ရှိချေ၏။

ချောင်းကျယ်သဖြင့် ချောင်းကမ်းတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများကိုင်းတို့ကွဲတဲနှင့် ဝါးရုံပင်ပုများသာရှိသဖြင့် လင်းထိန်လို့နေချေ၏။

မိုးကောင်းကင်ယံမှ မိုးသားအပြာရောင် နောက်ခံရှိသေးသဖြင့် မိုးငြိုးဖြူဖြူနှင့် ငှက်ကောင်တို့ အိပ်တန်းဝင် ပျံသန်းနေသည်ကိုလည်း တွေ့ရသေး၏။

ချောင်းစပ်အတွင်း သစ်ပင်ကြီးများထက်တွင် ဝဲပျံနေသည့် ငှက်ကောင်များကိုလည်း တွေ့ရသလို အိပ်တန်းဝင်ဟု ပြော၍ရသည့် ပင်ကိုင်းတစ်ဖက်မှ တစ်ဖက်သို့ ကူးလူးအော်ဟစ်နေသော မျောက်ကောင်တို့ကို တွေ့ရ၏။

"ကိုလင်းရေ မျောက်တစ်ကောင်ပစ်ချေမှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက်နားချင် စားချင်လို့လား"

"အဲ့လိုလဲ မဟုတ်ပါဘူး။ နေမယ်ဆို သည်တစ်ည နေလို့ရပါ သေးတယ်၊ မြင်တော့လဲ ပစ်ချင် စားချင်စိတ် ဖြစ်လာလို့ပါ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချေပြီး

"ဟင်း‥ ဟင်း‥ဟင်း‥ဟင်း‥ နို့မြင့်လည်း ပစ်တာပေါ့ အင်း မျောက်ကောင်ကို အသားဖျက်၊ မီးကင်စားကြမယ်ဆိုလျှင်ဖြင့် အချိန်တော့အတော်ပေးရလိမ့်မယ်‥‥"

"ဘာကို ဆိုလိုချင်တာလဲ‥‥" ကျွန်တော်က နားမလည် သဖြင့် မေးလိုက်၏။

"အော် သည်လက်ပြတ်ပိုင်ရှင်ကို တွေ့ချင်လို့"

သို့ဆိုတော့ ကျွန်တော်လွန်မင်းစွာ စိတ်ပျက်သွားမိတော့၏။ လင်းမြင့်လှိုင်ဘာတွေကြောင့်များ သည်လောက်ဖြစ်နေရတာပါလိမ့်။

ပြောရမည်ဆိုလျှင် အနေသာကြီးရယ် မဟုတ်ပါကလား။

"ကိုပိုက် စိတ်ညစ်နေပြီလား။ တကယ်တော့ ကျွန်တော် သည်လက်ပြတ်ပိုင်ရှင်ကို တွေ့ချင်တာ အံ့သြစရာကောင်းလို့ပဲ"

"အလိုလေးဗျာ"

"ဟုတ်တယ် ကျွန်တော်တို့ မြင်လိုက်တဲ့ မိန်းကလေး တစ်ယောက် ယောက်ျားလေးတစ်ယောက်၊ ခု ယောက်ျားလေးလက် ဖြစ်နေတယ်၊ သည်တော့ သူတို့နှစ်ယောက် ဘယ်လိုတွေ ပတ်သက် လဲ ပြီးတော့ ကျွန်တော်တွေ့သလို ကိုပိုက်လဲတွေ့တယ်မဟုတ်လား ယောကျာ်းက ထောင်ထောင်မောင်းမောင်း မိန်းကလေးက ခပ်သေးသေး ညှက်ညှက်လေး"



သို့ဆိုတော့ ကျွန်တော် ပြန်မြင်မိ၏။ လင်းမြင့်လှိုင်ပြောသလို ယောက်ျားသားသည် ထွားကြိုင်းလွန်းသည် မဆိုနိုင်ပေမင့် မိန်းကလေး ထက်တော့ အလွန်ပို၍ ခန္ဓာကိုယ် ကြီးသည်ကို တွေ့၏။

မိန်းမပျိုက သေးသေးညှက်ညှက်၊ သို့ဆိုတော့ စိတ်ဝင်စား ရာဖြစ်၏။

လက်ပြတ်ကိုကြည့်ပြောရလျှင် သားကောင်တစ်ကောင် ကောင် ကိုက်၍ ပြတ်ကျန်ခဲ့ခြင်းမဟုတ်နိုင်၊ ထက်သောအရာဆိုပါစို့ အဖြင့်ခုတ်ဖြတ်ထားသလိုပင် သို့ဆိုတော့ သည်တောတစ်ပိုက်တွင် သူတို့ နှစ်ယောက်အပြင် ဘယ်သူရှိသေးလို့ပါလိမ့်၊ သို့တည်းမဟုတ် နှိမ်နွဲ့သွယ်သွယ်မိန်းမပျိုက ထွားကြိုင်းသော ယောက်ျားတစ်ယောက် ၏ ညာလက်ကို ဘာကြောင့် ဘယ်လို ဖြတ်တောက်ခဲ့ရတာပါလိမ့်။

"အေးဗျ"

ကျွန်တော်သည်ပင် ယခုမှ စဉ်းစားမိသလို ပို၍ စိတ်ဝင်စား သွားရချေတော့၏။ ကျွန်တော် လင်းမြင့်လှိုင် ကို လှမ်းကြည့်လိုက် သည်တွင်

"ဒိန်း"

လင်းမြင့်လှိုင်တစ်ယောက် ကျွန်တော်နှင့် ခပ်လှမ်းလှမ်း ရောက်သွားချေပြီးဖြစ်သလို သူ့လက်တွင်းရှိသေနတ်ဖြင့် ချောင်းကမ်း နံရှိ သစ်ပင်ကြီးတစ်ပင်ပေါ်မှ မျောက်ကောင်ကို လှမ်းပစ်လိုက်ခြင်း ဖြစ်တော့၏။

အလိုလေးဗျာ‥ မျောက်ကောင်သစ်ပင်ထက်မှ ပြုတ်ကျလာ လေ၏။

အရပ်ကြီးပြုတ်ဖြစ်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဝမ်းသာသွား၏။

"မျောက်တံငါတော့ မဟုတ်လောက်ပါဘူး"

သို့ လှမ်းပြောလိုက်ရင်း ထိုမျောက်ကောင်ပြုတ်ကျရာသို့ ပြေးသွားလိုက်၏။

"မျောက်တံငါတော့ မဟုတ်ဘူး၊ မျောက်မြီးရှည်ပါဗျ"

လင်းမြင့်လှိုင်က ပြောလာချေတော့၏။

ကျွန်တော်မျောက်ကောင်ကို ကောက်ယူမည်အလုပ်တွင်

"ရှပ်ရှပ်...ဖလပ်..ဖလပ်..ဝေါ..ဗရော..ဝေါ"

အလိုလေးဗျ ချောင်းကမ်းပေါ်မှ တောတိုးပြေးလွှားသံဖြစ်၏။ သို့ အသံသည် ချောင်းကမ်းနံ့ဘေးတွင် ပေါက်နေသည့် သစ်ပင်ကြီး နောက်ကွယ်မှ ရုတ်ခြည်းနောက်လှည့်ပြေးသွားသံပင်ဖြစ်နေခြင်းကြောင့် ကျွန်တော်သည်ပင် ကပျာကသီပြေးသွားသည့် အရာကို လှမ်းကဲကြည့်လိုက်ချေ၏။

"ဟာ"

လူတစ်ယောက်ပြေးသွားခြင်းဖြစ်၏။

ကျွန်တော်တအံ့တသြဖြစ်နေစဉ်မှာပင်

"ဒိန်း"

ကျွန်တော်နောက်ကွယ်မှ ဖြတ်သန်းသွားသော သေနတ်သံကို ကြားလိုက်ခြင်းဖြစ်၏။ သို့ သေနတ်သံနှင့်အတူ ပြေးလွှားသွားသောသူသည် ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့၏။

"အလိုလေးဗျ..လင်းမြင့်လှိုင် လှမ်းပစ်လိုက်ခြင်းဖြစ်၏။

"ဘုရားရေ..."



ကျွန်တော်နားမှ ဖြတ်ပြေးသွားသော လင်းမြင့်လှိုင်ကို ငေးမော ကြည့်နေသည်မှာ လွဲ၍ အခြားမည်သည့်စကားမျှ မပြောနိုင်ပါချေ။

ငေးမောလို့သာ တအံ့တသြကြည့်နေမိတော့၏။

ကျွန်တော်သည် မျောက်ကောင်ကိုပင် မကောက်အား။

လင်းမြင့်လှိုင်သည် လဲကျသွားသူထံ သွားနေခြင်းဖြစ်၏။

လင်းမြင့်လှိုင်သည် လဲကျနေသူကို ဆွဲထူလိုက်၏။ ပြီး ဖေးမယူ ကျွန်တော့်ထံ ပြန်လျှောက်လာလေ၏။

"ဟူး.. တော်ပါသေးရဲ့၊ လင်းမြင့်လှိုင်ခြောက်လှန့်ပစ် လိုက်ခြင်းဖြစ်၏။ ကြည့်ရသည်မှာ သူ့ကိုယ်နှိုက်အပြေးမြန်ခြင်း အရှိန်လွန် ကြောက်လန့်တကြားဖြင့် မှောက်လဲသွားခြင်း ဖြစ်နိုင်၏။

သို့ဆိုတော့ ကျွန်တော် မျောက်ကောင်ကို ကုန်းကောက် လိုက်၏။

ကျွန်တော်မျောက်ကောင်ကို ကောက်ယူပြီးပြန်အမတ်တွင် လင်းမြင့်လှိုင်နှင့် ထိုလူ အနားရောက်နေချေတော့၏။

"ဟင်"

ထိုသူသည် ညာလက်ပြတ်နေသူဖြစ်ချေတော့၏။

ကျွန်တော် လင်းမြင့်လှိုင်ကို အထင်တကြီး ငေးမောကြည့် နေတော့၏။

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း ကျွန်တော်အား သွားတက် ပေါ်ရုံပြုံးပြလာချေပြီး

"ကျွန်တော်တို့ နောက်ဘက်ပြန်သွားမယ်၊ နောက်ကကွေ့ လေးနေရာမယ် ခြေခင်းလက်ခင်းသာတဲ့နေရာရှိတယ်၊ ပြီးတော့ ကိုပိုက် သတိထားမိလားမသိဘူး၊ ချောင်းကမ်းကြောစွယ်ပေါ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဝါးခုတ်တဲပေါင်းတစ်လုံးရှိတယ်...”

“အင်း သတိထားမိတယ်.. ကျွန်တော်က လူရှိတယ်ထင်တာ”

“မရှိဘူး လာသွားကြစို့ လာလိုက်ခဲ့ချေ...”

လင်းမြင့်လှိုင်က ထိုသူ၏ ဂုတ်ပိုးကိုကိုင်၍ ဆွဲခေါ်လာချေ၏။ ကျွန်တော်သည် မျောက်ကောင်ကို ထမ်း၍ ရေမှ လျှောက်ခဲ့တော့၏။

“အော်ဘက်ပြန်ခရီး ချောင်းအကွေ့လေးအရောက်တွင် ဝါးခုတ်တဲကို တွေ့လိုက်ချေ၏။

“သည်ဝါးတဲက လူတွေ သည်ကထွက်သွားတာ ရက်ပိုင်းလောက်ပဲရှိဦးမယ်”

ကျွန်တော်က ဝါးခုတ်တဲ၏ အနေအထားကိုကြည့်၍ ပြောလိုက်၏။

“ဟုတ်တယ်” လင်းမြင့်လှိုင်ကလည်း ထောက်ခံလေ၏။

သို့မှ ကျွန်တော်သည် မျောက်ကောင်ကို တဲရှေ့မြေပြောင်ပြောင်တွင် ချလိုက်လေပြီး

“ကျွန်တော် ဝါးကိုင်း သစ်ကိုင်းတွေ ရှာချေဦးမယ်”

ဆိုလျက် ထိုနေရာမှ ထွက်ခဲ့ချေ၏။ လင်းမြင့်လှိုင်နှင့်ရှိနေသူကို ကျွန်တော်စိတ်ဝင်စားခြင်းထက် ဆာလောင်ခြင်းကို ဖြေရှင်းလို၍ ဖြစ်ချေ၏။

သို့မှ အချိန်မကြာလိုက်သောအချိန်တွင် ထင်းမီးပုံကြီးဖြစ်တော့၏။ ကျွန်တော်ကပင် မျောက်ကောင်ကို အရေဆုတ်



အသားဖျက်ပြီး ဖြစ်လေ၏။

လင်းမြင့်လှိုင်နှင့် ထိုသူကတော့မူ တဲပေါ်တွင် ဘာတွေတွတ်ထိုးပြောနေသည်ကို မသိချေ။

အတန်ကြာလေမှ

နှစ်ယောက်စလုံး ကျွန်တော်နားရောက်လာကြ၏။ ကျွန်တော်သည် ထင်းမီးပုံနံဘေးတွင် အသားကင်တို့ကို တစ်ဖက်တစ်ချက်လှည့် ပေးနေခြင်းဖြစ်၏။

“ကိုပိုက် အတော်ဆာနေပြီထင်တယ်”

လင်းမြင့်လှိုင်က အနားရောက်လာသည်နှင့် သို့ပြောလေသဖြင့် မော့ကြည့်လိုက်၏။

သို့မှ လူစိမ်းကို စေ့စေ့ကြည့်မိလိုက်ခြင်းဖြစ်၏။ အသက်အားဖြင့် သုံးဆယ်ဝန်းကျင်လောက်သာရှိရှိမည်။ မေးရိုးကားကား နှာခေါင်းပြားပြား မျက်လုံးမှေးမှေးဖြစ်ချေ၏။ ကရင်လူမျိုး သို့တည်းမဟုတ် ဘရုတ်သွေးစပ်သူဖြစ်နိုင်၏။

သူ့လက်ကောက်ဝတ်တွင် အဝတ်စနှင့် ပတ်ချည် ဖုံးအုပ်ထားသည်ဆိုပေမင့် သွေးတို့ စိုရွှဲနေ၏။

“မင်းသည်ပုံစံနဲ့ လျှောက်သွားနေလျှင်ဖြင့် ခက်ရချည်သေးရဲ့ သွေးထွက်လွန်ပြီး ဒုက္ခဖြစ်သွားနိုင်တယ်”

လင်းမြင့်လှိုင်က ပြောလိုက်၏။

“နို့ ကျုပ်က သည်အတိုင်း ထိုင်နေရမှာလား။ ကျုပ် တင်းခံချည်ချင်လို့ တောတောင်ထဲ လျှောက်သွားနေရတာပေါ့”

ထိုလူက လင်းမြင့်လှိုင်ကို မကြေမနပ်ကြည့်၍ပြောလေ၏။

“မင်း ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ်...”

www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင်က ပြောလိုက်ချိန်တွင် ထိုသူက လင်းမြင့်လှိုင်ကို နှုတ်ခမ်းရွဲ့ မချိပြုံးပြုံးလိုက်ချေပြီး

"ဘာလို့ ကောင်းရမှာလဲ ကျုပ် ခင်ဗျားတို့နဲ့ သည်အတိုင်း နေလိုက်ကတော့ ဘာဖြစ်လာမှာတုန်းဗျာ၊ ကျုပ်ဒဏ်ရာကို ဘာလုပ်ပေးနိုင်မှာတုံး…"

သို့ဆိုတော့ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး

"မင်းလက် ငါပြန်ပေးမယ်"

"ဗျာ"

သို့ဆိုတော့ ထိုလူ အံ့အားသင့်သွားချေတော့၏။ လင်းမြင့်လှိုင်က သို့ပြောပြီး သူ့ဘောင်းဘီအိတ်အတွင်းမှ လက်ပြတ်ကြီးကို ထုတ်ပေးလေ၏။

"ဘုရားရေ…"

သူအံ့ဩသွားချိန်မှာပင်

"မြန်မြန်လုပ်ချေ"

ဆိုလျက် လင်းမြင့်လှိုင်က ထိုလူ့လက်ကောက်ဝတ်တွင် ချည်နှောင်ဖုံးအုပ်ထားသည့် အဝတ်စကို ဖြုတ်လိုက်၏။ လက်ပြတ်ကြီးကိုထုတ်ပိုးထားသည့် ဖက်ရွက်တို့ကို ဖြေထုတ်လိုက်ပြီး ထိုလူ့လက်ကောက်ဝတ်တွင် လက်ပြတ်ကြီးကို တေ့ဆက်ပေးလိုက်ချေတော့၏။

"ကိုင်ထားချေ"

ဆိုလျက် လင်းမြင့်လှိုင်က သူ၏ အပေါ်အင်္ကျီကိုချွတ်၍ တစ်စစီဖြဲလိုက်ကာ ထိုသူ၏လက်ကို ချည်နှောင်ပေးလိုက်၏။



ထိုသူ သတ္တိအကောင်းသားပါကလား၊ တစ်ချက်ကလေး မျက်နှာရှုံ့သွားခြင်း မမြင်ရပါချေ…

ပြီးလေမှ

"မင်းပြောပြနိုင်မလား။ ဘယ်လိုဖြစ်တာလဲ"

သို့ဆိုတော့ ထိုလူသည် ပြောသင့်မပြောသင့် စဉ်းစားနေဟန်ပြုလိုက်ချေပြီး

"ယုံတာမယုံတာ ခင်ဗျားတို့သဘောနော်… ကျုပ်ပြောနိုင်တာပြောမယ်"

"အလိုလေးဗျ၊ ပြောနိုင်သလောက်ပြောမည်ဆိုတော့ မပြောနိုင်တာ ဘာတွေရှိနေသေးလို့ပါလိမ့်"

"ကြိုက်တယ် မင်းပြော … ယုံတာ မယုံတာ ငါတို့ဘာသာဆုံးဖြတ်မယ်၊ အေး… တစ်ခုတော့ရှိတယ်၊ လိမ်ညာပြောတာတော့ မဖြစ်သင့်ဘူး"

သို့ဆိုတော့ သူတွေဝေသွားသည်ကြောင့်

"ဘယ်လိုလဲ… ဘာကိစ္စလိမ်ညာပြောဖို့ စဉ်းစားမိသွားရတာလဲ"

လင်းမြင့်လှိုင်က သို့ ပြောလိုက်သည်ကြောင့် ထိုသူသည် လင်းမြင့်လှိုင်ကို တအံ့တဩ ကြည့်လာချေပြီ။

"ရက်ဖို့တောင်ကောင်းနေပြီဗျာ" လို့ အစချီလိုက်ချေ၏။

"ဟင်း…ဟင်း…"

"အင်း"

လင်းမြင့်လှိုင်နှင့် ကျွန်တော်က သို့ ခပ်ဟဟရယ်မောပြလိုက်ချေ၏။

"ဟိုကောင်မ လုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူ"

"ဟိုကောင်မ"

"ငါတို့မှ မသိတာလေ၊ ဟိုကောင်မဆိုလို့ ပြီး ပြည့်စုံအောင် ပြောမှပေါ့"

သို့ကျွန်တော်ပြောလိုက်သည်တွင်

"သည်လို ဆိုလျက်···"

× × × × ×

"ဟယ်တော့ ကိုရင် ချစ်ထူး သူ့မိန်းမကို နှင်လွှတ်လိုက်ပြီ ပြောတယ်···"

"ဟုတ်ရဲ့လားဟယ် သူက သူ့မိန်းမကို သိပ်ချစ်တာ"

"ဟဲ့·· သူ့ကလေးက ငယ်သေးတယ်လေ··ဘယ်လိုလုပ် လဲ"

"အို နို့ကြောင့် ညည်းတာဝန်ယူလိုက်ပေါ့"

သို့ဆိုသလို နောက်သုံးလေးရက်တွင် ပြင်စလူရွာလေး၏ ...တွင်း (တစ်ရွာလုံးအသုံးပြုသည့်တွင်း) တွင် ရွာသူမများ ရေခပ်ရင်း ...တ်တိုးပြောဆိုနေကြ၏။

"ဟဲ့ ကိုရင်ချစ်ထူးက တည်လည်း တည်ကြည်တယ်၊ ...လည်း လှချောပါ ညည်းဘယ်လို သဘောရလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝုတ်‥ဝုတ်‥"

တဲပြင်ဘက်ရှိ ခွေးကောင်က သို့ဆိုသလို ခြံထိပ်သို့ လှမ်းကဲကြည့် ဟောင်နေလေသဖြင့် မီးအိမ်ရှင် ယောက်ျားသည် ထိုခွေး ဟောင်နေရာသို့ လှမ်းကဲကြည့်ပြီး တဲပေါ်မှ ကပျာကသီဆင်းသွားလေ၏။ ထိုလူ၏ လက်ထဲတွင်မတော့ မီးအိမ်နှင့် ဓားရှည်တစ်ချောင်းပါလေ၏။

"ဝုတ်‥ဝုတ်‥ ဝုတ်"

သို့မှ ခွေးကောင်သည် တဲရှင်နားမှကပ်၍ ပြေးလိုက်သွားချေပြီး ကျယ်လောင်စွာ အော်ဟစ်ဟောင်လေပြန်၏။

"ဟိတ်‥ မပြေးနဲ့ ‥ ‥မပြေးနဲ့‥"

သို့အသံနှင့်အတူ ထိုခြံစပ်မှ ထိုထွက်အမှောင်ရိပ်တွင် လူနှစ်ယောက် ပြေးလွှားသွားသည်ကို မှုဝါးဝါး တွေ့လိုက်ကြသည်ဖြစ်၏။

ထိုမီးအိမ်ရှင်လူက ရပ်တန့်လိုက်လေပြီး ထိုပြေးလွှားသွားသူ နှစ်ယောက်ကို လှမ်းကဲကြည့်လိုက်၏။

"ဘယ်သူတွေပါလိမ့်"

ပတ်ဝန်းကျင်တစ်ခွင် မှောင်နေသဖြင့် ဘယ်သူဘယ်ဝါပင်မဟုတ် ယောက်ျား၊ မိန်းမပင် မကွဲပြားပါချေ။

"ဝုတ်‥‥ဝုတ်‥‥ ဝုတ်‥"

"ဟ‥သည်ခွေးကောင်‥‥ကဲဟာ"

"ကိန် ‥ကိန်‥‥ ကိန်‥‥"

ရယ်စရာအကောင်းသားကလား။ ခွေးကောင်သည် သူ့သခင်ရပ်လိုက်သည်နှင့် သူသည်လည်း ရပ်လိုက်လေပြီး ပြေးလွှားသွားသူ နှစ်ယောက်ကို ကြည့်၍ ဟောင်နေသည်ကြောင့် မီးအိမ်ရှင်လူက စိတ်ပျက်သွားကာ ထိုခွေးကို လှမ်းကန်လိုက်ခြင်းကြောင့် ခွေးကောင်



သည် သို့နှယ် အော်ဟစ်ခြံတွင်းပြန်ဝင်သွားချေတော့၏။

"အလကားကောင် ပြေးသွားတဲ့လူနောက်တော့ မလိုက်ဘူး" သို့ မီးအိမ်ရှင်က ပြောလိုက်လေပြီး ခြံတွင် ပြန်ဝင်သွားမည် အလုပ်တွင်

"ဟာင်"

သူ့ခြေလှမ်းသည် မြေပြင်တွင်းရှိ တစ်စုံတစ်ရာနှင့် ထိကပ်သွားသည်ကြောင့် မီးအိမ်ရှင်ယောက်ျား ကောက်ယူကြည့်လိုက်၏။

"ဟာင်"

သူ့လုံးဝ အံ့သြသွားချေတော့၏။

ထိုပစ္စည်းလေးသည် မည်သူ့ပစ္စည်းဆိုတာ သူသိလိုက်ချေ၏။ တစ်ရွာလုံးတွင် သူတစ်ယောက်ထဲတွင်သာရှိသည်မဟုတ်ပါကလား၊ သူကောင်း ကောင်းသိ၏။ ဘယ့်တွက်မှု သူပေးထားသည့် ပစ္စည်းပေပဲ၊

သို့ဆိုလျှင်‥‥

"ခွေးကောင်မ ပြန်လာရဲ ပြန်လာကြည့် သေပြီသာမှတ်"

"တောက်"

သို့ဆိုသလို မီးအိမ်ရှင်လူက ကြိမ်းဝါးလိုက်ချေပြီး တဲတွင်း ပြန်ဝင်လာချေတော့၏။

"အူဝဲ‥ အဲ့‥‥အဲ့‥‥အဲ့ ‥အူဝဲ‥အဲ့"

တဲကြမ်းပြင်တွင် ပက်လက်အနေအထားဖြင့် ခြေကန်လက်ကန် ငိုနေသော ကလေးငယ်ကို ကြည့်လိုက်ချေပြီး

"နင့်အမေ ပျောက်မသွားပြီ‥ မင်းအမေ မဟုတ်နိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြောလည်းပြော ကလေးကိုလည်း ပွေ့ချီလိုက်၏။

"အူဝဲ·· အူဝဲ·· အဲ့ အဲ့··"

ကလေးငယ်သည် သို့သာ အနည်းငယ်မျှ ငိုယိုလိုက်ချေပြီး ထိုလူတွေ့ဗိုက်လိုက်သည့် တခဏတွင် ငြိမ်သွားလေတော့၏။

"ဟုတ်ပြီ··သမီး··· ဟုတ်ပြီ·· အဖေရှိတယ်၊ အဖေက လည်း အမေပဲဖြစ်ရမယ်···" သို့ပြောပြီး ကလေးငယ်ကို ပွေ့ချီ အတွင်းခန်းသို့ ဝင်သွားလေ၏။

သူ့လက်ထဲတွင်းရှိ စောစောက ကောက်ရလိုက်သော ပစ္စည်းလေးကို တဲပြင်သို့ လွှင့်ပစ်လိုက်ချေတော့၏။

သို့ ပစ္စည်းလေး သစ်ပင်ချုံပုပ်သစ်ကိုင်းခက်တို့ကို တိုးတိုက်မိ သံကြားရလေပြီးနောက် ထိုနေရာလေးသည် လုံးဝ တိတ်ဆိတ်သွား လေတော့၏။

× × × × ×

လမိုက်ညဖြစ်ခြင်းကြောင့် "ပြင်စလူ" ရွာကလေး၏ မိကြီးငယ်တို့သည် မှောင်ရိပ်တွင်ရှိသည်ဆိုပေမင့် ချိုးချိုးချွတ်ချွတ် သံတို့ ပတ်ဝန်းကျင်တစ်ခွင် ထိုးထွက်နေလေ၏။

လေအသင့်တွင်မတော့ စကားသံ မတိုးမကျယ်ကို ကြားရ လိမ့်မည်။ သို့မှ ကလေးငယ်၏အော်ဟစ် ငိုယိုသံ ကျယ်ကျယ် လောင်လောင် ထွက်လာချေ၏။

သို့မှ "ဟဲ့·· မိစမ်း··မိစမ်း·· ဘယ်ရောက်နေလဲ" သို့ သံနှင့်အတူ ရွာထိပ်ခြံကျယ်ကြီးတခုအတွင်းရှိ တဲတစ်လုံး တစ်ယောက်အသံနှင့်အတူ မီးအိမ်အလင်းသည် တဲပြင်သို့ အရှေ့ ရောက်လာလေ၏။

"ဝုတ်··ဝုတ်··ဝုတ်· "

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို တဦးသော မိန်းမပျိုက တစ်ဦးသော အမျိုးသမီး ကို ပြောလိုက်၏။

"အေးဟုတ်တယ်···နင်တို့က ငယ်ရည်းစားတွေဆို"

တစ်ယောက်က ပြောလာပြန်၏။

"ဟယ်··သွားစမ်းပါ··ငါနဲ့သူက ရေစက်မပါတာကိုး··· ပြီးတဲ့ ကိစ္စပြီးပါစေဟယ်၊ ကိုရင် ချစ်ထူးအကြောင်းလဲ ညည်းတို့ အသိဟာ၊ တကယ်တည်ကြည်ပြီး သစ္စာရှိတဲ့ ယောက်ျားပါအေ သူ့မိန်းမအပေါ် ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ဘူး"

"ဟုတ်တယ်လေအေး· ခုသူ့မိန်းမမရှိဘူး· လူလွတ်ဖြ သွားပြီ···"

"အဲ တစ်ခုရှိတယ်၊ ကလေး·· ဟဲ ဟဲ"

"ဟာ·· သွားကြစမ်းပါ··· တော်ပြီ စကားအကောင် မပြောဘူး"

"အေးပါဟယ် ငါတို့က စတာပါ၊ ညည်းက ကိုရင်ချစ်ထူ ကို တစ်ကြောပြန်လက်ခံမယ်ဆိုလဲ ငါတို့က ဖျက်မှာပါအေ၊ ညည် စိတ်ကို စမ်းတာပါ၊ ဘယ်နယ့် ပြင်စလူရဲ့ အချောအလှအပျို လေးက ကလေးတစ်ယောက်အဖေ တစ်ခုလပ်ကို ဘယ်လို စဉ်း သင့်ပါ့မလဲ·· ဟင်း···ဟင်း···"

"သည်လိုတော့လည်း ညည်းတို့က သိတတ်သားကလ ဟဲ···ဟဲ···ဟဲ··ဟဲ··"

သို့မှ ထိုမိန်းမပျိုတစ်သိုက်သည် ရေအိုးကိုယ်စီရွက် ရွာထဲသို့ တန်းစီလျှောက်ခဲ့ကြတော့၏။

ရွာရေတွင်းနှင့် ရွာအိမ်သည် ပေ ၁၀၀ ကျော်လောက်သ လေး၏။ ရွာလယ်လမ်းနှင့် ရေတွင်းတစ်ဖက်တစ်ချက်သည် လမ်း ကျယ်ဖြစ်ချေ၏။

သို့မှ သူတို့အပြန်လမ်း ရွာအိမ်တန်းမှ လူငယ်တစ်ယောက် ထွက်လာသည်နှင့် သူတို့မျက်နှာချင်းဆိုင်လိုက်ကြသည်တွင်

"အင်း ကိုချစ်ထူးအကြောင်း သိပြီးပလား·· "

ထိုလူငယ်က မိန်းမပျိုလေးတစ်သိုက်ကို မေးလိုက်၏။

"အော်·· ဟင်း··ဟင်း·· သိပြီးပါတော်··· သူ့မိန်းမကို ဘာကြောင့်တော့မသိဘူး နှင်ထုတ်လိုက်ပြီတဲ့"

သို့ အမျိုးသမီးတဦးက ပြောလေသည်တွင် ထိုလူငယ်က သဘောကျစွာ ရယ်မောလိုက်ပြီး

"ဟား··ဟား··ဟား·· ဟား··ဟား·· ဟား· ·ဟား ညည်းတို့တွေမှ မသိဘဲကို ဘာ··· ကိုရင်ချစ်ထူးက သူ့မိန်းမကို နှင်ထုတ်တယ်တဲ့လား"

"ဟုတ်တယ်လေ··"

"ဘယ်သူပြောလဲ"

"သူပြောတာလို့ သူကြီးကတော်က ပြောတာနဲ့"

"သွားစမ်းပါ ကိုရင်ချစ်ထူးက သူ့မိန်းမကို နှင်ထုတ်မှာ ခုဟာက ကိုရင်ချစ်ထူးကို သူ့မိန်းမက ပစ်သွားတာတဲ့"

"ဟာ"

"ဟေ"

"အို··ဟုတ်ပါ့မလားဟယ်··သူ့ကို ကိုရင်ချစ်ထူးကြီးက လိုလေသေးမရှိထားတာပဲ··"

"သိပ်ဟုတ်·· ဟုတ်တယ်·· ဟုတ်ဟုတ်ဟုတ်တောင်

www.burmeseclassic.com

www.burmeseclassic.com



နေသေးတယ်"

"နို့ဖြင့် ပြောစမ်းပါ… ဘာလို့တဲ့လဲ"

အမျိုးသမီးတသိုက်က ခေါင်းပေါ်တွင် ရွက်ထားသည့် ရေအိုးတို့ကို ရှိသည်လို့ပင် မှတ်ပုံမပေါ်၊ ထိုလူငယ်ပြောလာမည့် စကားကို စိတ်ဝင်တစား နားထောင်နေကြချေ၏။

"သူ့မိန်းမက ညဘက် ချစ်ဖေနဲ့ ချိန်းတွေ့တယ်လေ၊ ဒါကို သူက သိသွားတာ၊ သည်တော့ သူ့မိန်းမကလဲ အိမ်မပြန်ရဲဘဲ ချစ်ဖေနဲ့ တစ်ခါတည်း ထွက်ပြေးသွားသတဲ့…"

"ဟယ် မိုက်လိုက်တဲ့ မိန်းမ… သူ့ကလေးမျက်နှာလဲ တစ်ချက်မကြည့်ဘူး၊ ချစ်ဖေလိုကောင် ဟိုယောင်ယောင် ဒီယောင်ယောင်ကို ဘာများသဘောကျရတာပါလိမ့်… ငါဆို အဲဒီချစ်ဖေမျက်နှာမြင်တိုင်း ပါးနားရိုက်ပစ်လိုက်ချင်တယ်၊ အပိုးမကျိုးဘူး၊ မျက်နှာစပ်ဖြီးဖြီးနဲ့"

သို့ဆိုသလို မဲ့ရွဲပြောရင်းသူ့ကို လူငယ်ကကြည့်ပြီး

"အော် နင်ရည်းစားဟောင်းကြီးဘက်က နာပြီပေါ့"

"သွားစမ်းပါ၊ သည်လူကြောင့် မဟုတ်ပါဘူး"

"အေးပါဟယ် ငါကလဲ နင့်အကြောင်းသိပါတယ်၊ သက်သက်စတာပါ"

"သည်တော့ ကိုချစ်ထူးကြီးက ဘယ်လိုဆက်လုပ်မတဲ့လဲ"

"ဟဲ့…ဘာကိုပြောတာလဲ"

"အော် သူ့ကလေးကို ဘယ်လို ကျွေးမွေးမလဲ ကလေးကလည်း ငယ်သေးတယ်၊ ပြီးတော့ ချစ်ထူးက တစ်ကောင်ကြွက်လေ…"



"သည်တွက်တော့ သူကြီးကတော်က တာဝန်ယူမှာတဲ့"

"ဟော… ဘာလဲဟ… ဘယ်လို တာဝန်ယူတာလဲ"

"အော်…သည်လို ချစ်ထူးက သူကြီးလက်စွဲလေ၊ သည်တော့ ချစ်ထူးကိုစွ သူကြီးတို့ ဝင်ပါရတာပေါ့၊ သူကြီးကတော်ကလဲ ကလေးမရှိတော့ ချစ်ထူးကလေးကို မွေးစားမယ် ပြောရဲ့"

"ဟော"

"ဟင်"

"တကယ်လား"

"ဟုတ်တယ်၊ နို့တောင် ချစ်ထူးသွေးပါလို့တဲ့ ဟိုကောင်မ သွေးချည်းဆိုရင် ဝေးပါသေးရဲ့"

"အေးလေ ကောင်းပါတယ်၊ ဟဲ့ ငါတစ်ခုစဉ်းစားမိပြီ"

"ဘာတဲ့"

"ညည်းရည်းစားဟောင်းကြီး… လူလွတ်ပြန်ဖြစ်တော့မယ် ဟဲ…ဟဲ…"

"သေနာမ ဘာမှတ်လို့…"

သို့ဖြင့် သူတို့ လှစ်ခွဲလိုက်ကြပြီး ကိုယ်စီကိုယ်ငှ အိမ်ပြန်သွားကြချေတော့၏။

သို့ဆိုသလိုပြင်စလုရွာလေးမှ ချစ်ထူးဆိုသူသည် နောက်တစ်ပတ်အကြာတွင် ရွာမှ ပျောက်သွားလေ၏။

"ချစ်ထူးကြီးရူက်လို့ဖြစ်မယ်"

သို့ပြောလာကြပြန်၏။

"မဟုတ်ဘူး… မိစန်းကို လိုက်ရှာတာ"

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးတော်·· သည့်ကောင်မကိုများ ဘာလို့ လိုက်ရှာနေမှာလဲ"

"သိပါဘူး··· သူမပြတ်နိုင်လို့ နေမပေါ့"

"အဲ့လို မဟုတ်ဘူးထင်တယ်၊ ကလေးတွက် နောင်ရေးစဉ်းစားတာဖြစ်မယ်"

"ဟဲ နို့ သူကြီးတို့မွေးစားလိုက်ပြီဆို···"

"အို မွေးစားတာ မွေးစားတာပဲ·· မိဘအရင်းက အရင်းပဲလေ၊ ဒါကို ကလေးကြီးလာရင် သိသင့်တယ်ထင်လို့ နေမပေါ့"

"ပြောတတ်ပါဘူးဟယ်"

သို့ဆိုသလို ပြင်စလူရွာတွင် စကားသံတို့ ထွက်ပေါ်လာပြန်၏။

သို့မှသည် ပြင်စလူရွာလေးမယ် ဝိုနေမြဲ ကျားနေမြဲဖြစ်သွားသည်လို့ ဆိုရချိမ့်မည်။

အချိန်တွေ တရွေ့ရွေ့ ကုန်ခဲ့၏။

မိန်းမပစ် ချစ်ထူးကို ရွာက မေ့သွားပြန်၏။ သို့ပေမင့်

"ဟဲ့ ငါ ချစ်ထူးကြီးကို တွေ့ခဲ့တယ်"

"ဟေ"

"ဘယ်မှာလဲ"

"ပန်းပုပ်ကြီးစခန်းနားမယ်"

"ဘာလုပ်နေတာလဲ"

"ငါ့တို့ ဝါးခုတ်တဲကို ရောက်လာတယ်၊ မင်းဘယ်ရောက်နေတာလဲမေးတော့"

"ငါ သည်လိုပဲကွ" လို့ပဲပြောတယ်··· ငါတို့ စခန်းမယ်



ညအိပ်သွားသေးတယ်·· "

"သူ့ ကလေးအကြောင်းကော မမေးဘူးလား"

"ဘယ်နှယ့်မေးပါလိမ့် မေးချင်လို့ပဲ ငါတို့ တဲကို ရောက်လာတာပေါ့"

"နို့ဖြင့်··· သူဘာလို့ ကလေးကို ပစ်သွားရတာလဲ"

"ငါလဲ အဲလိုပြောတာပဲ"

"သည်တော့"

"သူ့သမီးတွက် သူလုပ်နေတာတဲ့ နို့ပဲပြောတယ်"

"အင်း"

သို့ဆိုသလို ပြင်စလူရွာတွင် ချစ်ထူးအကြောင်း တစ်စွန်းတစ်စ ပေါ်ထွက်လာပြန်၏။

သို့မှသည်

ပန်းပုတ်ကြီးနှင့် မလှမ်းမကမ်း စပါးကြီးမြောင်တွင်ရှိ ဝါးခုတ်တဲတစ်လုံးတွင် လူတစ်ယောက် ငုက်ဖျားတက်နေချေ၏။

"ဟီး·· ဟီး··ဟင်း·· ဟင်း··ဟီး··ဟီး··"

ဆိုလူသည် စောင်ခြုံကွေးနေလေ၏။ တဆတ်ဆတ် တုန်ယင်နေလေ၏။ ညည်းငြူနေချေ၏။

သူ့နားတွင် မည်သူမျှမရှိ ဘယ်ရှိပါ့မလဲ၊ တဲတွင်း အတူနေသူတို့က ဝါးခုတ်သွားကြသည်ပဲ။

"ဟီး··ဟီး··ဟင်း··ဟင်း··ဟီး··ဟီး··"

သို့ရှိစဉ် ထိုတဲနားသို့ လူတစ်ယောက် ချဉ်းကပ်လာချေ၏။

ထိုရောက်လာသူ၏လက်ထဲတွင်မတော့ ဝါးခုတ်ဓားတစ်ချောင်းပါလာ၏။ ထိုတဲနေသူတော့ဖြင့် မဟုတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူတဲနားရောက်လာပုံက ခိုးကြောင်ခိုးဝှက်နှင့်ဖြစ်ချေ၏။

သို့ဆိုတော့

ထိုဝါးခုတ်ဓားကိုင်လူသည် ငှက်ဖျားတက်နေသူ ခြုံလွှားထားသည့် စောင်ကြီးကို ဆတ်ခနဲ ဖယ်ရှားလိုက်၏။

"ဟာ"

ငှက်ဖျားတက်နေသူက ထိုသူကို မြင်လိုက်သည်နှင့် အံ့သြသွားချေ တော့၏။

"ချစ်ဖေ"

ထိုသူက သူ့နာမည်ကို ခေါ်လိုက်၏။

"မင်း‥မင်း‥"

ငှက်ဖျားတတ်နေသူ ချစ်ဖေဆိုသူက ထိုသူကို စိုးရိမ်ထိတ်လန့်သော မျက်လုံးများဖြင့်ကြည့်နေလေပြီ။ သို့ဆိုသလို ဖြစ်ချိန်တွင်

ထိုသူသည် သူ့လက်တွင်းရှိ ဓားဖြင့် လွှဲခုတ်လိုက်ချေ၏။

"အား"

"ဝုန်း"

"ဖြောင်း‥ ဖျွတ်‥‥ ချလွမ်‥ ဝုန်း"

ထိုသူသည် သို့ဆိုသလို ပြုလုပ်လိုက်ပြီး ထိုတဲမှ ခပ်သွက်သွက်ထွက်သွားချေတော့၏။

သို့ပေမင့် ချစ်ဖေကို တစ်စုံတစ်ရာ ချော့မော့ မေးသွားပုံရ၏။မကြာလိုက်သော အချိန်ကလေးတွင် ထိုတဲသို့ လူနှစ်ယောက်ရောက်လာကြပြန်၏။

"ဟာ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရတာပါလိမ့်"



"ချစ်ဖေ‥‥ ချစ်ဖေ‥ ဘာဖြစ်နေတာလဲကွာ"

သို့ဆိုသလို ထိုလူနှစ်ယောက် ချစ်ဖေဆိုသူကို မေးလေကြခြင်းဖြစ်ပေ၏။

"ချစ်ထူး‥ချစ်ထူး‥"

"ဟေ ချစ်ထူး မင်းမိန်းမရဲ့ အရင်ယောက်ျားလား"

"ဟုတ်တယ်"

"မင်းကို ဘာလုပ်သွားတာလဲ‥‥"

"မင်းတို့ မြင်တဲ့အတိုင်းပဲ သူတကယ်တော့ ငါ့ကို သတ်ဖို့ဖြစ်မယ်ကွ၊ ငါ့ငှက်ဖျားတက်နေတာမြင်သွားတော့ သူမသတ်လဲ ငါသေရမှာပဲလို့ တွက်မိလို့လားတော့မသိဘူး"

"မိစန်းဘယ်မှာလဲလို့မေးတယ်"

"သည်တော့ မင်းက"

"အမှန်အတိုင်းပြောလိုက်တာပေါ့ကွ"

"ဘယ်လို"

"အေးလေ၊ ငါနဲ့ မိစန်းက လမ်းခွဲခဲ့တာကြာပြီပဲ၊ သည်ကောင်သူက သေချာတယ်နော်ဆိုပြီး တဲကို ဓားနဲ့ခုတ်ပိုင်းပြီး ထွက်သွားတာပဲ ငါထင်တယ်၊ သူ့ဒေါသတွေ ငါ့ဆီပုံမချပဲ တဲတိုင်တွေအပေါ် ပုံချသွားတာကွ‥‥"

"ဟာ တော်ပါသေးရဲ့ကွာ ‥ မင်းကို ငါမပြောလားသည်ကောင်မက သစ္စာရှိတဲ့သူ မဟုတ်ပါဘူးလို့"

"ဟုတ်တယ်ကွ ခြံခုန်ဖူးတဲ့နွားက ခြံခုန်ဖို့ပဲ စဉ်းစားနေမှာပဲ"

သို့ဆိုသလို တစ်ယောက်သောသူကလဲ ပြောလာပြန်၏။

"ငါတို့ တဲပြန်ဆောက်ရမလား"

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်မှ တစ်ယောက်က ပြောလာပြန်၏။

"မလိုဘူး။ ငါတို့လဲ ဝါးခုတ်ကွက် ပြောင်းရတော့မှာဆိုတော့ သည်တစ်ညနေပြီးနောက်ဝါးခုတ်ကွက်နားရှိတဲ့နေရာ ပြောင်းကြမယ်"

"ဘယ်တော့လဲ"

"နက်ဖြန်၊ သည်တစ်ညတော့ ဖြစ်သလို နေလိုက်ကြတော့ပေါ့"

သို့မှသည် အခြားသောဝါးခုတ်တဲလေးတွင် ဆိတ်ငြိမ်နေသည်ဆိုပေမင့် တစ်ယောက်သောသူကတော့မူ စဉ်းစားခန်းဝင်နေချေတော့၏။

ချစ်ထူး မိစန်းကို အလွတ်ပေးလိမ့်မည်မဟုတ်ဆိုပေမင့် ဘယ်လိုပင်ဖြစ်စေ သူမိစမ်းကို သံယောဇဉ်ရှိခဲ့သည်ပဲ ဘယ်လိုလုပ်ရပါ့..." သို့နှယ် ချစ်ထူးတစ်ယောက် အိပ်မပျော်ဖြစ်ခဲ့ရချေ၏။

နောက်တစ်နေ့တွင် ထိုတဲလေးမှ ချစ်ထူးတို့ သူငယ်ချင်းသုံးယောက် ထွက်ခွာခဲ့ကြချေတော့သည်။

သူတို့ သုံးယောက် အိပ်ရာလိပ်တို့ကို ကိုယ်စီထမ်းပိုးထွက်သွားသည်ကို ခပ်လှမ်းလှမ်းတောင်ကြောလေးပေါ်မှ လူတစ်ယောက် လှမ်းကဲကြည့်နေသည်ကို သူတို့ မသိကြပါချေ..

သို့မှ ချစ်ထူးတို့သည် မအူပုံလမ်းကြောပေါ်သို့ ရောက်လာကြသည်တွင်...

"ကဲ မင်းတို့သွားလိုရာ သွားကြတော့ချေ။ ငါ မအူပုံရွာသွားတော့မယ်ဟေ့"

သို့ဆိုလျက် ချစ်ထူးသည် မိတ်ဆွေနှစ်ယောက်နှင့် လမ်းခွဲထွက်ခဲ့ချေတော့၏။ ၎င်းတို့ နှစ်ယောက်က ချစ်ထူးကို နောက်မှ



လှမ်းကြည့်နေကြပြီး

"မင်း ခြေလွန်လက်လွန် မလုပ်နဲ့နော် ဟိတ်ကောင်..."

သို့ တစ်ယောက်သောသူက ချစ်ထူးကို လှမ်းပြောလိုက်ပေမင့်

"ချစ်ထူးက လေချည်းပါကွာ တကယ်တော့ သူမိစန်းကို မပြတ်နိုင်ပါဘူး။ သည်ကောင်ကလေးကို ပစ်ထားခဲ့ပြီး မိစန်းကို မတွေ့မနေ လိုက်ရှာနေတာ ဟော ချစ်ဖေနဲ့သူတွေ့တော့ သူတို့လမ်းခွဲလိုက်ပြီဆိုတဲ့အကြောင်း ငါတို့ကို ပြန်ပြောတော့ သည်ကောင်မျက်နှာ တစ်မျိုးဖြစ်သွားတာ မင်းမမြင်လိုက်ဘူးလား"

သို့ဆိုတော့ တစ်ယောက်သောသူက

"အေး.. ဟုတ်သကွ သည်ကောင်သူ့တွက် မျှော်လင့်ချက်တခုခုတွေ့လိုက်တဲ့ပုံဖြစ်နေတာကွ၊ မင်းပြောမှ ငါသတိထားမိတယ်၊ အေးလေကွာ ချစ်ဖေနဲ့တွဲနေတုန်းကဆိုလျှင် သည်ကောင်စိတ်လိုက်မာန်ပါ လုပ်ချင်လုပ်ဦးမှာ ခုတော့ သူအဲလို မဖြစ်လောက်ဘူးကွ"

"နို့ကြောင့် ငါလည်း ငါ့လမ်းငါသွားဖို့ သူနဲ့ လမ်းခွဲလိုက်တာပေါ့ကွာ နို့မဟုတ်လို့ကတော့ ငါသူနဲ့ လိုက်သွားပါတယ် မဖြစ်သင့်တာမဖြစ်ရအောင်တော့ ထိန်းရမှာပေါ့"

သို့ပြောပြီး သူတို့နှစ်ယောက် ရေတူရွာသို့ ဆက်လျှောက်ခဲ့ကြတော့၏။

သို့ဆိုသလို ချစ်ထူးတစ်ယောက် မအူပုံလမ်းမြောင်လေးအတိုင်း ခပ်သွက်သွက်လျှောက်သွားသလို သူ့အဖော်နှစ်ယောက်သည် ရေ့လမ်းမြောင်အတိုင်းလျှောက်သွားကြ၏။ မကြာလိုက်သော အချိန်တွင် ထိုနေရာလေးမှ သူတို့ သုံးယောက်

www.burmeseclassic.com





ပျောက်ခြင်း မလှပျောက်သွားပေမင့် ထိုနေရာလေးသို့ လူတစ်ယောက် ရောက်လာ ပြန်ချေ၏။

ထိုသူက အသက်အားဖြင့် လေးဆယ်ဝန်းကျင်ရှိသည့်သူဖြစ်၏။ ပုပန်းသဏ္ဍာန်က ဇာတ်သမားလိုလို ဆေးလည်ရောင်းသည့်သူလိုလိုဖြစ်၏။ ရှမ်းဘောင်းဘီလို ဘောင်းဘီပွပွကြီးတွင် ခါးပတ်ကြီးကြီး ပတ်ထား၏။ စွပ်ကျယ်ဖြူလက်စကနှင့် ကြီးမားသော လွယ်အိတ်အနီရောင်ကြီးကို လွယ်ထား၏။ ထိုလွယ်အိတ်ကြီးတွင် မည်သည့်ပစ္စည်းများ ပါလာသည်တော့ဖြင့် ဖွင့်မကြည့်ပဲ မသိနိုင်ချေ။ ဖောင်းဖောင်းကြီး ဖြစ်နေ ပေမင့် လေးလံခြင်းရှိပုံမတွေ့ရသဖြင့် အဝတ်အစားများ ထည့်လာသည်ဟု ထင်ရ၏။ ခေါင်းကို ပုဆိုးစဖြင့် ပေါင်းထား၏။ နှုတ်ခမ်းမွေးကျိုးတို့ကျဲတဲ မျက်ခုံးကောင်းကောင်း မျက်လုံးပြူးပြူး ဖြစ်၏။ အသားလတ်လတ်ဟု ဆိုရချိမ့်မည်။

ထိုလူကြီးသည် ချစ်ထူးသွားရာ မအှုပုံ လမ်းဘက်သို့ လှမ်းကြည့်သလို ရေတွက်ကိုကြည့်လိုက် လုပ်ပြီး မြေပြင်ကို ငုံ့ကြည့်နေလိုက်ချေတော့၏။

"မြေပြင်မှ ခြေရာတို့ကိုကြည့်၍ ထိုလူကြီးသည် ချစ်ထူး ထွက်သွားရာဘက်သို့ လိုက်သွားချေတော့၏။

တကယ်တော့ ထိုသူသည် ချစ်ထူးကို ခြေရာခံလိုက်နေသူ ဖြစ်ချိမ့်မည်။ သူနှင့် ချစ်ထူး မည်သို့ ပတ်သက်ပါလိမ့်…။

ချစ်ထူးတစ်ယောက် မအှုပုံ ရွာထိပ်သို့ ရောက်သည်တွင် ရွာထိပ်ရှိ ကုက္ကိုလ်ပင်ကြီးအောက်တွင် ထိုင်လိုက်ချေပြီး ရွာလမ်း အတွင်းကို ငေးမောကြည့်နေလေ၏။

အရိပ်ကောင်းသော ကုက္ကိုပင်ကြီးတွင် အတန်ကြာကြာ အားနေလေပြီးနောက် ရွာတွင်ဝင်ရန် ထိုင်နေရာမှ ထလိုက်၏။

သို့အချိန်မှာပင် ဝါးလှည်းတစ်စီးသည် ရွာအဝင်လမ်းမကြီး ဆိပ်သို့ ရောက်လာလေ၏။

ချစ်ထူးက ထိုလှည်းထံသို့ ကပျာကသီပြေးသွားလိုက်ပြီး

"သည်ရွာထဲ လိုက်လို့ရမလား" မေးလိုက်၏။

သည်တွင် လှည်းမောင်းသူက ချစ်ထူးကို စေ့စေ့ကြည့်လိုက် ပြီး

"ညီသည်ထင်ပါ့" မေးလေ၏။

"ဟုတ်တယ်"

"ဘယ်ကိုများ သွားမလို့ပါလိမ့်"

သို့ဆိုတော့ ချစ်ထူးက လှည်းမောင်းသူကို ကြည့်လိုက်ချေပြီး ဘဖန် ဝါးလုံးတို့ပေါ် ကားကားကြီးခွထိုင်နေသော နောက်ဘက်ရှိလူ ကိုလှမ်း ကြည့်လိုက်၏။

"သူလည်း ညီသည်ပေပဲဗျ။ ဟိုရေနွားလောက်ကနေ ကျုပ်လှည်းနဲ့ လမ်းကြုံလိုက်လာတာ"

သို့ လှည်းမောင်းသူက ချစ်ထူးကို ပြောလိုက်၏။

သည်တွင် ချစ်ထူးက လှည်းသမားဘက် ပြန်လှည့်လိုက် ချေပြီး

"သည်ရွာထဲက မိတ်ဆွေတစ်ယောက်အိမ် သွားမလို့ပါ" ပြောလိုက်၏။

"ဘယ်သူများတုံး မေးလျှင်ပြောမလားတော့ မသိဘူး ဘယ်လိုမှ မထင်နဲ့နော် ကျုပ်က ရွာ ဟိုဘက်အစွန်သွားမှာဆိုတော့ လှည်းအဆင်သင့်တဲ့နေရာမှာ ရပ်ပေးမလို့ဗျ…"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ချစ်ထွန်းက လှည်းမောင်းသူကို ကြည့်လိုက် နောက်မှလူကို ကြည့်လိုက်ဖြင့် လုပ်လေပြီးမှ

"နောင်ကြီးသိမလားတော့မသိဘူး မိစန်းဆိုတာလေ"

"သည်ရွာမယ် မိစန်းဆိုတာ မရှိဘူး။ အဲ တစ်ခုတော့ရှိတယ် လွန်ခဲ့တဲ့ လေးလလောက်က သူကြီးတူမဆိုတာလား ဘာလား သူ့ ရွာရောက်လာတယ်၊ သူက တစ်ခုလပ်လို့ပြောတယ်··· သူ မိစန်း ဆိုတာဖြစ်နိုင်တယ်"

သို့လည်း ဆရာက ပြောလေသည်တွင်

"နို့ဖြင့် ပုံပန်းသဏ္ဍာန်ပြောလျှင် သိနိုင်မလား"

ချစ်ထူးက ပြောလိုက်၏။

သည်တွင် လှည်းမောင်းသူက

"ပြောကြည့်လေ"

အရပ်ထောင်ထောင်မောင်းမောင်း ဆံပင်ရှည်ရှည် အမြှားမြင်း လိုလို ကျစ်ဆံမြီး နှစ်ဖက်ကျစ်ပြီး ချထားတယ်၊ သနပ်ခါး ပါးကွက်ကြားကြီး အမြဲလိမ်းတယ်၊ လက်ပြတ်အင်္ကျီ အဝတ်များတယ် မျက်လုံးမှေးမှေးလို့ ပြောရလောက်အောင် မျက်လုံးမှေးစင်းတယ် ပါးစပ်ပြုံးပြုံးဗျာ··"

သို့ ချစ်ထူးပြောလိုက်သည်တွင် လှည်းသမားနောက်မှ ထိုင်နေသူက ချစ်ထူးကို တအံ့တသြကြည့်နေလေသည်ကို ချစ်ထူး တစ်ယောက် တစေ့တစောင်းမြင်လိုက်ဟန်တူချေ၏။

သို့ကြောင့်

"ခင်ဗျားသိလား" မေးလိုက်၏။

သည်တွင် လှည်းသမားနောက်မှလူက ကယောင်ကတမ်း လက်ကို



ကာပြလေပြီး

"အလိုလေးဗျာ ကျုပ်ကလဲ ညည်းသည်ပါဗျ၊ ဘယ်လို သိနိုင် မှာတုံး" ပြောလိုက်၏။

"အေးလေဗျာ၊ ခင်ဗျားကလဲ စောစောက ပြောပြီးပြီပဲ သူလဲ ညည်းသည်ပဲလို့"

"အော်··ဟုတ်ပါပြီ လှည်းဆရာပြောပါဦး သိလား"

"ခင်ဗျားပြောတဲ့ပုံနဲ့တော့ တူတာသေချာတယ်၊ အဲ တစ်ခု တော့ရှိတယ်၊ မိစန်းဟုတ်မဟုတ် သေချာတော့ မသိဘူး၊ အဲဒီ သူ့နေမယ့် နေတဲ့ဆီ ပို့ပေးမယ်"

"သူက ဘယ်မှာနေလဲ"

"သူကြီးအိမ်"

"ဟင်"

သို့ဆိုတော့ လှည်းနောက်ထိုင်နေသူက တအံ့တသြကြီး ဖြစ်သွားလေ၏။

"ခင်ဗျားအတွက်လဲ အတော်ပဲ၊ ခင်ဗျားကလဲ သူကြီးအိမ် သွားချင်တယ်ဆို"

သို့လှည်းမောင်းသူက ထိုလူကို ပြောလိုက်၏။

"အင်းလေဗျာ"

"နို့ဖြင့် နှစ်ယောက်စလုံး လမ်းတူတယ်၊ ကျုပ်လှည်းရပ်တဲ့ ဆီ ဆင်းနေခဲ့ကြချေဗျာ·· ကဲ·· ကျုပ်လှည်းပေါ်တက်ခဲ့ချေ လိုက်ပို့ပေးမယ်"

သို့ဆိုတော့ ချစ်ထူးတစ်ယောက် လှည်းပေါ် တက်လိုက်ချေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ည့်ပေါ်ရောက်မှ ထိုလူကို တစေ့တစောင်းလှေ့လာမိ၏။ ကြီးမားသော ရှမ်းဘောင်းဘီကို ဝတ်ထား၏။ လွယ်အိတ်နီကြားကြီးကို လွယ်ထား၏။

"ခင်ဗျား ဆေးဆရာလား‥"

သို့ ချစ်ထူး က မေးလိုက်၏။

"ကြံကြံဖန်ဖန်ဗျာ၊ အေးလေ ကျုပ်ကို ကြည့်ပြီး အတော်များများက အဲလိုထင်ကြတယ်"

"နို့ဖြင့် စိတ်မရှိပါနဲ့ဗျာ"

"ဘာ ဘာစိတ်ရှိရမှာတုံး မသိလို့ ပြောမိတာပဲ"

သို့မှ သူတို့နှစ်ယောက် ငြိမ်သက်သွားကြပြန်၏။ လှည်းသည်တအိအိဖြင့် ရွာတွင်းဆီ လိမ့်ဝင် ာချေ၏။

လှည်းပေါ်၌ ချစ်ထူးနှင့် ရှမ်းဘောင်းဘီဝတ်လူကြီးကို ရွာအိမ်တွင်းမှ လူတို့သည် ကွက်ကြည့် ကွက်ကြည့်နှင့် လုပ်နေကြ၏။

သူစိမ်းတွေကိုး…။

သို့မှလှည်းသည် သူကြီးအိမ်ရှေ့သို့ ရောက်လာဟန်တူ၏။ လှည်း ရပ်သွားလေ၏။

"ရောက်ပြီလား"

ချစ်ထူးက မေးလိုက်၏။

"အေး ရောက်ပြီ နို့ပေမင့် သည်အိမ်တော့မဟုတ်ဘူး အဲဒီအိမ်နံဘေးက လမ်းအတိုင်းဝင်သွားချေ၊ သည်ဘက်အခြမ်းက တစ်အိမ်ကျော်အိမ်ပေပဲ၊ သူကြီးအိမ်ပေါ့"

"ကျေးဇူးတင်တယ်ဗျာ"

သို့ဆိုလျက် ချစ်ထူးနှင့် ရှမ်းဘောင်းဘီဝတ်လူသည်



လှည်းပေါ်မှ ကပျာကသီခုန်ဆင်းလိုက်ကြ၏။

"သွားပြီဟေ့"

လှည်းသမားက သူတို့နှစ်ယောက်ကို နှုတ်ဆက်သွားလေတော့၏။

"ခင်ဗျားက သူကြီးနဲ့ ဘာတော်လဲ"

ချစ်ထူးက ရှမ်းဘောင်းဘီဝတ်လူကို မေးလေ၏။

သည်တွင် ရှမ်းဘောင်းဘီဝတ်က ချစ်ထူးကို စိမ်းစိမ်းကြည့်လိုက်ချေပြီး

"မိစန်းအစ်ကိုလား"

သို့ဆိုတော့ ချစ်ထူးက ထိုလူကို တအံ့တသြကြည့်လိုက်ချေပြီး

"ခင်ဗျား မိစန်းကို သိနေတယ်လား" မေးလိုက်၏။

"မသိပါဘူး" ဆိုလျက် ဆက်လျှောက်သွားလေ၏။

သို့ကြောင့် ချစ်ထူးက

"ခင်ဗျားမေးတဲ့ မေးခွန်းမသိချင်ဘူးလား" လို့ မေးလိုက်လေ၏။

"ခင်ဗျား ဘယ်လိုမှ မထင်နဲ့၊ လှည်းသမားကို ခင်ဗျား မိစန်း၊ မိစန်းလို့ပြောနေလို့ ပြောလိုက်တာ၊ ကျုပ်မသိဘူး အဲသူကြီးက ကျုပ် ညီအစ်ကိုပဲ"

"ဗျာ၊ နို့ကြောင့် မိစန်းက သူကြီးတူမဆိုတော့ ခင်ဗျားနဲ့လည်း တော်ပြီပေါ့"

"ဟာ အဲလိုမဟုတ်ဘူး၊ ဟိုလှည်းဆရာ ဘာမှသိတာမဟုတ်ဘူး၊ သူကြီးတူမဆိုတော့လည်း သမီးဖြစ်ချင်ဖြစ် မဟုတ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



တူမပေါ့ဗျာ၊ ဘယ်ဟုတ်ပါ့မလဲ"

"နို့ဆိုတော့ သည့်ထက်ရှင်းအောင် မပြောပြတတ်ဘူးလား။ ဟင်း‥ ဟင်း" သို့ ချစ်ထူးက သဘောကျမေးလိုက်၏။

"ကျုပ်နဲ့ ဘာမှ မတော်ပါဘူးဗျာ၊ ဟိုလူညီးဆရာ ရမ်းပြောသွားတာဖြစ်မယ်၊ "

"ဟုတ်ပါပြီ ကျုပ်ခင်ဗျားအစ်ကိုအိမ်သွားမယ်၊ သူ့အိမ်မယ် မိစန်းရှိတယ်ဆိုလို့"

"နို့ဖြင့်ပြောဦးလေ"

"ဘာလဲ"

"မိစန်းဆိုတာနဲ့ ဘာတော်လဲ"

"ကျုပ်မိန်းမ"

"ဗျာ"

သို့ဆိုတော့ ရှမ်းဘောင်းဘီဝတ်လူသည် အံ့ဩသွားချေတော့၏။ မျက်စိမျက်နှာလည်း ပျက်သွားချေတော့၏။

"ကဲ ကျုပ်တို့ တူတူ သူကြီးအိမ်သွားကြတာပေါ့ ဆိုလျက် အိမ်နံ့ဘေးလမ်းမြောင်လေးအတိုင်း ဝင်သွားကြတော့၏။

"ဝုတ်‥ ဝုတ်‥ ဝုတ်‥"

ခြံကျယ်ကြီးတွင်းရှိ ခွေးကောင်က သူ့ခြံနံ့ဘေးလမ်းမြောင်လေးမှ ဖြတ်လျှောက်သွားကြသော ချစ်ထူးတို့နှစ်ယောက်ကို ထိုးဟောင်လေ၏။ သည့်တွင် ရှမ်းဘောင်းဘီဝတ်က

"ငနီ မင်းငါ့ကို မမှတ်မိဘူးလား" လို့ လှမ်းပြောလိုက်၏။ သည့်တွင် ချစ်ထူးတစ်ယောက်သိလိုက်သည်မှာ ရှမ်းဘောင်းဘီဝတ်သည် သည်ရွာသားဖြစ်ချိမ့်မည်။ သူကြီးညီဆိုတာ အဟုတ်ပေါ့။ သို့ဆို



တော့ မိစန်းနှင့် သူ ဘာမှ မပတ်သက်ဘူးဆိုတော့ သူ့အပြော ကို ချစ်ထူးလက်ခံလိုက်ချေတော့၏။

သို့မှ သူတို့ သူကြီးအိမ်ဆိုသည့် ခြံဝင်းသို့ ရောက်လာကြတော့၏။

"ဟာ"

"ဟင်"

ဟာဆိုသည်မှာ ရှမ်းဘောင်းဘီဝတ်လူဆီမှ ထွက်လာသော အာမေဍိတ်သံဖြစ်ချေ၏။ ဟင် ဆိုသည်မှာ ချစ်ထူးမှ သူကြီးခြံဝင်းတွင်းမှ မိန်းမတစ်ယောက်ကို မြင်လိုက်သဖြင့် ထွက်လာသော အာမေဍိတ်သံဖြစ်ချေ၏။

သို့ဆိုတော့ ချစ်ထူး ရှမ်းဘောင်းဘီဝတ်ကို တအံ့တဩ ကြည့်လိုက်၏။ ရှမ်းဘောင်းဘီဝတ်ကလည်း မလုံမလဲ ကြည့်လာချေ၏။

"ငါကတော့ မိစန်းကိုမြင်လို့ အံ့ဩတကြီးဖြစ်သွားတာ၊ ဟိုကောင်က ဘာလို့ မိစန်းကိုတွေ့တာနဲ့ ဟာလို့ အထိတ်တလန့်ဖြစ်သွားတာပါလိမ့်"

သို့ ချစ်ထူး တွေးလိုက်မိ၏။

"ခင်ဗျား မိစန်းကိုတွေ့တာနဲ့ဘာလို့ အံ့ဩသွားတကြီးဖြစ်သွားရတာလဲ၊ မိစန်းနဲ့ ခင်ဗျားမသိဘူးဆို"

သို့ဆိုတော့ ရှမ်းဘောင်းဘီဝတ်က

"ဘာဗျ အဲဒါ မိစန်းလား"

"ဟုတ်တယ်လေ၊ ကျုပ်မိန်းမကို သည်မယ်တွေ့လို့ ကျုပ်အံ့ဩတကြီးဖြစ်ရတာ၊ ခင်ဗျားက ဘာလို့ မိစန်းကို မသိဘူးလဲဆိုသေး

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ တအံ့တသြ "ဟင်" ဖြစ်သွားရတာလဲ"

"အား နို့က သည်လိုဗျ၊ အဲဒီ မိစန်းဆိုတာက တကယ်တော့ သေသွားတဲ့ ကျုပ်ညီမလေးနဲ့ သိပ်တူလွန်းလို့ပဲ"

"ဟေ•• တကယ်လား"

"တကယ်ပါဗျာ"

သို့ သူတို့နှစ်ယောက် စကားတပြောပြောဖြင့် သူကြီးခြံတွင်း ဝင်သွားလိုက်ကြသည်တွင် ခြံနားရှိ အမျိုးသမီးက တွေ့သွားသည်ကြောင့်

"အို"

ဆိုလျက် ငိုင်တွေသွားတော့၏။ ပြီးချစ်ထူးကိုလည်း ကြောက်ရွံ့တကြီး ကြည့်နေချေတော့၏။

"ဟင်း•••ဟင်း•• မိစန်း ငါရောက်လာလိမ့်မယ်လို့ ညည်း လုံးဝမထင်ထားဘူး ဟုတ်လား"

ချစ်ထူးက သို့ပြောလည်းပြော သူ့အနားသို့လည်း တိုးကပ် သွား၏။ သည်တွင် မိစန်းဆိုသူက

"ရှင်••ရှင်••ကျွန်မကို ဘာလုပ်မလို့လဲ၊ ရှင် •••ရှင် သည်မယ် သူကြီးအိမ်နော်၊ ရှင်ကျွန်မကို ဘာမှလုပ်လို့ ရမှာ မဟုတ်ဘူး••••"

သို့ မိစန်းက ထစ်ထစ်ငေါ့ငေါ့ ပြောလာလေသဖြင့် ချစ်ထူး က ဟက်ဟက်ပက်ပက်ရယ်မောလိုက်ချေပြီး

"ဟား•••ဟား••ဟား••ဟား•• ဟား•• ဟား••ဟား မိစန်းရယ် နင့်အကောင်ချစ်ဖေကော" လို့ မေးလိုက်လေ၏။

"ချစ်ဖေနဲ့ ကျွန်မ လမ်းခွဲလိုက်တာ ကြာပြီ•••"



"အေး ငါသိတယ်၊ ချစ်ဖေနဲ့ တွေ့ခဲ့တယ်"

"ရှင်"

"ရှင် ကျွန်မကို နားလည်ပေးစေချင်တယ်"

"ဟင်း ••ဟင်း နားလည်ပေးရမှာပေါ့"

သို့ ပြောလည်းပြော အနားသို့လည်း တိုးကပ်သွားလိုက်၏။ သူမက နောက်သို့ မသိမသာ လှမ်းဆုတ်လိုက်၏။

သူ့ကို ချစ်ထူးတစ်စုံတစ်ခု ရုတ်တရက် လုပ်လာမည်စိုးရိမ် သဖြင့် ဖြစ်ချေတော့၏။ ချစ်ထူးတစ်ယောက် သူမထံ တိုးကပ်သွား သည့် ရည်ရွယ်ချက် ဘာဆိုတာ သူကိုယ်တိုင် သိပုံမပေါ်ချေ။

သို့အချိန်လေးမှာပင်

"ဟဲ့ မိစန်း ဘယ်သူတွေလဲ"

သို့အသံနှင့်အတူ လူကြီးတစ်ယောက် အိမ်တွင်းမှ ထွက်လာလေ၏။ သူ၏လက်ထဲတွင် နှစ်လုံးပြူးသေနတ်ကြီးပါလာလေ၏။

"ဟာ အစ်ကိုကြီး သူကြီး"

"ရှမ်းဘောင်းဘီဝတ်က လှမ်းအော်ပြောလိုက်၏။

"ဟေ မင်းရောက်ပြီလား"

"ဟုတ်ကဲ့"

"သူက ဘယ်သူလဲ"

သူကြီးက ချစ်ထူးကို လက်ညှိုးထိုး မေးလိုက်လေ၏။

"သူကကော ဘယ်သူလဲ သည်ကို ဘယ်လိုရောက်လာတာ လဲ"

ရှမ်းဘောင်းဘီဝတ်က သူကြီးကို ပြန်မေးလိုက်၏။

"ဟားဟား•• မင်း ငါ့အညီအစစ်ပဲကွ၊ ဟင်း•• ဟင်း•

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါ မတွေ့တာအတော်ကြာလို့ ပြောင်းလဲသွားပုံပဲကွ··· ဟင်း ···ဟင်း · ကဲ မင်းမေးတာကို ငါက လောလောဆယ်ဖြေလို့ ဖြစ်မှာ မဟုတ်သေးဘူး၊ အေးအေးဆေးဆေး ပြောပြမှ မင်းသိ နားလည်မှာ၊ သည်တော့ ငါမေးတာ အရင်ဖြေ"

"သူ့ကို မေးတာလား၊ သူ ကျွန်တော်နဲ့ ပါလာတာမဟုတ်ဘူး၊ သူက သူ့ဆီလာတာ၊ သူ့ယောက်ျားတဲ့"

ဘောင်းဘီဝတ်က သို့ဆိုသလို ပြောလိုက်သည်တွင် လူကြီး တစ်ယောက်လုံးဝ အံ့ဩသွားပုံဖြစ်ချေတော့၏။

"ဘာကွ သူ့ယောက်ျား ဟုတ်လား"

"သူပြောတာလေ၊ ဟုတ်တယ်မလား၊ ငါ့အစ်ကိုကြီးကို ပြောလိုက်လေ"

သို့ဆိုတော့ ချစ်ထူးက လူကြီးကိုကြည့်ပြီး

"ဟုတ်ပါတယ်၊ ဒါ ကျုပ်မိန်းမပါ၊ သူ့ကိုလာပြန်ခေါ်တာ"

"ရှင်"

ချစ်ထူးက သူကြီးကို သို့ပြောလိုက်သည်တွင် မိန်း တစ်ယောက် ချစ်ထူးကို နားမလည်နိုင်စွာ ငေးကြည့်နေမိချေတော့ ၏။

"အေး ငါသိပြီ၊ မင်းမိန်းမ ငါ့ပြောပြတယ်၊ မင်း သူ့ယောက်ျား ဆိုတော့ ဟုတ်နေပြီ၊ နို့ မင်းမိန်းမ ထွက်လာတော့ ကွာရှင်းခဲ့ပြီ သူ့ယောက်ျား ကလေးတစ်ယောက်ရှိတယ်ဆို၊ မင်းက သူ့ကို နှိပ်စက်လို့ ပြေးလာတော့ ငါ့မလဲ သူနဲ့တူတဲ့ ညီမလေးရှိတယ်ပေ သူ့ကို တန်းပြီး မွေးစားလိုက်တာကွ၊ သည်တော့ ငါ့ညီမဖြစ်သွားပြီ ဟိတ်ကောင်၊ ငါမွေးစားထားတာ·· ဟင်း···ဟင်း"



သို့ လူကြီးက ရှမ်းဘောင်းဘီဝတ်ကို ပြောပြလိုက်၏။ ရှမ်းဘောင်းဘီဝတ်က မိန်းကို ငေးမောကြည့်လိုက်ချေပြီး

"ငါ့ညီမလေးနဲ့ ချွတ်စွတ်ပဲကွ" ဝင်ပြောလိုက်၏။ ချစ်ထူးက

"သူကြီးပြောတာ အမှန်တွေချည်း မဟုတ်ဘူး၊ သူနဲ့ကျုပ် တရားဝင် ကွာရှင်းထားတာမဟုတ်ဘူး၊ ကျုပ်က သူ့ကို နှိပ်စက်လို့ ပြေးလာတာမဟုတ်ဘူး၊ ကျုပ်နဲ့သူနဲ့ ရတဲ့ကလေးတစ်ယောက် ရှိတယ်၊ မိန်းကလေး၊ သူဖောက်ပြန်ပြီး ကျုပ်ကိုထားသွားတာ၊ ကျုပ် သူ့ကို လိုက်ရှာနေတာ၊ တွေ့ပြီ"

"ဟေ"

သို့ဆိုတော့ သူကြီးက မိန်းကို စေ့စေ့ကြည့်လိုက်ချေပြီး

"မင်းပြောတာတွေနဲ့ တခြားစီပါကလား"

သို့ဆိုတော့ မိန်းက လူကြီးကို ရက်ခြည်းထိုင်ကန်တော့ လိုက်ချေပြီး

"ညီမလေးမှားပါတယ်၊ တကယ်တော့ သူပြောတာတွေ ဟုတ်ပါတယ်၊ အစ်ကိုကြီးသူကြီးကော ကိုချစ်ထူးပါ ကျွန်မစကားကို ဆုံးအောင်နားထောင်ပါဦးရှင့်···"

သို့ဆိုတော့ သူကြီးက ချစ်ထူးကိုကြည့်ပြီး

"နားထောင်ပေးလိုက်ပါကွာ··"

"ဟုတ်ပြီလေ ·· ကဲ မိန်းပြောစမ်း· ·"

"တကယ်တော့ ကိုချစ်ထူးရယ်၊ အဲဒီနေ့က ချစ်ဖေ ကျွန်မ ကို အတင်းဆွဲခေါ်လာတာပါ"

"နင်တို့ ဖောက်ပြန်နေတာ မဟုတ်လို့လား"

သို့ ချစ်ထူးက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မမှားခဲ့တာရှိပေမင့် ခုလို သမီးကို ပစ်ပြီး ချစ်ဖေနောက် လိုက်ဖို့အထိတော့ မစဉ်းခဲ့ပါဘူး။ အဲဒီနေ့က သူ့ကိုချစ်ထူးထွက်လာ ရင် ငါ့ကိုသတ်လိမ့်မယ်ဆိုပြီး ကျွန်မကို အတင်းဆွဲခေါ်သွားတာလေ"

သည်တော့ ကျွန်မလည်း သူပြောတော့ကြောက်ပြီး ကိုချစ် ထူးသတ်ချင်စိတ်ပေါက်နေမှာဆိုပြီး သူ့နောက်ကို လိုက်ခဲ့ရတာပါ။ မမျှော်လင့်ဘဲဖြစ်သွားရတာ၊ ကြိုတင်စီမံပြီး ပြေးခဲ့တာ မဟုတ်ပါဘူး။ ခုက ကိုချစ်ဖေက ကျွန်မကို ကိုချစ်ထူးနဲ့က ချစ်တဲ့သူမဟုတ်မှန်း သိလျက် လက်တွဲခဲ့သူဆိုပေမင့် သမီးလေးကိုတွယ်တာတယ်ဆိုပေမင့် ကိုချစ်ထူးကစိတ်ဆိုးပြီး လက်မခံလောက်တဲ့အပြင် ကျွန်မကိုပါ ရိုက်လားမောင်းလား သတ်လား ဖြတ်လား လုပ်မှာကိုကြောက်ပြီး သူ့နောက်လိုက်သွားခဲ့တာပါ။ သည့်နောက် အတန်ကြာတော့ သူကြီး တို့နဲ့တွေ့ပြီး သူကြီးကလည်း သေသွားတဲ့ သူ့ညီမလေးနဲ့ တူလို့ဆိုပြီး ကျွန်မကို မွေးစားတာနဲ့ အတော်ပဲဆိုပြီး နေနေလိုက်တာ ပါ ကိုချစ်ထူးရယ်၊ ရှင်ကော သမီးလေးပါ ဘယ်တော့မှ မမေ့ပါဘူး ဟင့်...ဟင့်... ဟီး..ဟီး.. ဟီး"

သို့ပြောပြောဆိုဆိုဖြင့် ငိုလေတော့၏။

"မင်း ငါ့ကို လိမ်ညာပြောတာတော့ မကောင်းပါဘူး"

သူကြီးက မိစန်းကို ပြောလာလေ၏။

"သူကြီးအစ်ကိုကြီးရယ်၊ ခွင့်လွှတ်ပါ။ သည်အကြောင်းတွေသိ လျှင်ကျွန်မကို မွေးစားတော့မှာ မဟုတ်လို့ပါရှင်၊ နားလည်ပေးပါ အကိုကြီးရယ်..."

"ဟုတ်ပါတယ် အစ်ကိုကြီးရယ် ကျွန်တော်တို့ ညီမလေး အရွယ်ပဲ မဟုတ်လား။ ပြီးတော့မိစန်းလိုပဲလေ၊ ကြောက်တတ်တာကို ပြောတာပါ"

ရှမ်းဘောင်းဘီဝတ်က ဝင်ပြောလိုက်လေ၏။

သည်တွင် သူကြီးက ရယ်ရယ်လိုက်ပြီး

"အေးလေ ခုတော့လည်း ငါတို့ သိသင့်သလောက်သိရပြီ ပဲကွာ မင်းသူ့ကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်လိုက်ပါ၊ ပြီးတော့ ငါ့ညီမလေးလို့ သဘောထားပြီး ပြန်လက်ခံလိုက်ပါကွာ၊ အေး အစ်ခုတော့ ပြောချင်တယ်"

"ပြောပါ သူကြီး" ချစ်ထူးက ကပျာကသီ ဝင်ပြောလာချေ၏။

"ဖြစ်နိုင်လျှင် မင်းတို့မိသားစု ငါတို့နဲ့အတူတူလာနေပါလား။ ဒါ ခြံဝင်းက အကျယ်ကြီးပဲ ဘယ်လိုလဲ"

သို့ဆိုတော့ မိစန်းက ချစ်ထူးကိုကြည့်ပြီး

"အစ်ကိုချစ်ထူး ကျွန်မကို ခွင့်လွှတ်မယ်ဆို သူကြီးပြောသလို လုပ်ကြတာပေါ့ရှင့် အမှန်ပြောရလျှင် ကျွန်မလဲ ရွာကို မပြန်ချင်တော့ ဘူး ရှက်စရာလည်း ကောင်းပါတယ်..."

သို့ဆိုတော့ ချစ်ထူး မိစန်းကို စေ့စေ့ကြည့်လိုက်၏။

တွေဝေစဉ်းစားလိုက်၏။

အင်း မိစန်းပြောတာလဲ အဟုတ်သားကလား။ မလိမ္မာတစ်ခါ မိုက်၊ ဘယ်လို ခွင့်လွှတ်ရပါ့မလဲ၊ တကယ်တော့ သူကလည်း မိစန်း ကို မပြတ်နိုင်သေးဘဲကိုး။ ပြီးတော့ ကိစ္စပြီးပေါ့၊ ရွာမှာ ပြန်နေလျှင်လည်း ရွာက သူ့မိန်းမကို မေးငေါ့ကြမယ်၊ သူ့မိန်းမ မျက်နှာငယ်မယ် သို့ကြောင့်

"ဟုတ်ပါပြီ၊ သူကြီးပြောသလို လုပ်ပါမယ်"

"အေးကောင်းပါတယ်ကွာ၊ မင်းသည်မှာနေမယ်ဆိုလျှင် ငါက



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဆိုတော့ ငါ့စကားကို နားထောင်နော်၊ မင်းကလဲ ငါ့ယောက်ဖဖြစ်သွားပြီဆိုတော့ ငါ့စကားနားထောင်ရမယ်၊ မင်းတို့ မိသာတူတူ ပြန်ပေါင်းထုတ်ကြပေါ့ကွာ"

"ကောင်းပါပြီ"

"ကဲ..ကဲ.. လာကြချေကွာ ငါ့ညီလဲ ရောက်နေတာအတော်ပဲ"

သို့မှ သူတို့သည် သူကြီးအိမ်ပေါ်သို့ တက်ခဲ့ကြချေတော့သည်။

"အေးလေကွာ၊ တကယ်တော့ မိစန်းလေးက ဖြူးယောင်ကြောင့် တစ်ကြိမ်တစ်ခါမိုက်မိတာလို့ ငါပြောပါတယ်၊ နို့ကြောင့် ငါသူ့ကို နိုကိုးရာမဲ့ဖြစ်သမို့ ညီမအဖြစ် မွေးစားလိုက်တာလေ ငါ့မိန်းမကလဲ သူ့ ညီမလေးအရင်းလို သဘောထားပါတယ်ကွာ.."

သို့ဆိုသလို သူကြီးက ပြောသည်တွင် ချစ်ထူးက သူကြီးကတော်ဆိုသူအား လှမ်းကဲကြည့်လိုက်၏။

တကယ်ပင် ရင်းနှီးဖော်ရွှေချစ်ခင်ပုံရသဖြင့် ချစ်ထွန်းက စဉ်းစားလိုက်၏။

မိစန်း တကယ်ရိုးသားလို့ဖြစ်မပေါ့ သို့ဆိုတော့ သူကလည်း မိစန်းကို မပြတ်နိုင်ဖြစ်ခြင်းကြောင့်

"ကျွန်တော်သဘောပေါက်ပါပြီသူကြီး၊ ခုလို သူ့ကို စောင့်ရှောက်ထားတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်"

သို့ချစ်ထူးက စိတ်ပါလက်ပါပြောလိုက်၏။ ပြီး မိစန်းကိုကြည့်လိုက်၏။ မိစန်းတစ်ယောက်ဘာကြောင့်ရယ်မသိ မျက်စိမျက်နှာပျက်သွားတော့၏။



"ဘာဖြစ်လို့လဲ"

ချစ်ထူးက နှစ်ကိုယ်ကြားမေးလိုက်သည်တွင် မိစန်းတစ်ယောက် ပျက်နေသော မျက်နှာကို ကပျာကယာပြုပြင်သည့်အနေဖြင့် အပြုံးမျက်နှာတစ်ခု ဖန်တီးလိုက်ချေပြီး

"အာ..ဟင်း.. ဟင်း.. ကိုချစ်ထူး မိစန်းကို နားလည်ခွင့်လွှတ်တာ ကျေးဇူးတင်ပါတယ်"

လို့ မချိသွားဖြဲပြောလိုက်ချေ၏။

"အေးကွာ .. နို့ဖြင့်လည်း မင်းတို့ ငါတို့ရွာမှာပဲနေကြချေ၊ ဆောင်ယာလုပ်ကိုင်စားကြချေ၊ ငါ့မယ် တောင်ယာတွေရှိတယ်၊ ဘာသမီး ညီအကိုမောင်နှမမရှိတော့ မင်းတို့နှစ်ယောက်ကိုပဲ ငါ့ညီသား ညီမလို့ သဘောထားရတော့မပေါ့ကွာ၊ ဟုတ်လား မိန်းမ..."

သူကြီးက သို့ဆိုတော့ သူကြီးကတော်က ပြုံးလိုက်ချေပြီး

"ဘယ်လိုလဲကွယ်၊ ငါတို့ကို အစ်ကိုအစ်မအဖြစ် သက်ခံကြမလားဟေ"

သို့ သူကြီးကတော်ကလည်းပြောလေသဖြင့် မိစန်းနှင့် ချစ်ထူးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီးနောက် ချစ်ထူးက သူကြီးကတော်ဘက် လှည့်လိုက်ချေပြီး

"ဘယ့်နှယ်ပြောပါလိမ့် မမသူကြီးကတော်ရယ်၊ သိပ်ဖြစ်တာပေါ့"

"အို မဖြစ်သေးဘူးလေ"

"ဟင်"

"ဟာ"

သို့ပြောလာသည့် မိစန်းကို သူကြီး၊ သူကြီးကတော်နှင့် ချစ်ထူးတို့

www.burmeseclassic.com

www.burmeseclassic.com



သည် တအံ့တသြကြည့်လိုက်ကြချေ၏။

"ဘာလို့လဲ"

သူကြီးက မိစန်း၏ စကားကြောင့် မကြေမနပ်ဖြစ်သွားဟန်တူချေ၏။ သို့မေးလိုက်သံသည် ခပ်မာမာဖြစ်သွားတော့၏။ ထိုသည်ကို မိစန်းရိပ်မိလိုက်၏။ သူကြီးက သူ့အပေါ် မကြေမနပ်ဖြစ်သွားသည်ကြောင့်

"အို မဖြစ်ဘူးဆိုတာ မဟုတ်ပါဘူး၊ မဖြစ်သေးဘူးလို့ ပြောမလို့ပါ" သို့ မိစန်းက စကားကို ပြင်ပြောလိုက်ချေ၏။

"ဟုတ်ပါပြီ ဘာလို့ မဖြစ်သေးရမှာလဲ၊ ငါတောင်ဖြစ်သေးတာကွာ၊ မင်းဆို သူကြီးတို့နဲ့တွေ့တာကြာပြီ၊ ငါဆို ခုမှ သူကြီးတို့နဲ့ခုံရတာ၊ နို့ပေမင့် ငါ သူကြီးတို့ရဲ့ သဘောထားကို သိလိုက်တယ်လေ၊ နို့ကြောင့် ငါလဲခုံးဖြတ်လိုက်ပါပြီ မင်းနဲ့တူတူ သူကြီးညီအဖြစ် ညီမ အဖြစ် ရာသက်ပန် နေကြမလို့"

သို့ ချစ်ထူးက ပြောလိုက်ပြန်သည့်တွင်

"ဟုတ်ဘူးလေ၊ သမီးလေးကိုဘယ်လိုလုပ်မလဲ"

"ဟင်..."

"အို...."

သို့ဆိုတော့ ချစ်ထူး မျက်နှာသည်ပျက်သွားတော့၏။ ဘယ့်တွက်မှူ သူ့သမီးလေး မွေးစဉ်က သူ့သမီးရယ်လို့ စသိသိချင်း ပျော်သွားမိသည် ဆိုပေမင့်

"ချစ်ထူး မင်းသမီးလေးက မင်းနဲ့တူမှဖြစ်မှာနော်"

လို့ပြောလာသည့် သူ့ငယ်ချင်းတွေကို စေ့စေ့ကြည့်ပြီး

"ဟကောင်ရ ငါနဲ့တူတူ သူ့အမေနဲ့တူတူ အချောအလှ



ဖြစ်မပေါ့ကွာ၊ ဟဲ.. ဟဲ.. သူ့အမေနဲ့တူတော့လည်း သူ့အမေသေတဲ့အခါ သူ့ကိုယ်ပွားလေးကျန်ခဲ့တာပေါ့၊ ဘာဖြစ်တုံးကွာ" လို့ ပြန်ပြောခဲ့ဖူး၏။

သို့ပေမင့်

"ဟိတ်ကောင် မင်းနဲ့တူဖို့ အရေးကြီးတယ်"

"ဟ.. ဘာဖြစ်လို့တုန်း"

"မင်းနဲ့မတူဘဲ...."

သို့ပြောရင်း သူတို့စကားကို ရပ်လိုက်ကြကာ ချစ်ထူးမျက်နှာကို စေ့စေ့ကြည့်နေကြတော့၏။

"ပြောလေကွာ...ငါနဲ့ မတူဘဲ ဘယ်သူနဲ့တူရမှာလဲကွ လွန်ရော သူ့အမေနဲ့တူရုံပေါ့"

သို့ဆိုတော့ သူ့ငယ်ချင်းတသိုက် သူ့ကို သနားစရာသတ္တဝါလို ကြည့်လိုက်ချေပြီး

"ဟိုကွာ...ဟို...ဟို.."

"ဟိတ်ကောင်တွေ တော်ပြီ မင်းတို့စကားတွေ မဟုတ်တော့ဘူး"

"အေးလေ မင်းနဲ့ပဲ တူရမပေါ့.. ကဲပါကွာ တော်ကြတော့" သို့ဖြင့် ထိုနေ့ ထိုစကားနှင့် ပတ်သက်၍ ချစ်ထူးစဉ်းစားမိချေတော့၏။

"မိစန်းအကြောင်း သူတို့ ဘာတွေသိထားလဲ၊ မိစန်း ဘာတွေလုပ်ထားလို့ပါလိမ့်"

"ဟဲ့ ချစ်ထူး နှင့်မိန်းမယူလျှင် ကြည့်ယူနော် လည်းကျိုးထမ်းတဲ့နွားဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ ပြောမှုသည်တွင်

“အမေ မိစန်းအကြောင်းဘာသိလို့တုံး။ သားကိုပြောစမ်းပါ။ သားတကယ်မသိဘူး၊ အမေရယ် သားက တောထဲတောင်ထဲပဲ အနေများတာလေ”

သို့ဆိုတော့ သူ့မိခင်ဖြစ်သူက ချစ်ထူးကို ဂရုဏာသက်မိဟန်ဖြင့် ကြည့်လိုက်ချေပြီး

“သား သူများတွေပြောသလို မဟုတ်နိုင်ဘူးလို့ အမေထင်ပါတယ်”

လို့ ပြောလေသဖြင့်

“ဟင် အမေ အမေ့စကားက ဘယ်လိုတုန်း သားကို ရှင်းအောင် ရှင်းရှင်းပြောစမ်းပါ”

သို့ဆိုတော့ မိခင်ဖြစ်သူက

“အလကားပါကွယ်·· သားဘာမှ စိတ်ထဲမထားနဲ့တော့ ဟုတ်တယ် မိစန်းကိုပဲ ဂရုစိုက်ပါကွယ်··· အမေစိုးရိမ်လွန်သွားတာဖြစ်မပေါ့”

“အော်··· အမေရယ်”

သို့အမေ့စကားကို ပြန်ကြားယောင်မိသလို

“ချစ်ထူး မင်းမိန်းမကို ငါ သံပုရာခုံရွာမယ် တွေ့မိသလိုပဲကွာ”

“ဟကောင်ကြီးရာ သံပုရာခုံရွာက သူ့ဇာတိပဲကွ၊ သူ့မိဘတွေ ဆွေမျိုးတွေဆီသွားတာ ဘာဖြစ်တုံး···”

“မင်း ဘာလို့ လိုက်မသွားတာလဲ”

“ဟကောင်ရ ငါမနေ့တစ်နေ့ကမှ တောထဲက ပြန်လာတာလေကွာ သူ့အမေဆီ သူသွားတာဘာဖြစ်လဲ”



သို့ သူက ပြောလိုက်သည်ဆိုပေမင့် သို့ပြောလာသူက ...ကိုစေ့စေ့ကြည့်လာချေတော့၏။ သူ့ကို တစ်စုံတစ်ခု သတိပေး ...ပြောလို ဟန်ဖြစ်ချေ၏။

...ကြောင့်

“မင်းပြောကွာ···· ပွင့်ပွင့်လင်းလင်း ငါဘာမှမသိဘူး”

“အေး မင်းဘာမှ မသိတာကောင်းပါတယ်”

ထိုလူက သို့ပြောပြီး ချစ်ထူးကို ပြုံးပြထွက်သွားလေတော့ ...၏။

ဘုရားရေ မိစန်းနှင့် ပတ်သက်၍ သူဘာမှမသိပေပြား လူ ...တော်များများက မိစန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တစ်စုံ ...တစ်ခု သိထားဟန်တူချေတော့၏။ သို့မှ ချစ်ထူး မိစန်းနှင့် ပတ်သက်၍ ...စေ့တစောင်း အကဲခတ်မိချေ၏။ သို့ဆိုတော့

“ဟင်”

သူတစ်နေ့ လုံးဝ အံ့အားသင့်သွားသည့် မြင်ရပ်ကို ကြုံလိုက် ...၏။ သူ့အမေအိမ်မှ ပြန်လာသည်ဆိုသည့် မိစန်းကို ရွာအဝင်လမ်း ...တွင် ချစ်ဖေနှင့်တွဲလျက်တွေ့လိုက်ရ၏။

“ချစ်ဖေဆိုတဲ့ကောင်က လူရှုတ်လူပွေ၊ လူလိမ် သို့ဆိုတော့ ...မိန်းနှင့်ဘာလို့ အဲဒီကောင်နဲ့ တူတူ လျှောက်လာတာလဲ”

သို့ သူက မေးလေ၏။

သည်တွင် မိစန်းက

“ကိုချစ်ဖေနဲ့က တစ်ရွာတည်းသားတွေပဲ၊ လမ်းကြုံလို့ ...တူတူ လာကြတာပါ။ ဟွန်း· အဖြစ်သည်းနေလိုက်တာ၊ သူ့မယား

www.burmeseclassic.com



က အပျိုရုံးအောင်လုတာလည်းမဟုတ်ဘဲနဲ့ ခစ်··ခစ်·· ပြီးတော့ ကလေးတစ်ယောက်အမေပါရှင်၊ ကိုချစ်ဖေလို လူလွတ်တစ်ယောက် ကစဉ်းစားပါ့မလား။ ကျုပ်က သူ့စိတ်ဝင်စားတယ်ဆိုဦးတော့··"

"ဟင် မင်းပြောပုံက သူက မင်းကိုစိတ်ဝင်စားရင် မင်းက လက်ခံမယ်ဆိုတဲ့ သဘောပေါ့"

"အဲ·· အဲ့လို မဟုတ်ပါဘူး သဘောပြောတာပါ"

"ဟုတ်ပြီလေ၊ မင်းနဲ့ ဘာမှမပတ်သက်ဖူးဆိုတော့ ထားတော့ နို့ပေမင့် ငါသတိပေးထားမယ် မင်းနောက်ဘယ်တော့မှ သူနဲ့ တူတူ နှစ်ယောက်တည်း တွေ့တာတို့ဘာတို့ မရှိစေချင်ဘူး ဟုတ်ပလား"

"စိတ်ချပါရှင့် ကိုချစ်ထူး သဝန်ကြောင်ကြီးရယ်··ဟဲ·· ဟဲ" သို့ဆိုသလို တစ်ပြန်တစ်လှည့် မိစန်းတစ်ယောက် လှောင်ပြောင် ရယ်မောစရာလိုသဘောထားကာ ဆက်ဆံလာခြင်းကြောင့် သူ သူမကို မကြေနပ်မိပါချေ။ သို့ပေမင့်လို့

"ရှိစေတော့ သူတစ်ဘက်သတ် သဝန်တိုနေခြင်းသည်လည်း ဖြစ်နိုင်၏။ သို့ပေမင့်လို့ တကယ်တကယ်တမ်းသူ စုံစမ်း၍တော့ မဟုတ်၊ တစ်ဆင့် တစ်ဆင့် ကြားလာရသည်မှာ သူနှင့် မရခင်က မိစန်းတစ်ယောက် ချစ်ဖေနှင့် ရည်းစားဖြစ်ခဲ့သည်ဟုဖြစ်ချေ၏။

သို့ဆိုတော့ သည်ကလေး မိန်းကလေး။ သမီးမိန်းကလေး နောက်တွယ်တွင် ပြောနေကြသလို သူ့သမီးမှ ဟုတ်ပါလေစ၊

သို့ကြောင့်

"မိစန်း မှန်မှန်ပြော မင်း ငါနဲ့မဆုံခင်က ချစ်ဖေနဲ့ သမီးရည်းစား ဖြစ်ခဲ့တယ်ဆို··"



"အလိုလေးတော် ဘယ်သူတွေ သွားပုပ်လေလွင့် ပြောလာ ပြန်တာပါလိမ့်"

"မဟုတ်လည်းပြီးတာပဲကွာ၊ ကဲ့ရဲ့ (၇) ရက်၊ ချီးမွမ်း (၇) ရက်ပဲ၊ လူအလို နတ်မလိုက်နိုင်ဆိုသလိုပေါ့ကွာ၊ မြည်းတစ်ကောင်နဲ့ သားအဖလို ဖြစ်နေမလားမသိဘူး၊ နို့ဆိုတော့ ပြောချင်သူတွေ ပြောကြပါစေကွာ၊ မင်းကော ငါကော မှန်လျှင်ပြီးတာပဲ၊ ငါတို့ ဘဝမယ် သမီးလေးလဲ ရှိနေပြီပဲ ဟုတ်ပြီလား"

"နို့ပေါ့ ကိုချစ်ထူးရယ်"

သို့ဆိုတော့ သူတို့လင်မယား စိတ်ကောက်ပြေလည်သွားကြပြန်၏။ သို့မှသည် ချစ်ထူးတစ်ယောက် လွန်မင်းစွာ ညံ့ဖျင်းသူဖြစ်မှန်း သူ့မိန်းမ ဖောက်ပြန်လေမှ သိတော့၏။

သို့ဆိုတော့ကာ

"ချစ်ဖေနှင့် မိစန်း တစ်ညချိန်းတွေ့၊ သည်ကောင်နှင့် ထွက်ပြေး ကြလေခြင်းပင်၊ သို့ဆိုတော့ ချစ်ထူးတစ်ယောက် ကလေးအပေါ် သံသယဖြစ်ပေါ်မိသည်ကြောင့် သူကြီးတို့တွေ မွေးစားမည်ဆို၍ ပေးလိုက်၏။ သူကို ပစ်သွားသော မိစန်းကို လိုက်ရှာလေတော့၏။ တစ်ချိန်လုံး လူကို အယုံသွင်းခဲ့သည်ကို၊ သူ့ မိစန်းကို မကြေနပ်၊ လုပ်ရပ်လေခြင်းဆိုလျှက် ရိုက်နှက်သတ်ဖြတ် ချင်စိတ်ပင် ဖြစ်မိလေ၏။ သို့မှ

"သည်မအူပုံရွာလေးတွင် မိစန်းကို ခြေရာကောက်မိတော့ ၏။ သို့ဆိုတော့ သူနှင့် ချစ်ဖေပြတ်စဲနေသည်ကို သိရ၏။ ပြီးမအူပုံ သူကြီးတို့ကလည်း မိစန်းနှင့် ပတ်သက်၍ ယုံစားနေကြပြန်သဖြင့် သူခွင့်လွှတ်လိုက်တော့၏။ သူ့ဘဝကို အသစ်ပြန်စမည်။ သို့ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မိစန်းနှင့် သူ မအူပုံတွင် နေကြမည်။ ကလေးကိုတော့ သူကြီးကို မွေးစားဖို့ ပေးခဲ့သည်ကိုး။ သို့ဆိုတော့ ဟန်ကျလေပြီပေါ့၊ ရွာကို သူမပြန်ချင်၊ ရွာပြန်လျှင် ချစ်ဖေနှင့် ပြန်မျက်နှာချင်းဆိုင်နေရမည်။ သို့ဆိုတော့ သူမျက်နှာ ဘယ်သွားထားရမည်လဲ၊ ပြီးတော့ မိစန်းကလဲ ချစ်ဖေနှင့် တွေ့လျှင် စိတ်ပြန်မလည်ဘူးလို့ ပြောလို့ရမလား။ သို့ဆိုတော့ အကောင်းဆုံးသည် သူတို့ ထိုမအူပုံရွာတွင် အခြေချကြမည်ပေါ့..."

သို့ပေမင့် မိစန်းက ကလေးကို တမ်းတလာချေပြီ။

"ရှင့်မို့လို့ သမီးကို သူများလက်အပ်ချင်တယ်"

သို့ မိစန်းက ပြောသဖြင့်

"အော် မင်းကတော့ သည်ကလေးကို ရက်ရက်စက်စက်ထားပြေးသွားတာကျတော့ ကောင်းလား"

သို့ သူပြန်ပြောလိုက်သည်တွင်

"နို့ပေမင့်ရှင် ကျွန်မကို ချစ်ဖေက ဖြားယောင်းတာနားယောင်သွားသလို ကိုချစ်ထူးကိုလည်းကြောက်လို့ ပြေးရတာပါရှင့်၊ စောစောကပြောတော့ ခွင့်လွှတ်ပြီဆို၊ ခု ကျွန်မက သမီးနဲ့ ကိုချစ်ထူးနဲ့ တူတူ နေထိုင်ပြုစုချင်တဲ့ သဘောကြောင့်ပါရှင့်၊ နို့ဖြင့်လည်း ကိုချစ်ထူးသဘောပါ"

သို့ပြောပြီး မိစန်းတစ်ယောက်တအင့်အင့်နှင့် ရှိုက်ကြီးတငင်ငိုကြွေးလေတော့၏။

"ဟီး..ဟင့်...ဟင့်...ဟင့်..ဟင့်"

"ကဲ..တော်ပါ မိစန်းရယ်..ဟုတ်ပြီလေ၊ သမီးကို သွားခေါ်ကြမယ် သူကြီးတို့ နားလည်တယ်မဟုတ်လား"



ချစ်ထူးက သို့ပြောပြီး မိစန်းက အငိုရပ်လိုက်ကာ

"ငါတို့ နက်ဖြန်သမီးလေးကို သွားခေါ်ကြတာပေါ့.." လို့ ပြောလိုက်လေ၏။

သို့ဆိုတော့ သူကြီးက

"အေးကွာ ငါတို့လဲ တူမလေးတစ်ယောက်ကောက်ရသလိုဖြစ်တော့မပေါ့၊ ကဲ ကဲ မင်းတို့ နားနားနေနေနေချေ၊ ငါအစောကြီးတောတက်စရာရှိလို့ ငါတော့ အိပ်ရာဝင်မဟေ့" သို့နှယ်ပြောပြီး သူကြီးကတော်ကို မျက်ရိပ်လှမ်းပြ ခေါ်သွားချေတော့၏။

ပါးရည်နပ်ရည်ရှိသော သူကြီးပါကလား၊ သူတို့လင်မယားမတွေ့ဆုံတာ ကြာပြီဆိုတော့ တွေ့တုန်း လွတ်လွတ်လပ်လပ်နေစေချင်သည့်သဘောဖြစ်ချေတော့၏။

"ငါတို့တွေ လသာသာလမ်းလျှောက်သွားကြရအောင်"

ချစ်ထူးက ကောင်းကင်ယံကို မော့ကြည့်ပြောလိုက်၏။

"ဟုတ်"

သို့ဆိုတော့ ချစ်ထူးနှင့် မိစန်း သူကြီးအိမ်မှ ထွက်ခဲ့ကြ၏။ ရွာလမ်းမကြီးသည် လရောင်အောက်တွင်ဖြူးလို့နေချေ၏။

သူတို့ နှစ်ယောက် ရွာလမ်းမကြီးအတိုင်း အနောက်မှသည် အရှေ့သို့ တူယှဉ်တွဲ လမ်းလျှောက်ထွက်ခဲ့ကြ၏။

ပတ်ဝန်းကျင် လူအချို့ သူတို့လင်မယားကို ကွက်ကြည့်ကွက်ကြည့် ပြုံးစေ့စေ့ လုပ်နေကြတော့၏။

သို့မှ မအူပုံရွာလမ်းလေးမှ ပြန်ပေါင်းထုတ်လင်မယားကို သမင်းကြီးက အပြုံးဖြင့် ကြိုဆိုနေလေသည့်အလား ထင်မှတ်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ဘာတွေပြောနေကြသည်မသိ။

ရယ်ကာရမောကာ တွန်းကာထိုးကာ ညာကာစလင်မယား အလား ထင်မှတ်ရ၏။

ချစ်ထူးတစ်ယောက် တစ်ချိန်က မိစန်းဆိုသည်ကို မေ့နေဟန်၊ အလားဆိုသလို မိစန်းတစ်ယောက်သည်လည်း ချစ်ထူးကို ပစ်ပြေး ခဲ့လေခြင်းကိစ္စ အိပ်မက်အလား ထင်မှတ်ထားပုံပင်

မည်သို့ပင်ဆိုစေ ပြီးသည်ကား ပြီးပြီပေါ့ အသစ်တဖန် ဘဝ ပြန်စကြလေမည်ပေါ့···။

နောက်နေ့နံနက်တွင် ချစ်ထူးနှင့် မိစန်းတို့သည် လှည်းကြုံ ဖြင့် ဖာလာစခန်းသို့ ထွက်ခဲ့ကြ၏။

ဖာလာစခန်းမှသည် သူတို့သစ်လုံးတင် သစ်တိုက်ကားကြုံ ဖြင့် ပြင်စလူရွာသို့ ပြန်ရန်ဖြစ်ချေ၏။

"မင်းတို့လင်မယား လမ်းမှာစားဖို့··" ဆိုလျက် မအူ ရွာသူကြီးက ကောက်ညှင်းပေါင်းများထည့်ပေးလိုက်၏။ အမဲကြော်များ ထည့်ပေးလိုက်၏။

"မင်းတို့တွေ ကလေးခေါ်ပြီး ပြန်လာခဲ့ကြကွနော်" လို့လည် သူကြီးက တစ်ညလုံး တစ်ချိန်လုံး ပြောနေချေ၏။

"ကြည့်ရတာ မင်းဟာ သူတော်ကောင်းမလေးမို့ ခုလို သဘောကောင်းတဲ့သူတွေနဲ့တွေ့တာကွ"

သို့ ချစ်ထူးက မိစန်းပခုံးလေးကိုဖက်၍ ပြောလေ၏။

"ဟုတ်မှလဲလုပ်ပါ ကိုချစ်ထူးရယ်၊ ကျွန်မက မိုက်မဲတဲ့သူပါ ကိုယ့်လင်ကြီးနဲ့ သမီးလေးကိုပစ်ပြီး ထွက်ခဲ့တဲ့ အမိုက်မပါရှင်·· ဟင်း·· ဟင်း"



"အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ မိစန်းရယ် နို့ကလည်း ငန့်ကြွေးကြောင့်လို့ ပြောလျှင်လည်းရတယ်၊ ပြီးတော့ ဟိုကောင် ချစ်ဖေရဲ့ သွေးဆောင်ဖြားယောင်းမှုကြောင့်ဆိုတာပဲ ဖြစ်တော့မပေါ့ ဘာကယ်တော့ မင်းက လူကောင်းလေးပါကွာ"

"ဘယ်လိုပြောပြောရှင် ကျွန်မကတော့ မျက်နှာပူပါရဲ့"

"မဟုတ်တာ မိစန်းရယ်၊ အဲလို မဖြစ်ခဲ့ဖူးလို့ မှတ်ထားလိုက် ပေါ့ ကိုချစ်ထူးလဲ အဲလိုပဲ မှတ်ထားပါ့မယ်"

"တကယ်ပြောတာလားကိုချစ်ထူး"

"အေးပါဟ"

"ဟဲ·· ဟဲ·· နို့ဖြင့် ကျွန်မ ကတိပေးပါတယ် ကိုချစ်ထူး ရယ်၊ နောင်အဲလို ဘယ်တော့မှ မဖြစ်စေရပါဘူး··"

သို့ သူတို့ပြောနေကြသည်ကို လှည်းသမားက ကြားလိုက်ရ သည်ကြောင့် ဘာကို သဘောကျသွားသည်မသိ ပြုံးစိစိဖြစ်နေချေ တော့၏။

"ဟဲ့ ··· နွား"

သို့လည်း ပုံမှန်သွားနေသော သူ့နွားတို့ကို ကြိမ်ရိုက်နှင်လေ တော့၏။

"ဒိုး···ဒိုး··"

"ဒိုး"

"ဒိုး"

"အလားလား"

လှည်းသည် လမ်းကြမ်းပေါ်သွားနေသည်ကြောင့် လှည်းဆောင့်ခြင်းဖြင့် လှည်းပေါ်ပါ ချစ်ထူးနှင့် မိစန်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖင်ညောင်ရိုးများ နာလာလေသဖြင့် မျက်နှာများရှုံ့မဲ့နေကြချေတော့၏။

သို့မှသည်လှည်းသည် နေထွက်ပြူပြီး အပူရှိန် အနည်းငယ်မျှ ရလာသည့်တွင် လှည်းဆရာက သူ၏နွားနဖါးကြိုးတို့ကို တုန်ခါ လိုက်သည်ကြောင့် လှည်းသည် ရုတ်ခြည်းရပ်သွားတော့၏။

"ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ဘူး။ ခဏနားမယ်လို့"

"အော်"

သို့ဆိုတော့ ချစ်ထူးနှင့် မိစန်းသည် ခြေဆန့်လက်ဆန့် အညောင်းအညာပြေ အလို့ငှာ လှည်းပေါ်မှ ဆင်းလိုက်ကြ၏။

"ငါ ဟိုနားလေးက တဲနားသွားချေဦးမယ်၊ မင်းတို့ သိပ်ဝေးဝေး မသွားကြနဲ့နော် တော်ကြာနေ ငါပြန်လာခဲ့မယ်"

လှည်းဆရာက သို့ သူတို့ကို ပြောလေသဖြင့် လှည်းဆရာ၏ ဟိုနားလေးဟု ညွှန်ပြနေရာကို လှမ်းကြည့်လိုက်ပြီး

"ဟိုနားလေးသာဆိုရဲ့ အတော်လေး အလှမ်းဝေးသားကလား"

"ဟုတ်ပြီလေ၊ သွားပါ ကျွန်တော်တို့လည်း သည်နားတင် ရှိနေမှာပါ"

"အေးအေး ငါမြန်မြန်ပြန်ခဲ့ပါ့မယ်"

သို့ဆိုလျက် လှည်းဆရာသည် သူတို့အပါးမှ သွက်လက်သော ခြေလှမ်းဖြင့်ထွက်သွားလေတော့၏။

လှည်းဆရာထွက်သွားသည့်တွင် မိစန်းနှင့် ချစ်ထူးသည် ဟိုနား သည်နား အညောင်းပြေ အညာပြေ လမ်းလျှောက်စကားပြောကြတော့၏။



ဘာရယ်တော့မဟုတ်။ ရေနွေတို့ ဘဝကို ဘယ်လိုရပ်တည်မည်။ ပြီးတော့ သမီးလေးကို ဘယ်လိုပြုစုပျိုးထောင်မည် စသဖြင့် တို့သာလျှင်ဖြစ်ချေ၏။ သို့ဆိုတော့ ချစ်ထူးကသာ လိုက်လိုက်လဲ့လဲ့ ဦးဆောင်ပြောနေခြင်းဖြစ်တော့၏။ သို့မှ အတန်ကြာချိန်တွင် လှည်းဆရာ ပြန်ရောက်လာတော့၏။

"သွားကြစို့"

သို့ဆိုတော့ ချစ်ထူးနှင့်မိစန်းကလည်း လှည်းပေါ်ပြန်ရောက်သွားကြတော့၏။

"လှည်းဆရာဘယ်သွားတာတုံး"

ချစ်ထူးကဘာရယ်မဟုတ် စပ်စပ်စုစုမေးလိုက်၏။

"အင်းပြောရလျှင်ဖြင့် ဖာလာစခန်းက ငါ့မိတ်ဆွေတွေမှာ တဲ့ ကျော်မင်းနိုင်ကြီးအရက် သွားဝင်ယူခဲ့တာကွ"

"အော်·· ဟုတ်ပါ့ သည်နားတစ်ဝိုက်မတော့ ကျော်မင်းနိုင်ကြီးရဲ့ ချက်အရက် အကောင်းဆုံးပေပဲကွနော်·· "

"မင်းတို့က ပြင်စလူရှာသွားမလို့ဆို"

"ဟုတ်တယ်မျ"

"နို့ဖြင့် ဖာလာမယ် တစ်ထောက်နားကြမပေါ့"

"ဟုတ်"

"နို့နေပါဦး သည်ကလေးမက သူကြီးရဲ့ ညီမဆိုကွ··"

သို့ဆိုတော့ ချစ်ထူးသည် မိစန်းကို ပြုံးစစမျက်နှာပေးဖြင့် ကြည့်လိုက်ချေပြီး

"ဟုတ်ပါ့ဗျာ"

"အင်း ငါလည်း သည်ရွာကပဲ၊ သူကြီးမယ် ညီမရှိတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ခုမှ သိရတာ...”

“အော်..ဖြစ်နိုင်ပါတယ်၊ ကျွန်မက မြို့ပြမှာနေတာလေ၊ သူနဲ့ အိမ်ထောင်ကျပြီး ပြင်စလူမယ်နေတာပေါ့၊ ခု အစ်ကိုကြီးဆီ လာလည်တာကလား....”

သို့ဆိုသလို မိစန်းကလည်း အဆင်ပြေအောင်ပြောလေတော့၏။

“အင်း မင်းတို့သူကြီးက ငါ့ကို မှာလိုက်တာကွ၊ ဖာလာ ရောက်လျှင် စားဖို့သောက်ဖို့ တည်းဖို့စီစဉ်ပေးခိုင်းလေတယ်”

“ဗျာ.. အဟုတ်လား”

“ဟုတ်ပါ့ကွာ”

“ဟင်...သို့ဆိုတော့လည်း ကျွန်တော့်ယောက်ဖသူကြီးက ဘယ်ဆိုးလို့တုံး...ဟင်း...ဟင်း”

သို့ ချစ်ထူးက သဘောကျ ရယ်မောလိုက်ပြီး မိစန်းကို စေ့စေ့ကြည့်လိုက်၏။

“ဟွန်း”

မိစန်းကသူ့ကို ချစ်ထူးမည်သို့ အဓိပ္ပါယ်နှင့်ကြည့်နေသည်ကို သိလေသဖြင့် သို့ ပါးကိုရွဲ့ကာ မြုံးလျက် တစ်ဖက် လှည့်သွားတော့၏။

“သစ်တိုက်ကားက ဖာလာကို ဘယ်အချိန်ရောက်မှာလဲ”

“ဟင်.. မင်းတို့မသိဘူးလား”

“ဘာတုံးဗျ”

“သည်တောင်လမ်းကြောကို သစ်လုံးတင်ကား၊ သစ်တိုက် ကားအား မလာကြဘူးလေ”



“ဟင် နို့ဖြင့် ကျွန်တော်တို့ ပြင်စလူရွာကို ဘယ်လိုသွားရ မှန်းမသိတော့ဘူးဗျာ”

သို့ဆိုတော့ လှည်းဆရာက

“သည့်တွက်မပူပါနဲ့ကွာ အဲဒီဖာလာကနေ မနက်လင်းအား ကြီးမယ် “ပြင်စလူ” ဘက်သွားတဲ့သူတွေရှိပါတယ်၊ သူတို့နဲ့ လူကြုံ လိုက်သွားချေပေါ့၊ ငါအသိလှည်းသမားတွေရှိလျှင် အဲဒီဘက် လိုက်ပို့ခိုင်းလိုက်ပါ့မယ်၊ ဘာမှမပူပါနဲ့ ဖာလာရောက်လျှင် မင်းတို့ကို စောင့်ရှောက်မယ့်သူရှိပါတယ်”

“နို့ဖြင့်လည်း ခုကတည်းက ကျေးဇူးတင်ပါတယ်”

လို့ ချစ်ထူးက ပြောလာသည်တွင် လှည်းဆရာက ပြန်လည် ပြုံးပြလိုက်ချေတော့၏။

သို့မှလည်း လှည်းသည် တရွေ့ရွေ့ ဘီးလိမ့်ထွက်ခဲ့ရာမှ နေလည်းနေအတော်စောင်းလာတွင် လှည်းသည် ရပ်သွားပြန်၏။

“ဘယ်လိုဖြစ်ပြန်တာလဲ”

“သည်နားမယ် ချောင်းရှိတယ်၊ ငါ နွားတွေကို ရေတိုက်ရ ဦးမယ်”

“အော်”

သို့ဆိုတော့ ချစ်ထူးနှင့် မိစန်းတို့လည်းပေါ်မှ ဆင်းလိုက်ကြ ရပြန်ချေတော့၏။ လှည်းဆရာသည်သူ၏ နွားနှစ်ကောင်ကို လှည်းထမ်းပိုးအောက်မှ ဖြုတ်ကာ ဆွဲသွားလေ၏။

“ခြေလေးလက်လေး ဆေးလိုလျှင် လိုက်ခဲ့ကြနော်”

“ရပါတယ်ဗျာ၊ သည်ကနေ စောင့်ပါ့မယ်...”

သို့ဖြင့် မိစန်းနှင့် ချစ်ထူးသည် လှည်းနှင့် ခပ်လှမ်းလှမ်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပုပ်ပင်ကြီးအောက်သို့ သွားကာ အေးအေးလူလူ ထိုင်လိုက်ကြတော့၏။ အတန်ကြာတွင် သူတို့ လှည်းလမ်းကြောင်းအရှေ့မှနေ၍ လူသုံးယောက် လျှောက်လာသည်ကို မြင်လိုက်ကြ၏။

ထိုလူသုံးယောက်ကား ဝါးခုတ်သမားများ ဖြစ်ဟန်တူ၏။ ပုလိုင်းကိုလွယ်၍ ဓားမတိုကြီးများကို ခါးချိတ်ထားကြ၏။

တစ်ယောက်သောသူ၏ လက်ထဲတွင်မတော့လောက်လေးမွ ပါလာချေ၏။ သို့မှ ချစ်ထူးတို့အနားရောက်လာကြ၏။

"ဘယ်သွားကြမလို့တုံး"

သို့ တစ်ယောက်သောသူက လှမ်းမေးလေသဖြင့်

"ဘယ်မှ မသွားဘူး။ လှည်းဆရာ သူ့နွားတွေကို ရေသွားတိုက်တုန်းခဏနားနေပြီး ဖာလာသွားကြမလို့"

သို့ဆိုတော့ ထိုသူ သုံးယောက်မှ တစ်ယောက်သည် မိစန်းကို စေ့စေ့ကြည့်နေလေပြီး

"မင်း မင်း ချစ်ဖေမိန်းမမဟုတ်လား"

"ဟင်"

"အို"

နို့ဆိုတော့မိစန်းတစ်ယောက် အံ့အားသင့်သွားချေပြီး ချစ်ထူးကို လှည့်ကြည့်လိုက်၏။

ချစ်ထူးက သို့ပြောလာသူကို စိမ်းစိမ်းကြည့်လိုက်ချေပြီး

"ဒါ ငါ့မိန်းမကွ မင်းဘာလာကြောင်တာလဲ" ပြောလိုက်လေ၏။

သည်တွင် ထိုလူက ချစ်ထူးကို စေ့စေ့ကြည့်ပြီး မိစန်းကိုပါ ကြည့်လိုက်ချေပြီး



"အား… လူတူလို့ဖြစ်မှာပါ‥ တောင်းပန်ပါတယ်ဗျာ"

သို့ဆိုလျက် ထိုသူသည် သူတို့အပါးမှ ထွက်သွားသည်ဆိုပေမင့် သူတို့ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ရှိနေလေတော့၏။

"အားနာလိုက်တာ ကိုချစ်ထူးရယ်"

ည်သို့ အစိပ္ပါယ်နှင့် မိစန်းပြောလိုက်လေသည်တော့မသိ၊ ချစ်ထူးက မိစန်းကို တစ်ချက်မျှ စိုက်ကြည့်ချေပြီး

"အင်း ဘယ်တတ်နိုင်ပါ့မလဲလေ၊ နို့ကြောင့် ကိုချစ်ထူးတို့ မအူပုံရွာမှာပဲ နေကြလျှင် အကောင်းဆုံးဖြစ်မယ် ထင်တယ်"

"ဟုတ်ပါတယ် ကိုချစ်ထူးရယ်၊ ဒါတွေဟာ မိစန်းရဲ့အမှားတွေချည်းပါ နောင်သည်လိုအဖြစ်မျိုး ကြုံစရာမရှိအောင် မိစန်းတို့ မအူပုံမှာပဲ နေကြတာပေါ့ရှင်၊ ခုတစ်လောလေးတော့ သည်းညည်းခံနေကြ ရတော့မပေါ့"

"ကဲ‥ကဲ‥ သွားကြစို့"

သူတို့နှစ်ယောက်လည်း လှည်းဆရာရောက်လေသည်ကိုပင် သတိမထားမိကြချေ၊ သို့မှ သူတို့သည် ထိုနေရာမှ ထွက်ခဲ့ပြန်လေ၏။

တစ်လမ်းလုံး လှည်းဆရာသည် ဘာကြောင့်ရယ်မသိ သူ့နွားတွေကို ကြိမ်ဖြင့် ထပ်တလဲလဲ ရိုက်နှက်နေချေ၏။

"နွားတွေ သနားပါရဲ့ သိပ်ရိုက်မနေပါနဲ့ဗျာ"

သို့ ချစ်ထူးက ဝင်ပြောလေ၏။

သည်တွင် လှည်းဆရာက

"အေး ငါတို့ ဟိုနား သည်နားနဲ့ ဖာလာကို ကနေ့ည မမှောင်ခင်ရောက်မှ ဖြစ်မှာကွ၊ နို့ကြောင့် ငါနွားတွေကို မြန်မြန် သွားခိုင်းရတာ"

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် ဖာလာကို ညဦးမှ ရောက်မှာပေါ့"

ချစ် ထူး က အံအားသင့်မေးလေတော့၏။

"နို့တောင်မှ သည်ကောင်တွေ လမ်းမယ်ဘာမှ မဖြစ်မှ ပါကွာ"

"ဗျာ"

"မပူပါနဲ့၊ သည်ကောင်တွေကို ရေတိုက်ပြီးပြီ ရေချိုးပြီးပြီ ငါစိတ်လောနေလို့ပါကွာ၊ အချိန်မီ ဖာလာရောက်သွားပါလိမ့်မယ်"

သို့မှတဖန် လှည်းသည် ဝင်ရိုးသံတအီအီဖြင့် လှည်းလမ်းကြောင်းအတိုင်း တအီအီသွားနေပြန်တော့၏။

"အင်း ‧ ဖာလာကို မှောင်မှရောက်လျှင်လည်း ကောင်းပါတယ်လေ"

သို့ပြောလာသည့် မိစန်း ဘယ်လိုအဓိပ္ပါယ်နှင့် ပြောလေသည်ကို သိလိုက်သော ချစ်ထူးက

"သည်လောက်ကြီးလဲ မဟုတ်ပါဘူး။ ဘာဖြစ် လဲ အသိနဲ့တွေ့တော့ကော ဘာဖြစ်မှာလဲ‧‧‧"

"အော် ကိုချစ်ထူးအတွက်ပါ"

"ဒါတွေတွေးမပူပါနဲ့ကွာ‧‧‧ဟုတ်လား"

သူတို့နှစ်ယောက်ဘာတွေပြောနေကြသည်ကို လှည်းဆရာတော့ဖြင့် သိနိုင်မည်မဟုတ်ပါချေ။

သို့ပေမင့်

"ဖာလာမယ် အသိအကျွမ်းရှိနိုင်မလား"

"ဘာလို့တုန်း"

ချစ်ထူး က မေးလိုက်၏။



"ဘာရယ်မဟုတ်ပါဘူးကွာ၊ မင်းတို့ကြည့်ရတာ အသိအကျွမ်းနဲ့ တွေ့မှာဆိုမှာ စိုးရိမ်နေသလိုပဲ‧‧‧"

"အာ မဟုတ်ပါဘူး‧‧‧ဟင်း‧‧‧ဟင်း"

သို့ချစ်ထူးက လှည်းဆရာကိုပြောလိုက်ပေမင့် မျက်စိမျက်နှာပျက်သွားချေတော့၏။

"သိပြီ‧‧‧ သိပြီ‧‧ မင်းတို့ခုမှ ခိုးရာလိုက်ခဲ့ကြတာ မဟုတ်လား"

အလိုလေးဗျာ ချစ်ထူးတစ်ယောက် လှည်းဆရာစကားကြောင့် ရယ်ရမလို ငိုရမလို ဖြစ်သွားချေတော့၏။

မိစန်းတစ်ယောက် ပြုံးစိစိဖြစ်သွားချေတော့၏။

"အဲလိုပဲ မှတ်လိုက်ပါဗျာ"

ချစ်ထူးက ပြီးစလွယ် ပြောလိုက်ချေတော့၏။ သို့မှ လှည်းဆရာသည် နောက်လှည့်ကြည့် ပြုံးလိုက်ချေပြီး

"ဖာလာရောက်လျှင် စိတ်ချ ငါ့မိတ်ဆွေဈေးဆိုင်ရှိတယ်၊ အဲဒီမယ်တည်းပေါ့‧‧ သူတို့တဲက အကြီးကြီးပဲ၊ မင်းတို့နှစ်ယောက် သူတို့ကို ငွေစလေး နည်းနည်းပေးလိုက်၊ မင်းတို့ကိစ္စတောင် ဘယ်သူမှ သိမှာ မဟုတ်ဘူး‧‧‧‧"

"ဟင်"

သို့ဆိုတော့ ချစ်ထူးတစ်ယောက် မိစန်းကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေတော့၏။

"ကောင်းတာပေါ့ လှည်းဆရာရယ်၊ ပြီးတော့ စားဖို့ သောက်ဖို့ပါ စီစဉ်ပေးလို့ရမလား"

"သိပ်ရတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် လှည်းသည် တအိအိဖြင့် လှည်းလမ်းကြောင်းအတိုင်း ခရီးနှင်နေခဲ့ဖြစ်ချေတော့၏။

လှည်းဆရာ၏ လှုံ့ဆော်မှုကြောင့် နွားနှစ်ကောင်သည် မရပ်မနား ရှန်းကန်လှည်းဆွဲခြင်းကြောင့် မှောင်စပျိုးတွင် ဖာလာသို့ ရောက်ခဲ့ကြတော့၏။

ဖာလာတွင်ရှိ လူတို့သည် သူတို့လှည်းကို ကွက်ကြည့် ကွက်ကြည့်ဖြင့် ကြည့်နေကြတော့၏။

"ဟာ… ဘဖိုးမောင်ကြီးပါလား… ကျုပ်တို့တွက်ပါလား"

တစ်ယောက်သောသူက သို့လှည်းဆရာကို လှမ်းပြော လိုက်၏။

"အေး‥ အေးပါတယ် ငါ သူတို့ကို နှင်းရည်တို့ဆိုင် ပို့လိုက်ဦးမယ်"

လှည်းဆရာကသို့ပြောလိုက်ကာ ရှေ့ဆက်ခဲ့ချေ၏။ သို့မှ သူတို့သည် နှင်းရည်ဆိုသည့် အမျိုးသမီးကြီးပိုင်သည့် ဆိုင်သို့ ရောက်ခဲ့ကြတော့၏။

"ဒါ မအူပုံလူကြီးရဲ့နှမပဲကွဲ့၊ မင်းဆီမှာ တည်းမယ်၊ စားဖို့သောက်ဖို့ ပြီးတော့ သူတို့တွက် လုံလုံခြုံခြုံအခန်းပေးလိုက်"

"ရတာပေါ့ ဘဖိုးမောင်ရယ်"

သို့မှ ချစ်ထူးနှင့် မိစန်းသည် ဖာလာစခန်းရှိ ထိုဆိုင်လေး၏ ချောင်ကျသော အခန်းလေးတစ်ခန်းသို့ ရောက်ခဲ့ကြတော့၏။

သူတို့တွက်ဆိုလျက် မီးခွက်တစ်လုံးလာပေးလေ၏။

"မလိုပါဘူး၊ လသာတာပဲ ပြတင်းတံခါးဖွင့်ထားလို့ ရပါတယ်" သို့ ချစ်ထူးကပြောလေ၏။ အမှန်တကယ်တော့ ထိုတဲသည် ချောင်းကမ်းတွင် ဆောက်ထားခြင်းဖြစ်၏။ သို့ပေမင့် ချောင်းကမ်းကို ကျော ပေးထားခြင်းဖြစ်၏။ ချောင်းတစ်ဖက်တောတန်းကိုတွေ့ရ၏။ ချောင်းရေ ပြင်ကိုတွေ့ရ၏။



"သည်နေရာက ကောင်းတယ်နော်" ဟု မိစန်းက ချောင်းဘက်ကြည့်ပြောလေ၏။

"မင်းအိပ်လိုက်ဖို့ကောင်းတယ်"

ချစ်ထူးက မိစန်းကိုပြောလိုက်၏။

"ကိုချစ်ထူးလဲ အိပ်သင့်တာပေါ့ရှင့်"

"အေးလေ စားသောက်ပြီးလျှင် အိပ်ကြတာပေါ့"

"သည်ကို ခုလိုအချိန်ရောက်တာ ပိုကောင်းပါတယ်" သို့ မိစန်းကပြောလေ၏။ သို့မှ သူတို့သည် နားနေလိုက်ကြပြီး အိပ်ရာထက်လှဲလျောင်းလိုက်ကြ၏။

မကြာမီ မနှင်းရည်ဆိုသည့် အမျိုးသမီးရောက်လာ၏။ သူ့တွင် စားစရာတို့ပါလာ၏။

"စားစရာအတွက် ကြိုတင်စီစဉ်မှု မရှိတော့ အားနာလိုက်တာရှင်၊ သည်မယ် ချောင်းထဲကရတဲ့ ငါးရံ့လေးဆီပြန်နဲ့ ဆတ်သားပဲရှိတယ်"

"ရပါတယ်ဗျာ၊ ဆတ်သားဆိုလျှင်ပဲ အဆင်ပြေပါတယ်"

သို့ဖြင့်သူတို့သည်မနှင်းရည်လာပို့သော ထမင်းနှင့်ဟင်းကို စားလိုက်ကြပြီးနောက် ထမင်းလုံးစီ လှဲနေလိုက်ကြပြန်၏။

လသာည၏ အရသာကို ခံစားဖို့အချိန်မပေးနိုင်အောင် ဖြစ်ကြ ရတော့၏။ သို့မှ ချစ်ထူးတစ်ယောက် ထမင်းဆိပ်တက် နေရာက အိပ်ပျော်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ၊ သူအိပ်ပျော်ရာမှ ပြန်လည်နိုးလာသည်တွင်မတော့

"ဟင်··· မိစန်း"

မိစန်းတစ်ယောက် သူ့နားတွင် ရှိမနေပါချေ။ ဘယ်ရောက်သွားတာပါလိမ့်၊ သူပြတင်းတံခါးမှ ချောင်းဘက်ကို လှမ်းကဲကြည့်လိုက်၏။ အချိန်ဘယ်လောက်ရှိပြီလဲမသိ၊ ချောင်းထဲသို့ လရောင်ကျနေသဖြင့် ချောင်းကြီးလင်းထိန်နေလေ၏

တဲရှေ့ဈေးဆိုင်လေးမှ ဆူရှူညံညံအသံတို့ကို ကြားနေသဖြင့် သူလဲလျောင်းနေရာမှ ထလိုက်ကာ သို့နေရာသို့ သွားလိုက်၏။ သူအခန်းတံခါးသို့ရောက်သည်တွင်

"ဟင်"

အခန်းတွင် ကပျာကသီဝင်လာသည့် မိစန်းနှင့် ထိပ်တိုက်တိုးလေသဖြင့် အိပ်ရာဆီ ပြန်သွားရတော့၏။

"မိစန်းဘယ်တွေသွားနေတာလဲ"

"ဟို··ဟို··ဖယောင်းတိုင်သွားဝယ်တာ"

"သည်မယ် မီးခွက်ရှိတယ်လေ၊ ဘာလဲ တပို့တပါးသွားချင်လို့လား"

"အား မဟုတ်ပါဘူး။ လိုရမယ်ရပါ"

"အေးလေ·· နို့ဖြင့်လဲ သည်မယ်နေခဲ့ချေ၊ ငါဈေးဆိုင်ဘက်ထွက်လိုက်ဦးမယ်၊ ကွမ်းလေးဘာလေးစားချင်လို့ အဲဒီမယ်ရောင်းမှာပေါ့"

"ဟာ မသွားနဲ့ မသွားနဲ့"

အလိုလေးဗျ မိစန်းတစ်ယောက် ဘာလို့များ သို့သူ့ကို



ထိတ်လန့်တကြားတားရတာပါလိမ့်။

"ဟဲ့ ·· ဘာဖြစ်လို့လဲ ကွမ်းသွားဝယ်မလို့"

"အာ ဘာမှမဖြစ်ပါဘူး။ အဲဒီမယ် ရောင်းကွမ်း မရှိလောက်ဘူးထင်တယ်"

"နို့ဖြင့်လည်း မနှင်းရည်ဆီက တောင်းစားရတော့မပေါ့"

"ရှင်"

"ဟုတ်တယ် မနှင်းရည် လာတုန်းက ကွမ်းတမြုံ့မြုံ့ဝါးနေတာတွေ့တယ်၊ သူ့မယ် ကွမ်းရှိပါလိမ့်မယ်"

သို့ပြောပြီး ချစ်ထူးသည် ဈေးဆိုင်လေးသို့ ထွက်ခဲ့တော့၏။

ဈေးဆိုင်လေးသို့ရောက်သွားသည်တွင် သူလုံးဝ အံ့ဩသွားရတော့၏။ ဘယ့်တွက်မူ ဈေးဆိုင်ရှေ့ ခုံတန်းလေးတွင် သူမတွေ့မမြင်လိုသော လူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်ချေ၏။

သို့ သူအံ့ဩထိတ်လန့်မှုနှင့်အတူ မိစန်းကိုလည်း သတိရလိုက်၏။

သူရှေ့ဆက်ရမလား၊ အခန်းတွင် ပြန်ဝင်ရကောင်းမလား ချီတုံချတုံဖြစ်နေချိန်တွင်

"အား ကောင်လေးလာချေကွာ မင်းကိုအိပ်နေပြီထင်တာ"

သို့အသံနှင့်အတူ လှည်းဆရာကို ဈေးဆိုင်လေးရှေ့မှ သူ့အားလှမ်းခေါ်နေသည်ကို တွေ့လိုက်ရ၏။

သို့ဆိုတော့ သူ လှည်းဆရာထံ သွားလိုက်၏။

"ကွမ်းလေးဘာလေးစားမလို့ပါ"

"မနှင်းရည်ဆီမှာရှိတယ်၊ ရောင်းတော့မရောင်းဘူး၊ သူစားတဲ့ကွမ်းကို ယူစားပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် လှည်းဆရာနှင့် ချစ်ထူး မနှင်းရည်ဆိုင်နေရာလေး သို့ရောက်လာချေ၏။

"ဟင်"

ချစ်ဖေက ချစ်ထူးကို တွေ့သည်နှင့် ထိုင်နေရာမှ ထလိုက်ပြီး ကပျာကသီထွက်သွားချေတော့၏။

သို့ဆိုတော့ သည်ဆိုင်ကို မိစန်းရောက်လာစဉ်က ချစ်ဖေ ရှိနေသည်များလား သို့သိလိုသဖြင့်

"မနှင်းရည် စောစောက ကျုပ်မိန်းမ ဖယောင်းတိုင် လာဝယ်သေးလား"

မေးလိုက်၏။

"ဟင့်အင်း မဝယ်ပါဘူး"

"နို့ဖြင့် သူဖယောင်းတိုင်သွားဝယ်တယ်ပြောလို့"

"ဖယောင်းတိုင်တော့မဝယ်ပါဘူး၊ သူ့အစ်ကိုဆိုလား ရောက်လို့ဆိုပြီး ထွက်လာထိုင်နေတာတော့တွေ့တယ်"

"ဗျာ"

သို့ဆိုတော့ ချစ်ထူးခေါင်းနပန်းကြီးသွားတော့၏။ ဘာလို့လဲ မိစန်းတစ်ယောက်သူ့ကို လိမ်လည်ဖျားယောင်နေသည်လား

သူ့အစ်ကိုဆိုတာ ချစ်ဖေကိုပြောတာ ဖြစ်မပေါ့

"တွေ့ကြသေးတာပေါ့ မိစန်းရယ်"

"ကဲ ကောင်လေး ကွမ်းစားမယ်ဆို၊ မိနှင်းရည် ကွမ်းတစ်ယာလောက်ပေးလိုက်စမ်း"

"ခြေသြ ရပါတယ်ရှင် သည်မယ် တစ်ယာမဟုတ်ဘူး၊ စားနိုင်သလောက်စားသွားချေ"



မနှင်းရည်ဆိုသည့် အမျိုးသမီးက သူ့အား ကွမ်းဗူးကို လှမ်းပေးလာချေ၏။

ချစ်ထူးတစ်ယောက် ကွမ်းကိုသာ ယာနေရသည်၊ သူ့စိတ်သည် မိစန်းဆီရောက်နေချေ၏။ ညို့မှ

"စောစောကလူကို သိလား"

မနှင်းရည်က သို့မေးလာသည့် ချစ်ထူးကိုတအံ့တသြကြည့်ပြီး

"မင်း စောစောက သည်မယ်ထိုင်သွားတဲ့သူက မင်းမိန်းမရဲ့ အစ်ကိုဆို၊ သူတို့စကားတွေ ထိုင်ပြောနေကြတာပဲ"

"ဟင်"

သို့ဆိုတော့ ချစ်ထူးသဘောပေါက်လိုက်ရ၏။ သို့ကြောင့်

"အော် ဟင်း ဟုတ်တယ်၊ ကျုပ်ယောက်ဖပဲ နို့ပေမင့် ကျုပ်သူ့နဲ့အပြောအဆိုသိပ်မရှိလှပါဘူးဗျ၊ ကျုပ်ကလည်း သူ့ညီမကို နိုးလာတာကိုး"

သို့ချစ်ထူးက အဆင်ပြေအောင်ပြောလိုက်ပေမင့်

"ဟုတ်လိမ့်မယ်၊ အဲဒီလူက နင့်မိန်းမကို အတင်းသူ့နဲ့ လိုက်ခဲ့ဖို့ချည်းပြောနေတာကြားတယ်၊ နင့်မိန်းမကလည်း နင့်ကို တော်တော် ချစ်ပုံရတယ်၊ ခေါင်းတွင်တွင်ခါနေတာပဲ"

"သည်တော့"

"ဘုရားရေ နင့်မိန်းမကလေးက သူ့အစ်ကိုကို တိုးတိုးလေး ကပ်ပြောလိုက်တယ်၊ ဘာလဲတော့ မသိဘူး၊ သူ့အစ်ကိုက ခေါင်းညိတ်ပြီး မင်းပြန်လာလို့ ပြောလိုက်တာပဲသိတယ်"

"ဘုရားရေ..."

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထူးခေါင်းနပမ်းကြီးသွားတော့၏။ မိစန်းကိုတယ်လိုလုပ်ရပါ့။ ချစ်ဖေနဲ့ ပြန်တွေ့နေပါကလား။ ပြောတော့ ချစ်ဖေနဲ့ လုံးဝပြတ်သွားပြီဆို ခုတော့

"တောက်…"

သို့ သူတောက်ခေါက်လိုက်သံကြောင့်

"ဟ ကောင်လေး ဘာမကြေမနပ်ဖြစ်နေတာလဲ"

လှည်းဆရာကမေးလေ၏။

"ဘာမှမဟုတ်ပါဘူး၊ လက်ကို ခါချဉ်ကိုက်လို့ပါ"

"အော်… အော်… သည်မယ် ခါချဉ်တွေပေါ်တယ်"

သို့မှ သူသည်ကွမ်းယာစားပြီး

"ဟိုမယ် တစ်ယောက်ထဲ ဖြစ်နေလို့ သွားလိုက်ဦးမယ်"

ဆိုလျက် မနင်းရည်ကော လှည်းဆရာကိုပါ နှုတ်ဆက်စကားဆို၍ အခန်းသို့ ပြန်ခဲ့၏။

"ဟင် မိစန်း နင်အတော်ဟုတ်ပါကလား"

သူမိစန်းကိုတွေ့သည်နှင့်သို့ပြောကာ စိတ်လိုက်မာန်ပါ ရိုက်လိုက်ရန် စဉ်စားလိုက်ပေမင့်

"ဟင်"

အခန်းတွင် မိစန်းတစ်ယောက် မရှိပါချေ။ ဘယ်တွေသွားနေတာပါလိမ့်၊ သူ အပြင်ပြန်ထွက်လာ၏။ ဟိုသည် ရှာကြည့်၏၊ ချောင်းဘက်သို့ လှမ်းကြည့်လိုက်၏။

"ဟာ"

လရောင်အောက်တွင် ချောင်းကိုဖြတ်သွားသည့် လူနှစ်ယောက်ကို တွေ့လိုက်သဖြင့် သူလုံးဝဒေါသထွက်သွားတော့၏။



"ခွေးမ… ခွေးဇာတ်ခင်းပြန်ပြီ"

သို့ သူပြောလိုက်ချေတော့၏။

မိစန်းနှင့် ချစ်ဖေပါကလား။

သည်တစ်ခါတော့ ချစ်ဖေက သွေးဆောင်ဖြားယောင်းပုံတော့ မဖြစ်နိုင်ပါချေ။ သူ့မိန်းမမိစန်းကိုယ်တိုင်ကပင် သူ့ကို ပစ်၍ ချစ်ဖေနောက် တစ်ကောက်ကောက်လိုက်ပါလိုခြင်းသာ ဖြစ်ချိမ့်မည်။

သို့ဆိုတော့

သူ မိစန်းကို လုံးဝမေ့လိုက်ရန် ဆုံးဖြတ်လိုက်သည်ကြောင့် ဈေးဆိုင်လေးသို့ ပြန်ထွက်ခဲ့ချေ၏။

"ဟာ မင်းမအိပ်သေးဘူးလား၊ သွားအိပ်လေ မနက်စောစော သွားကြမယ်"

မနင်းရည်နှင့် စကားပြောနေသည့် လှည်းဆရာက သူ့ကို မြင်သည်နှင့် လှမ်းပြောလေသည်ကြောင့်

"ကျုပ် မအိပ်ချင်သေးဘူးဗျာ၊ အရက်သောက်ချင်လို့"

"အလိုတော် သည်အချိန်ကြီး ဘယ်ကနေ အရက်ရမတုံး"

ဈေးဆိုင်ရှင်မနင်းရည်ကပြောလေ၏။ သည်တွင် လှည်းဆရာက ချစ်ထူးကို ကရုဏာသက်စွာကြည့်လိုက်ချေပြီး

"အေးလေ၊ ငါ့မယ်တော့ တစ်လုံးရှိတယ်၊ မင်းနဲ့တော့ ငါသောက်လို့မဖြစ်တာကို နားလည်ပေးပါကွာ၊ ဘာလို့လဲဆိုတော့ ငါ မနက်စောစောထရမယ်လေ"

"ကျေးဇူးတင်တယ် လှည်းဆရာရယ်"

သို့ ချစ်ထူးကပြောပြီး သူ့အိပ်ကပ်တွင်းမှ တစ်ထောင်တန် တစ်ရွက်ကို ထုတ်ပေးလေသည်တွင် လှည်းဆရာက

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာကွာ·· ငါမယူပါဘူး။ မင်းသာ မနှင်းရည့်ဆီက အမြည်းတောင်းဝယ်ချေ"

လို့ပြောပြီး လှည်းဆရာသည် တဲပေါ်မှ ဆင်းသွားကာ မကြာမီ အရက်တစ်လုံးကိုင်ရောက်လာချေတော့၏။

"ကျုပ်က ဆိုင်သိမ်းအိပ်တော့မှာ၊ သည်တော့···"

"ကျွန်တော်နားလည်ပါတယ်မနှင်းရည်ရယ် ကျုပ်ဖို့ အမြည်းလေးဘာလေး ရနိုင်မလား။ ရော့ဗျာ" ဆိုလျက် ငွေတစ်ထောင်ထုတ်ပေးလိုက်ပြန်၏။

"ယူပါဘူးတော်၊ အမြည်းဆိုလို့ လက်ဖက်သုပ်တော့ရဦးမယ် ပိုက်ဆံပေးမနေနဲ့"

ဆိုကာ မနှင်းရည်သည် လက်ဖက်တစ်ပွဲသုပ်ပေးလိုက်ချေပြီ

"ပန်းကန်ကိုတော့ မနက်ကျမှပေးတော့ ဟုတ်လား"

"သို့ဆိုတော့ ချစ်ထူးသည် အရက်နှင့် လက်ဖက်ပန်းကန်ကိုကိုင်၍ သူ့အခန်းတွင်းဝင်ခဲ့ချေတော့၏။

အခန်းတွင်ရောက်သည်တွင် နောက်ပြတင်းတံခါးမှ ချောင်းဘက်သို့ လှမ်းကြည့်လိုက်ပြန်၏။

"ဟာ"

သူ့လွန်မင်းစွာ အံ့ဩသွားသလို ဒေါသလည်းထွက်သွားတော့၏။ ကြည့်စမ်း ချောင်းတဖက်ကမ်းတွင် မိစန်းနှင့် ချစ်ဖေရှိနေသေးပါကလား။ လရောင်ဖြင့် သူတို့ကိုကောင်းကောင်းမြင်ရ၏။ အတော်မျက်နှာပြောင်တိုက်သည့် မိန်းမပေပဲ·· သို့ဆိုတော့ ချစ်ထူးသည် ထိန်းမရသော ဒေါသကို လွှတ်လိုက်သည့် အနေဖြင့် တဲထောင့်တွင် တွေ့ရသည့် ဝါးခုတ်မားကိုယူ၍ ကပျာကသီ ပြတင်းပေါက်မှ ခုန်ချကာ



ချောင်းတွင်း ပြေးဆင်းသွားတော့၏။ သူ့အကြံအစည်သည် ချောင်းကိုဖြတ်၍ တစ်ဖက်ကမ်းတွင် နှစ်ကိုယ်ယှဉ်တွဲထိုင်၍ ချစ်တေးသီဟန်ရှိနေသည့် မိစန်းနှင့် ချစ်ဖေကို ခုတ်ရန်ဖြစ်ချေတော့၏။

သို့မှ

"ဟင်"

"ဟာ"

သူ့ကို ချစ်ဖေကော မိစန်းပါ မြင်သွားဟန်တူ၏။ သူတို့ကို သတ်ဖြတ်ရန် ပြေးလာနေသည်ကို သိသည့်ကြောင့် နှစ်ယောက်သား ကပျာကသီ ထိုင်နေရာမှ ထကာ ထွက်ပြေးသွားကြတော့သည်။ သို့ကြောင့် ချစ်ထူးသည် သူတို့ကို အလျင်မီစေရန် အားသွန်ခွန်စိုက် ပြေးလိုက်သွားသည်တွင်

"ဒုတ်"

"ဟာ"

"အား"

သူ့ခလုတ်လိုက်လဲသွားသည်နှင့် သူ့လက်တွင်းရှိ ဝါးခုတ်ဓားကြီးသည် သူ့အလျင် ချောင်းတွင်း မြေပေါ်သို့ ကျသွားကာ ချောင်းတွင်ရှိ ကျောက်တုံးကျောက်ခဲတို့ကြားညှပ်သွားသည်ဆိုပေမင့် အသွားသည် ပက်လက်အနေအထားရှိချေတော့၏။ သို့အသွားပက်လက်ပေါ်သို့ သူ၏ခန္ဓာကိုယ်ကြီး ထိန်းမနိုင်သိမ်းမရ လဲပြိုသွားသည့်ကြောင့်

"အား"

သူ့ကြောက်လန့်တကြားသို့နယ်အော်လိုက်ချေတော့၏။

"ကိုချစ်ထူး ကိုချစ်ထူး··· ဘယ်လိုဖြစ်တာလဲ···"

www.burmeseclassic.com

www.burmeseclassic.com



သို့အသံနှင့်အတူ နူးညံ့သောလက်တစုံက သူ၏ ခန္ဓာကိုယ်ကို ဆွဲကိုင် လှုပ်ခတ်သဖြင့် ချစ်ထူးတစ်ယောက် သတိပြန်ဝင်ခဲ့တော့၏။

"ဟာင်"

မိစန်းပါကလား။

"ကိုချစ်ထူး အိပ်ပျော်ရင်း အိပ်မက်ဆိုးမက်နေတာလား"

"ဘာဖြစ်လို့ ကြောက်လန့်တကြား အော်ဟစ် ရတာလဲ"

သို့ မေးလာသည့် မိစန်းကို အားတုံ့အားနာ ကြည့်လိုက်ချေ[illegible]

"ဟုတ်တယ် ငါ အိပ်မက်ဆိုးမက်နေတာ"

သို့ပြောပြီးအိပ်ရာမှ ထထိုင်လိုက်၏။ ပြီး မိစန်းကို ဆွဲယူ ပွေ့[illegible] ထားလိုက်ချေတော့၏။ သို့မှ

"မိစန်းရယ် မင်း ငါနဲ့ပဲ နေပါကွာ နော်၊ ပြီးတော့ သမီးလေ[illegible] မျက်နှာလည်း ထောက်ပါဦး"

သို့ပြောလာသည့် ချစ်ထူးကို မိစန်းတစ်ယောက် တအံ့တ[illegible] ကြည့်လိုက်ချေပြီး

"ကိုချစ်ထူး ဘာတွေဖြစ်နေတာလဲ၊ ကိုချစ်ထူးနဲ့ ရာသက်[illegible] နေဖို့ပဲ မိစန်းပြန်လာတာလေ" လို့ ပြော နှစ်သိမ့်လိုက်လေမှ ချစ်ထူး စိတ်သက်သာရခဲ့ချေတော့၏။

သို့ပေမင့် သူ၏ အိပ်မက်ဆိုးကိုတော့ဖြင့် ပြောမပြပါတော့ ချေ။ သို့မှ ချစ်ထူးနှင့် မိစန်း အိပ်ရာထက်လှဲလိုက်ကြရာ မကြာလိုက်သောအချိန်တွင် နှစ်ယောက်သား အိပ်ပျော်သွားကြ[illegible] ဟောက်လို့ပင် နေသေးတော့၏။

"ဆရာလေး··· ဆရာလေး··· ဆရာလေး ချစ်ထူး"

သို့အသံနှင့်အတူ အခန်းတံခါး ပုတ်ခတ်သံကြောင့် ချစ်ထူး



အိပ်ပျော်ရာမှ နိုးလာတော့၏။

တံခါးကို သွားဖွင့်လိုက်၏။

"ဟာင်"

လှည်းဆရာပါကလား။

"ဆို"

"ကျုပ်သွားတော့မယ်၊ လာနှုတ်ဆက်တာ၊ ပြင်စလူသွားမယ်ဆို ထကြတော့လေ၊ သည်အချိန်သွားမှပေါ့ နို့မဟုတ် လမ်းမှာနေမှ လိမ့်မယ်"

သို့ဆိုတော့

"ကျေးဇူးတင်တယ် ဆရာကြီးရယ်"

သို့ဆိုလျက် အိပ်ကပ်တွင်းမှ ငွေ တစ်ထောင်တန် နှစ်ရွက်ကို အတင်းအကြပ် အိတ်တွင်း ထိုးထည့်ပေးလိုက်ချေတော့၏။

"ပြောမရလဲ ယူရတာပေါ့ကွာ" ဆိုလျက် လှည်းဆရာသည် သူ့ကို နှုတ်ဆက်လှည့်ထွက်သွားတော့၏။

သူသည် ခြေလက်ဆေး မျက်နှာသစ်လိုက်ပြီး မိစန်းကို နှိုးလိုက်၏။

"မျက်နှာသစ်တော့ချေ၊ ငါစားဖို့သွားယူပြီး ပြန်လာခဲ့မယ်၊ စားသောက်ပြီးလျှင် သွားကြစို့"

သို့ပြောကာ ချစ်ထူးသည် အခန်းတွင်းမှ ထွက်သွားလေတော့၏။ သူ မနှင်းရည်၏ ဈေးဆိုင်လေးသို့ နံနက်ခင်းစာ ယူမှဖြင့် ထွက်လာခြင်းဖြစ်၏။ သို့ဆိုတော့

"ထမင်းကြော်ပေးမယ်၊ ဘဲဥနဲ့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဗျာ၊ ရော့ ယူချေဗျာ၊ ညကလိုတော့ မလုပ်ပါနဲ့"

သို့ဆိုလျှက် ချစ်ထူးတစ်ထောင်တန် တစ်ရွက်ကိုထုတ်ပေး လိုက်ပြန်၏။ သို့ကြောင့်လည်း မကြာမီ အချိန်ကလေးတွင် သူတို့အခန်းသို့ ထမင်းကြော်ပူပူနွေးနွေး နှစ်ပန်းကန်ရောက်လာချေ တော့၏။

အဖန်ရည်တစ်အိုးလည်း ပါ၏။

"ကျေးဇူးတင်တယ်ဗျာ"

ချစ်ထူးကပြောလိုက်၏။ သို့နောက် မိစန်းနှင့် နှစ်ယောက် သား ထမင်းကြော်ပူပူနွေးနွေးကို လက်ဆုံစားလိုက်လေ၏။

"ငါတို့ခုလို လက်ဆုံမစားရတာကြာပြီ"

သို့ချစ်ထူးကပြောလိုက်သည်ဆိုပေမင့် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်သည်ကြောင့် မျက်နှာပျက်သွားချေ၏။

မိစန်းသည် ချစ်ထူးကိုစေ့စေ့ကြည့်လိုက်ချေပြီး မျက်နှာလွှဲ လိုက်ကာ ထမင်းကြော်ကို ငုံ့စားနေချေတော့၏။

သူတို့စားသောက်ပြီးသည်တွင် ထိုဟာလာစခန်းလေးမှ ထွက်ခဲ့ကြတော့၏။ သို့ဆိုတော့ ပြင်စလူနှင့်မဝေးလောက်သော သံပုရာခုံရွာ သွားမည့်လှည်းကြုံဖြင့် သူတို့ လိုက်ခဲ့ကြပြန်ချေတော့၏။

"သံပုရာခုံကို ဘယ်တော့လောက်ရောက်မလဲ"

လှည်းဆရာကို လှမ်းမေးလိုက်၏။

"နေမွန်းမတည့်မီ ရောက်ပါလိမ့်မယ်... သည့်စခန်းက အစောဆုံးထွက်တာ ကျုပ်လှည်းပဲ ရှိသေးတယ်ဗျ"

သို့ဆိုသလို လှည်းဆရာက ဂုဏ်ယူဝံ့ကြွားစွာပြောလေ၏။

"ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးတင်တယ်ဗျာ၊ နို့ ကျွန်တော်တို့ နေ့လယ်ခင်းထမင်းကို ပြင်စလူရောက်မှ စီစဉ်နိုင်ရတော့မပေါ့"

သို့ဆိုသလို ပြောလိုက်ကာ မိစန်းလက်ကို ဆွဲယူလိုက်၏

"မင်းပျော်လား၊ ဘာလို့ မျက်နှာညှိုးနေရတာလဲ"

သို့ လှမ်းပြောလိုက်၏။

တကယ်တော့ မိစန်းတစ်ယောက် ငိုင်တွေနေပါကောလား။ ဘာလို့များပါလိမ့်

သို့ဆိုတော့ကာ မိစန်းသည် အားယူပြုံးလိုက်ကာ

"ဘာမှ မဟုတ်ပါဘူး၊ ကိုယ့်အကြောင်း ကိုယ်တွေးပြီး ကျက်နေမိတာကြောင့်ပါ။ ရွာကလူတွေနဲ့ သူကြီးကို ဘယ်လိုမျက်နှာ နဲ့ ပြန်ရင်ဆိုင်ရမှာလဲမသိဘူး"

သို့ပြောလာသည့် မိစန်းကိုကြည့်ကာ စိတ်မကောင်းဖြစ်သွား သော၏။ နို့ဖြင့်လည်း မိစန်းရွာပြင်မှာနေခဲ့လေ၊ ကိုချစ်ထူး သူကြီးဆီ သွားပြီး အကျိုးအကြောင်းပြောပြ ကလေးကို ခေါ်လာခဲ့တော့မပေါ့"

သို့ဆိုတော့ မိစန်းက

"အဲ့လိုကြီးတော့ မကောင်းပါဘူးရှင်၊ ကိုချစ်ထူးကို ကွယ်ပြီး လိုက်ခဲ့မယ် ဟင်း...ဟင်း..."

သို့နယ့် မိစန်းက ပြောလာလေတော့၏။

မိစန်းတကယ်ပဲ သူ့ကို ပြန်ပေါင်းချင်နေပြီထင်ပါ့ ကောင်း ပါတယ်၊ ဟိုကောင်ချစ်ဖေနဲ့ ပြန်တွေ့စရာ အကြောင်းမှမရှိတော့တာ ကိုး"

သို့ဖြင့် လှည်းသည် ပြင်စလူနှင့် သံပုရာခုံလမ်းခွဲသို့ ရောက်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြင်စလူသွားမယ်ဆိုခင်းကြပေရော့၊ ကျုပ်သံပုရာခုံကို သွားတော့မှာ"

လှည်းဆရာက ပြောလေ၏။

လမ်းဆုံရောက်ပြီဆိုတော့ ပြင်စလူကို ဘာဝေးတာမှတ်လို့

လွန်ရောရှိ ၂ မိုင်ပေါ့ လမ်းလျှောက်သွားရုံသာ၊ သို့မှ ချစ်ထူးနှင့် မိစန်းသည် ပြင်စလူလမ်းပေါ်ရောက်ခဲ့ကြတော့၏။

စကားတပြောပြောနှင့် ရယ်ကာမောကာ လျှောက်ခဲ့ကြ၏။ ရွာထိပ်ရောက်လျှင် သည်ရွာကလူတွေ တီးတိုးအတင်း ပြောကြလိမ့်မည်၊ သို့အတွေး ကြောင့် မိစန်းငိုင်တွေနေမိ၏။

သို့ သူမအတွေးကို ချစ်ထူးရိပ်မိလိုက်ဟန်တူလေ၏။

"ဘာမှတွေးမနေပါနဲ့ မိစန်းရယ်၊ ငါခွင့်လွှတ်တယ်ဆို ပြီးပြီပေါ့ ဟုတ်လား...ဟင်း.. ဟင်း..."

"ဟုတ်ပါ့ရှင်"

သို့ဆိုတော့ မိစန်းသည် ပြုံးရွှင်စွာဖြင့် ပြန်ပြောလာခဲ့တော့၏။

သို့မှ သူတို့နှစ်ယောက် ပြင်စလူရွာထိပ်သို့ ရောက်လာကြ၏။ ဦးဆုံးတွေ့လိုက်သူမှာ ရွာလူကြီးကတော်ဖြစ်ချေ၏။

"ဟင်... နင်တို့"

သူတို့ နှစ်ယောက်ကို အံ့သြတကြီးဖြင့် လက်ညှိုးထိုးမေးလာသည်ကို တွေ့ရ၏။

"ဟုတ်ပါတယ်သူကြီးကတော်၊ ဟင်း.. ဟင်း.. ဘယ်သွားမလို့လဲ"



"ဟိုတက်ရွာသွားမလို့ အိမ်မယ် သူကြီးရှိတယ် [illegible] ရှိတယ်"

သို့ပြောပြီး သူကြီးကတော် မိစန်းကို ကြည့်လိုက်၏။ အလေးဆိုသည့်အသံကြောင့် မိစန်းမျက်နှာအတော်ပျက်သွားပုံရချေ၏။

"ကဲ..ကဲ.. သွားကြချေ အရိုးလဲ ကိစ္စလေးရှိလို့ သွားရမှာ"

သို့ဆိုလျက် သူကြီးကတော်သည် ရွာပြင်သို့ ထွက်သွားလေ၏။ သူတို့နှစ်ယောက် ရွာလမ်းမအတိုင်းလျှောက်ဝင်ခဲ့သည့်တွင် လမ်းတွေ့သူအချို့နှင့် လမ်းနံဘေးနားမှ သူတို့ကို သိကြသော လူတို့သည် အံ့သြတကြီးဖြစ်ရာမှ ပြုံးပြလာကြချေတော့၏။ မည်သည့် ပယ်စကားမျှ မပြောလေခြင်းကြောင့် မိစန်း စိတ်သက်သာရခဲ့ချေ၏။ သို့မှ သူကြီးအိမ်သို့ ရောက်ခဲ့ချေ၏။

"ဟင် မင်းတို့တွေ ဘယ်လိုလုပ် တွေ့လာကြတာတုံး"

သို့ဆိုတော့ ချစ်ထူးက သူကြီးအား အကျိုးအကြောင်း အကျဉ်းချုပ်ပြောပြလိုက်ချေ၏။

"အင်း.. နို့ဖြင့် ညည်း...ချစ်ဖေနဲ့ တကယ်ပြတ်ပြီပေါ့"

"ဟုတ်"

သို့ မိစန်းပြောဝံ့၏။ ချစ်ထူးကို ရက်ကြောက်ရွံ့နေဟန်ဖြစ်၏။

"ကောင်းပြီလေ... နို့ဖြင့် မင်းတို့ မအူပုံရွာမယ် သွားနေကြမပေါ့"

"ဟုတ်"

သို့ဆိုတော့ သူကြီးက ချစ်ထူးကို စေ့စေ့ကြည့်လိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ပြန်ခေါ်သွားမယ်ပေါ့"

"ဟုတ်ပါတယ်" ချစ်ထူးက ပြောလေ၏။

မိစန်းကတော့မူ နှုတ်ဆိတ်နေလေ၏။

"မင်း အရီးလေး ဟိုဘက်ရွာသွားတယ်၊ သူ့ကို စောင့်ကြည့်ဦးလား"

"ကျွန်တော်တို့ ရွာထိပ်မယ် တွေ့ခဲ့ပါတယ်၊ စောင့်ရမှာပေါ့ သူကြီးရယ်..."

"ကဲ..ကဲ နို့ဖြင့်လည်း မင်းတို့ နားကြချေဦးကွာ၊ ကလေးတော့ အတွင်းခန်းမယ် အိပ်နေတယ်...ငါလည်း အပြင်သွားစရာရှိတယ်"

သို့ဆိုလျက် သူကြီးထွက်သွားချေ၏။

"ကဲ အားလုံးအဆင်ပြေသွားကလား၊ မင်းနောက်တကြိမ်တော့ အဲလိုမလုပ်တော့ပါဘူးနော်"

ချစ်ထူးက မိစန်းကို သေချာအောင် မေးလိုက်ပြန်၏။

"ဟုတ်ပါတယ် ကိုချစ်ထူးရယ်"

သို့ဖြင့် နှစ်ယောက်သား သူကြီးအိမ် မီးဖိုဝင်၍ ရှိရာတို့ကို ရှာဖွေ ချက်ပြုတ်ကြလေတော့၏။

မကြာမီ သူကြီးပြန်ရောက်လာ၏။ မျက်စိမျက်နှာပျက်နေသဖြင့်

"သူကြီး ဘာဖြစ်တာလဲ"

လို့ ချစ်ထူးက မေးလိုက်၏။

"ညည်း ချစ်ဖေနဲ့ တကယ်ပြတ်ပြီနော်"

မိစန်းကိုရှုတည်တည်ကြည့် မေးလေ၏။



"ဟုတ်ပါတယ် သူကြီးရယ်"

"သေချာတယ်နော်"

"သေချာပါတယ်"

"ငါတော့ မယုံဘူး"

သို့ပြောလာသည့် သူကြီးကို မိစန်းကော ချစ်ထူးပါ အံ့ဩတကြီးကြည့်လိုက်ကြတော့၏။

"ဘာလို့တုန်းသူကြီးရယ်"

"စောစောစီးစီး ကျော်မင်းနိုင်ကြီး အရက်ဆိုင်မယ် ချစ်ဖေသောက်နေတာတွေ့တယ်၊ ငါမြင်တော့"

"သူကြီး သည်ရွာမယ် မိစန်းရောက်နေတယ်ကြားတယ်" ပြောလို့

"အဲဒါဘာဖြစ်လဲ" မေးလိုက်တယ်၊

သည်တော့ ချစ်ဖေက

"ကျုပ်မယား ကျုပ်မေးတာပဲဗျာ" ဆိုတော့ ငါကလည်း သူ့ဇက်ပိုးကို တစ်ချက် ဝင်ရိုက်လိုက်ပြီး

"မင်းနဲ့ မိစန်း ဘာမှ မပတ်သက်တော့ဘူးဆို" မေးလိုက်တယ်၊ သည်တော့ ချစ်ဖေက

"ဒါ သူ့ဘက်က ဖြစ်ကောင်းဖြစ်မယ်၊ ကျုပ်ကတော့ အဲလိုမဟုတ်ဘူးတဲ့လေ၊ နို့ကြောင့် ညည်းကို ငါမေးတာ"

"ဟင်"

"အို"

"မဖြစ်နိုင်တာ သူကြီးရယ် သည်ကောင် မူးမူးနဲ့ လျှောက်ပြောတာဖြစ်မယ်၊ ကျွန်တော်နဲ့လည်း တွေ့ပြီးပြီ၊ သူနဲ့ မိစန်း ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်ဘူးတဲ့"

သို့ဆိုတော့ သူကြီးသည် ချစ်ထူးကို သနားစရာ သတ္တဝါကဲ့သို့ ကြည့်ပြီး တစ်စုံတစ်ခု ပြောမည်ကြံပြီးမှ မျက်နှာကို ပြင်လိုက်ကာ

"အေးလေ၊ သည်ကောင်မူးပြီး ပြောတာဖြစ်မယ်၊ သည်မယ် မိစန်း တစ်ကြိမ်တစ်ခါများတာကို ခွင့်လွှတ်လိုက်မယ် ဟုတ်လား။ ချစ်ထူးနဲ့ ကလေးကို မင်းနောက်တစ်ခါ အဲလိုလုပ်ဖို့ မစဉ်းစားပါနဲ့ ဟုတ်ပြီလား။ ကဲ . . ကဲ . . လွှတ်လွှတ်လပ်လပ်နေကြချေ၊ အပြင်သွားဦးမယ်၊ ညနေ ညည်းတို့အရီးပြန်လာလိမ့်မယ်၊ ညကျမှ တိုင်ပင်ကြတာပေါ့ . . "

"ဟုတ်"

"အင်း"

သို့မှ ချစ်ထူးနှင့် မိစန်းသည် ထမင်းဟင်းတို့ကို တက်ညီလက်ညီ ချက်ပြုတ်နေကြချေတော့၏။

"အလိုလေ တယ်ဟုတ်ပါကလား။ ဘယ့်နှယ့် ညည်းသည်က ကိုယ်တိုင် လုပ်ရတယ်လို့"

သို့ဆိုသလို သူကြီးကတော်က အပြင်မှ ပြန်လာသည်တွင် သို့ ချက်ပြုတ်နေသည့် ချစ်ထူးနှင့် မိစန်းကို တအံ့တသြကြည့်ကာ ပြောလေ၏။

"ဟာ . . . . မဟုတ်တာ အရီးရယ် . . ကျွန်မတို့က ညည်းသည်တွေ မဟုတ်ပါဘူး"

သို့အချိန်မှာပင် သူကြီးပြန်ရောက်လာ၏။

"အခင်ပြေကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"



"အေး . အေး ငါလည်း ခေတ္တနားနေပြီး ရေမိုးချိုးဦးမယ်" သူကြီးကသို့ပြောပြီး အတွင်းသို့ ဝင်သွားလေ၏။

သူကြီးကတော်က ကလေးကို ပွေ့ပိုက်၍ မိစန်းတို့ထံ ရောက်လာလေ၏။

"သည်မယ် ကြည့်စမ်း၊ ငါတို့ကလေးဖြစ်သွားပြီ . " ဆိုလျက် သူကြီးကတော်က ကလေးကို ချစ်ကြည့်နူးစွာ ထွေးပွေ့လို့ ထားချေ၏။

ထိုသည်ကိုမြင်လိုက်သည်ကြောင့် ချစ်ထူးသည် လွန်မင်းစွာ စိတ်မကောင်းဖြစ်သွားတော့၏။ ဘယ့်တွက်မူ သူနှင့် မိစန်း လုံးဝ ပြတ်ပြီထင်၍ ကလေးအား မွေးစားရန် သူမှ သူကြီးတို့ကို ပေးခဲ့ပြီး ဖြစ်၏။ ယခု မိစန်းနှင့် ပြန်ပါင်းထုတ်မည်ဆိုတော့ ကလေးကို ပြန်တောင်းရပေမည်ကြောင့်ပင် ဘယ်လိုလုပ်ရပါ့။

သူကြီးကတော်က ကလေးအား မြှူနေ၏။ ကလေးက တခစ်ခစ် ရယ်မောလို့နေချေ၏။

သို့ကြောင့် မိစန်းကို ကြည့်လိုက်၏။

မိစန်းသည်သူ့အား ချစ်ထူးက ဘယ်လိုသဘောနှင့် ကြည့်သည်ကိုသိလေသဖြင့်

"အရီး ကလေးကို တကယ်မွေးစားမလား" မေးလိုက်သည်တွင် သူကြီးကတော်က မိစန်းစကားကြောင့် တအံ့တသြဖြစ်သွားကာ

"ဘယ့်နှယ့်ပြောပါလိမ့် မိစန်းရယ်၊ ငါတကယ် မွေးစားမှာ သိလား။ အမွေစား အမွေခံ တရားဝင်မွေးစားချေဦးမယ်"

သို့ဆိုတော့ ချစ်ထူးပို၍ စိတ်မကောင်းဖြစ်သွားသည်ပြင် စိတ်ရှုပ်ထွေးသွားပုံလည်း ရချေ၏။

မိစန်းကတော့မူ ဘာရယ်ကြောင့်မသိ ပြုံးသွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထူးသတိထားမိလိုက်၏။

သည်တွင် သူကြီးသည် အတွင်းခန်းမှ ထွက်လာချေပြီး

"ချစ်ထူးရေ . . ချောင်းဘက်သွား ရေချိုးရအောင် . . . လိုက်ခဲ့ချေကွာ"

သို့ဆိုတော့ ချစ်ထူးသည် သူကြီးနှင့် ရေချိုးရန် ချောင်းတွင်း ဆင်းခဲ့ချေတော့၏။

အိမ်မှာ ချောင်းတစ်ဖက်ကမ်းနှင့် မဝေးလှချေ။ သို့ပေမင့် ချစ်ထူး တစ်ယောက်ကတော့မှု သူကြီးခုလို ရေချိုးလိုက်ရန် သူ့အား အဖော်ခေါ်ခြင်းအတွက် ထူးဆန်းသလိုဖြစ်နေ၏။

သူကြီး သူ့ကို ဘာပြောစရာရှိလို့ပါလိမ့်၊ ပြီးတော့ မိစန်း မသိစေချင်၊ သူကြီးကတော် မသိစေချင်သည့် စကားဖြစ်ချိမ့်မည် လို့တော့ တွက်လိုက်မိချေ၏။

သို့မှ ချောင်းသို့ ရောက်ခဲ့ကြသည်တွင်

"လာကွာ ဟိုနားကအိုင်မယ်ရေ ရင်စို့လောက်ရှိတယ်၊ အဲလောက်မယ် ရေစိမ်ချိုးရင်း စကားပြောကြတာပေါ့"

"အော် . . ဟုတ်ကဲ့ . . "

သို့ဖြင့် ချစ်ထူးနှင့် သူကြီးသည် ရင်စို့လောက်ရှိအိုင်သို့ ရောက်သွားကြတော့၏။

"မောင်ချစ်ထူးရေ"

သူကြီးက သို့ သူ့နာမည်ကို စခေါ်လေသဖြင့်

"ဟုတ်ကဲ့ပါ" လို့ သူကလည်း တရိုတသေ ယဉ်ယဉ် ကျေးကျေး ပြန်ထူးလိုက်ချေ၏။

"မင်းတို့ လင်မယား တကယ်ပြန်ပေါင်းကြမှာနော်"



သို့ မေးလာသည့် သူကြီးကို အသေအချာ ကြည့်လိုက်ချေပြီး အံ့သြစွာဖြင့်

"သူကြီးရယ် မယုံဘူးလား . . . ရွာသက်ပန် နှစ်နှစ်ကာကာ ပေါင်းသင်းကြမှာပါ"

"ဟုတ်ပြီလေ သည်တော့ ကလေးကိစ္စ"

သို့ လူကြီးက ပြောလာသဖြင့် သူ တုန်လှုပ်သွားတော့၏။ တွေဝေသွားတော့၏။ သို့ကြောင့် သူကြီးက ရေဖြင့် သူ၏ ခန္ဓာကိုယ် ကို ပွတ်သပ်ချေးချော်တွန်းနေရင်းမှ

"ငါ့ကို အားမနာနဲ့ ပွင့်ပွင့်လင်းလင်းပြောကွာ . . မင်းကလေး ကို ပြန်လိုချင်တယ် မဟုတ်လား . . . "

သို့ဆိုတော့ ချစ်ထူး သူကြီးကို တောင်းပန်အကြည့် ကြည့်လိုက်ချေပြီး

"ဟုတ်ပါတယ်သူကြီး"

"ကောင်းပြီလေ မင်းတို့ကလေးပဲ၊ နို့ တစ်ခုပြောမယ်နော်"

"ပြောပါသူကြီး"

"မင်းတကယ်ပဲ ဆုံးဖြတ်ပြီးပလား"

"ဘာကိုလဲ" သို့ သူ့အား မေးလာသည့် သူကြီးကို တအံ့ တသြ ကြည့်ကာ မေးလိုက်၏။

"မင်း မိစန်းနဲ့ ရွာသက်ပန် ပြန်ပေါင်းမလို့ဆို"

"ဟုတ်ပါတယ်"

"မိစန်းကကော သေချာလား"

"ဗျာ . . . "

"ငါ မင်းကို တွက်ပြတာပါကွာ၊ ငါရှုထဲသွားတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင့်ကိုတွေ့တယ်"

"ချစ်ဖေကိုလား"

"ဟုတ်ဘယ်"

"ကျော်ကြီးတို့ အရက်ဆိုင်မယ် သူမှုးနေပုံပဲကွ၊ သူ့မိန်းမ မိစန်းနဲ့ သူပြန်ပေါင်းမယ်ချည်း ပြောနေတယ်"

"ဗျာ"

"နို့ကြောင့် ငါ ချစ်ဖေကို အပြင်ခေါ်ပြီး"

"ဟိတ်ကောင် ဟိုမယ်က သူလင် သူမယား မင်းကကြောင် တောင်နိုက်သွားသေးတယ်၊ မင်းမယားလေး ဘာလေးနဲ့ ခု သူတို့ ပြန်ပေါင်းကြမှာကွ" ဆိုတော့

"ဟင်း‥ ဟင်း‥ ဟင်း‥ သူကြီးရယ် မိစန်း ကျုပ်ကို မပြတ်နိုင်ပါဘူး" ပြောလာလို့

"ဟိတ်ကောင် မင်းကို ပြတ်နိုင်လို့ သူလင်ကြီးနဲ့ သူပြန်လာ ပြီကွ မင်းကွာ အရက်မရှိ၊ သူမယ် သူမယားနဲ့ ပြန်အဆင်ပြေနေကြ တာပဲကွ‥‥"

"သူကြီးရယ် မိစန်းလား ကျုပ်ကို ပြတ်နိုင်မှာ ကျုပ်ကို ချစ်လွန်းလို့ ပြီးတော့ ကလေးကိုပါပြတ်ပြီးကျုပ်နဲ့ လိုက်လာတာ"

"နို့ဖြင့် ဘာလို့ မင်းနဲ့ လမ်းခွဲရတာလဲ"

"ဟင်း‥‥ဟင်း‥ နို့ကတော့ သူကြီးရယ် ကျုပ်က သူ့ကို နောင်တရအောင် ပညာပေးထားတာ ဟင်း‥ ဟင်း‥ သူကလေးကို ချည်း နှစ်မှုဝပြောနေလို့ ကျုပ်သူ့ကို နောင်ကြဉ်အောင်ဆိုပြီး သူနဲ့ လမ်းခွဲမယ် လုပ်ပြလိုက်တာ‥‥"

"အေး‥‥ သည်တော့ သူလင်ကြီးရောက်လာပြီး ပြန်ခေါ်



သွားလို့ ခု အိမ်ရောက်နေတယ်၊ သူတို့ကလေးကို လာပြန်တောင်း နေတယ်ကွ"

ဆိုတော့

"သူကြီး လောင်းမလား" လို့ မေးလာတယ်။

"ဘာကိုလဲ" ငါက ပြန်ရမ်းလိုက်တော့

"သူ့ကလေးကို သံယောဇဉ်ရှိပုံ မဟုတ်ပါဘူး။ ကျုပ်ကို ကလေးအကြောင်းနေ့စဉ် ပြောတယ်ဆိုတာကလဲ ကျုပ်ကို သက်သက်မဲ့ ပြောနေတာပဲ၊ သူကြီးသူ့အကြောင်း မသိဘူးမှတ်လား။ သူ့ကလေးကို သူချစ်လျက် ကျုပ်နဲ့ လိုက်ပြေးလာတယ်ဆိုတာ ကျုပ်ကိုသိအောင်ပြောတာ၊ သည်တော့ ကျုပ်ကလည်း သူ့ကို ပြန်ပညာ ပြလိုက်တာပေါ့"

"နို့ မင်းဆိုလိုချင်တာက သူကလေးကို သူပြတ်နိုင်တာ မင်းနဲ့ တူတူပဲနေချင်တယ်ဆိုတဲ့သဘောလား"

"ဟုတ်ပါ့"

"မင်းလောင်းမယ်ဆိုတာ"

"သူနဲ့ ကျုပ်တစ်ခါပဲမျက်နှာချင်းဆိုင်တွေ့ ကျုပ်နောက်ကို လိုက်ခဲ့ရလိမ့်မယ်ဗျာ"

"ဟေ"

"အဲ့လိုကွာ၊ ငါ သူပြောတာ မှုးလို့ထင်တာ၊ မဟုတ်လောက် ဘူးကွ၊ မင်းသည်လိုလုပ်ချေ"

"ဗျာ သူကြီး ဘာကို ပြောတာလဲ"

ချစ်ထူးနားမလည်တော့ပါ။

"မင်းတွက်တင် ပြောတာမဟုတ်ဘူးဟေ့ ကလေးအတွက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ငါပြောနေတာကွ"

"ဗျာ"

တကယ်လည်း ချစ်ထူးဘာမှ နားမလည်ပါတော့ချေ။

မဖြစ်နိုင်တာ မိစန်းက သူ့ဆီ ပြန်လာပြီပဲ၊ ချစ်ဖေနဲ့ သူ အပြတ်ဖြတ်ခဲ့ပြီပဲ။

"ဟိတ်ကောင်...ချစ်ထူး"

သူငေးငိုင်နေသဖြင့် သူကြီးက လက်ဖြင့် ထိခတ်ခေါ်လေမှ သူ့အသိပြန်လည်ဝင်လာချေ၏။

"ဗျာ"

"မင်းမိန်းမကို အသေအချာပြန်မေးပေါ့ကွာ... နို့ မဟုတ် ကလေးက ကြားထဲမှာ ပြဿနာဖြစ်လိမ့်မယ်"

"သူကြီးက ဘာပြောချင်တာလဲဟင်"

"ဟိတ်ကောင်ချစ်ထူး၊ ငါ့မိန်းမကလဲ ကလေးကို သိပ်ချစ်နေတာ မင်းသိမှ ဖြစ်မှာပေါ့"

သူကြီးပြောသည်မှာလည်း ဟုတ်လို့ နောက် သူလဲ မျက်မြင်ကိုယ်တွေ့ မဟုတ်ပါကလား။

"ဟုတ်ပါတယ်"

"အေး မင်းတို့ဘက်က သေချာလျှင် အကြောင်းမဟုတ်ဘူး၊ မင်းတို့ ကလေးကို ပြန်ခေါ်သွားပြီး မင်းတို့လင်မယား ကတောက်ကဆ ပြန်ဖြစ် လင်မယားပြန်အဆင်မပြေဖြစ်မယ် ဆိုလျှင်ဖြင့် ကလေးကို ဘယ့်နှယ့်လုပ်မလဲ မင်းလဲ တွေးနိုင်တော့မှာ မဟုတ်ဘူး၊ ဟို မိစန်းကလည်း ငါထင်တယ် ကလေးကို သံယောဇဉ်ရှိပုံ မပေါ်ဘူး..."

သို့ဆိုတော့ ချစ်ထူးသည် စောစောက မိစန်း၏ ပြောဟန်



ဆိုဟန်နှင့် ကလေးအပေါ်ဆက်ဆံပုံကို သိလိုက်ပြီးဖြစ်သည်ကိုး၊ တကယ်တန်း မိစန်းက ကလေးအပေါ် သံယောဇဉ်ရှိဟန်မတူချေ။ သို့ သိလိုက်သဖြင့် ချစ်ထူးငိုင်တွေသွားချေ၏။

သည်တွင် သူကြီးက

"သည်လိုလုပ်ကွ မင်း မိစန်းကို အသေအချာပြန်မေး၊ ချစ်ဖေကို တကယ်ပြတ်ပြီလား၊ သူ့ကို ပြတ်ပြတ်သားသားဖြေနိုင်း၊ အေး သေချာပြီဆိုမှ မင်းတို့ကလေးပြန်ခေါ်ချင်သပါ့ဆိုမှ ငါ့မိန်းမကို ပြောလိုက်မယ်၊ ခုတော့ မပြောသေးဘူးကွာ.. ဘယ်လိုလဲ"

အလိုလေးဗျ၊ ချစ်ထူး ခေါင်းနပန်းကြီးသွား၏။

သူ မိစန်းကို ပြန်မေးရဦးမယ် ဆိုပါကလား။

သူမေးလို့ စိတ်တိုတိုနှင့် ချစ်ဖေနှင့် မပြတ်နိုင်ဘူးဆိုလျှင် သူဘယ်လို လုပ်ရပါ့၊ နှစ်ယောက်လုံးကို သတ်ပစ်လိုက်ရမည်လား၊ အဲလိုလည်း သူမလုပ်ဝံ့မလုပ်ရဲပါချေ။

သူ သူကြီးမေးသည်ကို ဘယ်လိုပြောရပါလိမ့်၊ သူစဉ်းစားလိုက်လေ၏။ ပြီးလေမှ

"သူကြီး သူ့ကို မေးစရာမလိုပါဘူး၊ ကျွန်တော်တို့ နက်ဖြန် စောစော ကလေးခေါ်ပြီး ထွက်သွားချင်တယ်၊ သည်ရွာမယ် ချစ်ဖေရှိတယ်ဆိုတာ လုံးဝမသိစေချင်ဘူး"

"မင်း နောက်မှ နောင်တမရနဲ့နော်"

သို့ သူကြီးပြန်မေးလာသည်တွင် သူတွေဝေသွားပြန်၏၊ တကယ်တော့ သူ မိစန်းကို အဆုံးရှုံးမခံနိုင်ပေ။ သို့ဆိုတော့ သူဆုံးဖြတ်ထားသည့်အတိုင်း မိစန်းနှင့် ကလေးကိုခေါ်၍ အညာရွာသို့ သွားနေတော့မည်၊ သို့အတွက်ကြောင့် ချစ်ထူး သူကြီးကို ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com


ချေပြီး

"သူကြီးရယ်၊ ကျွန်တော်သူနဲ့ မခွဲနိုင်ပါဘူး။ ကျွန်တော် သူ့ကို သိပ်ချစ်တာပါ။ နောက်ပြီးတော့ သူကြီး သူ့ကို ချစ်ဖေပြောတာတွေကို မပြောစေချင်ဘူး"

"ဟာကွာ နို့ကြောင့်လဲ ငါမင်းကို သည့်ခေါ်လာပြောတာပေါ့"

"ကျေးဇူးတင်ပါတယ်သူကြီးရယ်၊ ကျွန်တော့်ကို နားလည်ပါ။ သူကြီးရယ် ကျွန်တော် သူ့ကို မခွဲနိုင်ဘူး။ ကလေးကိုလဲ မခွဲနိုင်ဘူး။ သူကြီးကျွန်တော့်ကို နားလည်ပါ။"

သို့ ပြောလိုက်သည်ကြောင့် သူကြီးက ချစ်ထူးအား သနားသွားမိချေ၏။

"ဟုတ်ပြီလေ၊ ခုပြောနေတာ မင်းတွက်ပါကွာ၊ ကောင်းပြီလေ မင်းတို့ နက်ဖြန် စောစောသွားကြပေါ့၊ အေး တစ်ခုတော့ရှိတယ်၊ မိစန်းကို ငါတို့ မေးမယ်"

"ဘာမေးမှာလဲ"

"ကလေးကို ငါတို့မွေးစားဖို့ ယူထားပြီးပြီ ငါတို့ကို ပေးခဲ့နိုင်မလားလို့ပေါ့"

"ဟုတ်ကဲ့ပါ"

"တကယ်လို့ သူက ကလေးကို ငါတို့ဆီ အပိုင်ပေးခဲ့မယ်ဆိုလျှင် မင်းသဘောကကောကွာ…"

သို့မေးလာသည့် သူကြီးကို သူ စေ့စေ့ကြည့်လိုက်ချေပြီး

"အဲလိုဖြစ်လာနိုင်ပါ့မလား…" မေးလိုက်၏။

"ဟင်း…ဟင်း… နို့ကတော့ မိစန်းသဘောလေကွာ၊ ခု ငါမေးနေတာ မင်းသဘော…ဥပမာပေါ့ကွာ…ဟုတ်လား"



သို့ဆိုတော့ ချစ်ထူး ဘာလုပ်ရမည်နည်း။ သူကြီးကို ဘာပြန်ပြောရမည်နည်း။

သူတွေဝေနေမိ၏။ မအေမရှိလို့ ကလေးကို မမွေးနိုင် မကျွေးနိုင်လို့ သူကြီးကို အပြီးပိုင် ပေးထားခဲ့ရသည်မှာ တစ်မျိုးလေ၊ ခု လင်ကိုယ်မယား အတူတူရှိပြီး ကလေးကို သူများပေးခဲ့ရမည် ဆိုတော့ သို့ အတွေးက သူ့ကို ခြောက်လှန့်လို့နေချေ၏။

"မိစန်းအဲ့လိုတော့ မဆုံးဖြတ်စေချင်ဘူး" လို့ သူစိတ်တွင်းမှ ပြောနေမိတော့၏။

"ပြောလေကွာ"

သူကြီးက လက်တို့မေးလာသဖြင့်

"ဟင်း"

သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်လေပြီး

"ကောင်းပြီလေ မခင်မှ ဥခင်တတ်တာ ရှိတာပဲ သူကြီးရယ်၊ ကျွန်တော် သဘောပေါက်ပါတယ်ဗျား၊ မ မခင်တဲ့ဥကို ကျွန်တော်က ခင်နေလို့ အပိုပဲပေါ့…"

"ဟား…ဟား…ဟား၊ ဟား…ဟား…ဟား…ဟား တကယ်သဘောကျတယ်ကွာ မင်းနှယ့် မိစန်းကို အဲဒီလောက်ပဲ ချစ်ရလားကွာ…"

"ဘယ်လိုကြောင့်လဲဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် တောင် မသိပါဘူးဗျာ…"

"အေးလေ… ငါသဘောပေါက်ပါတယ်၊ ခုမင်းတို့ကလေးကို ငါက အတင်းအဓမ္မ လိုချင်လွန်းလို့တော့မဟုတ်ဘူးနော်၊ မင်းယုံချင်ယုံ မယုံချင်နေ မင်းတွက် မင်းကလေးတွက် ပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"သိပါပြီ သူကြီးရယ် ကျွန်တော့်အပေါ်မှာနားလည်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။

"ဟုတ်ပြီလေ၊ လာ သွားကြစို့"

သို့မှ သူကြီးနှင့် ချစ်ထူး ရေချိုးရာမှ ပြန်လာခဲ့ကြတော့၏။

သို့မှ သူကြီးအိမ်သို့ ပြန်ရောက်သည့်တွင်

ထမင်းဝိုင်း အဆင်သင့်ဖြစ်နေချေပြီဖြစ်၏။ သို့ပေမင့် မိစန်းကို တော့မတွေ့ရသဖြင့်

"အရီး မိစန်းကော"

"ရွာထဲသွားတယ်လေ"

"ဟင်"

သို့ဆိုတော့ ချစ်ထူးခေါင်းနဘမ်းကြီးသွားတော့၏။ သူကြီးကို လှမ်းကြည့်လိုက်၏။

သူကြီးက ချစ်ထူးဘာကြောင့်သူ့ကို သို့အကြည့်ဖြင့် ကြည့် လာသည်ကို သိလေသဖြင့်

"ဟဲ့ မိန်းမ သွား သွား မြန်မြန်သွားခေါ် ဘယ်တုန်းက ထွက်သွားတာလဲ"

"စောစောကတင်"

"ဟုတ်ပါပြီ သွား မြန်မြန်လိုက်ခေါ်ချေ"

"ဘာလို့တုံး"

"အား ဘယ်လိုကြောင့်ဖြစ်ဖြစ်ကွာ၊ မိစန်းကို သွားခေါ် ငါ ခေါ်ခိုင်းတာလို့ပြော"

သို့ဆိုတော့ သူကြီးကတော်သည် သူကြီးပြောသည့်အတိုင်း ရွာထဲ ပြေးခေါ်လေ၏။



"သူချစ်ဖေနဲ့များ တွေ့နေမလား"

သူကြီးကို မေးလိုက်၏။

"ပြောတတ်ပေဘူးကွာ၊ ··ကဲပါ ငါမိန်းမ ခုသွားလိုက်ခေါ်နေ ပါတယ်၊ ခုအချိန်လေးနဲ့ မတွေ့လောက်ပါဘူး"

သို့မှ မကြာမီ သူကြီးနှင့်အတူ မိစန်း ပြန်ပါလာချေ၏။

"ညည်းဘယ်တွေသွားနေတာလဲ"

"ကိုချစ်ထူးတွက် ကွမ်းသွားဝယ်တာလေ"

သို့ဆိုတော့ ချစ်ထူးသည် မိစန်းကို ပြုံးကျယ်သော မျက်လုံး များဖြင့် ကြည့်လိုက်ချေပြီး

"အော် သူ ငါ့တွက် ကွမ်းသွားဝယ်တာကိုး" စိတ်ထဲမှ တွက်လိုက်မိ၏။

"ကဲ··ကဲ ထမင်းစားကြမယ်"

သို့ဆိုတော့ ထမင်းဝိုင်းလေး စည်းစည်ကားကားဖြစ်သွားချေ တော့၏။ ထမင်းဝိုင်းတွင် သူကြီးက မည်သည့် စကားမျှ မပြောလာ ပါချေ။ ချစ်ထူး ထင်ထားသည်မှာ သူကြီးထမင်းဝိုင်းတွင် မိစန်းကို အလေးကိစ္စပြောလိမ့်မည်ပေါ့၊ ခုတော့ ငြိမ်လို့ပါကလား။

သူတို့စားသောက်နေစဉ် ကလေးအိပ်နေခြင်းကြောင့် တော် သေးသေး၏။

စားသောက်ကြပြီးသည့်တွင်မတော့ လက်ဖက်ရည်ကြမ်း ဝိုင်းတွင် ထိုင်၍အလာပ သလာပ ပြောနေကြသည့်တွင် သူကြီးက

"ဟဲ့မိစန်း" လို့ ရုတ်တရက်ခေါ်လိုက်သဖြင့် ဘာကို အတွေး လွန်နေမှန်းမသိ အတွေးလွန်နေသော မိစန်းက ကပျာကယာ ခေါင်းကို မော့လိုက်ချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ပြောလေ ဘာတုံး" မေးလိုက်၏။

ဤတွင် သူကြီးက မိစန်းကို မပြောသေးဘဲ ချစ်ထူးကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေ၏။

သူကြီး၏ အကြည့်အဓိပ္ပါယ်ကို ချစ်ထူးသိလိုက်ပြီး ဖြစ်၏။ ကလေးကိစ္စပြောတော့မည်ပေါ့၊ သို့ဆိုတော့ ချစ်ထူးက ခေါင်းညိတ်ပြလိုက်၏။ ထိုသည်ကို သတိထားမိသော မိစန်းက

"ဘာတွေတုံး သူကြီးရယ် ကိုချစ်ထူးနဲ့ တိုင်ပင်ပြီး ကိစ္စတွေပဲဟာ"

သို့ အပြောကြောင့် ချစ်ထူး တုန်လှုပ်သွားတော့၏ ။ မိစန်း သိနေသည်လား။ သို့ဆိုတော့ မိစန်း ကလေးကို မရမက ခေါ်မည်ပေါ့၊ အေးလေ သူလဲ မိခင်ပေပဲ၊ တစ်ခါများရုံနှင့် ကလေးကို ပစ်ထွက်ပြေးမည့်သူမဟုတ်နိုင်ပါချေ။ သို့ သူတွက်မိလိုက်လေသည်ကြောင့် ပြုံးမိ ချေလေတော့၏။ သူ၏ အပြုံးသည် သူကြီးအထင်နှင့် အမြင်လွဲသွားချေ တော့မည်ဖြစ်ခြင်းကြောင့်ပင်၊ သို့ဆိုတော့ သူမိစန်းကို မျက်လုံး ရွှဲများ ဖြင့် ကြည့်လိုက်ချေ၏။

ပြီး မျက်လုံးချင်းဆုံးလိုက်သည်တွင် ပြုံးပြလိုက်၏။

"ဘာလဲ"

မိစန်းက သူ့အပြုံးအဓိပ္ပါယ်ကို မသိလေခြင်းကြောင့် သူပြောမိချေ၏။

"ဘာဖြစ်ရမှာလဲ၊ ငါ့ညည်းကို ကလေးကိစ္စပြောမလို့"

သူကြီးက သို့ပြောလာသည်တွင် မိစန်းမျက်နှာပျက်သွားချေ၏။ ဘာများပါလိမ့်၊

"ပြောပါသူကြီး"



"အေး ငါတို့ ညည်းကလေးကို မွေးစားချင်တယ်၊ ပေးခဲ့နိုင်မလား"

သို့အမေးကြောင့် မိစန်းမျက်လုံးမျက်ဆံ ပြူးအံ့သြတကြီး ဖြစ်သွားချေတော့၏။

"ဘုရားရေ"တပြီး ပြူးသွားလေသဖြင့် ချစ်ထူး မိစန်းကို ဘယ်လို သဘောနှင့် ပြူးလိုက်သည် သိလိုသဖြင့် ငေးကြည့်နေမိချေတော့၏။

မိစန်း သူကြီးကို ဘာပြန်ပြောလိမ့်မည်နည်း။ တူးတူးခါးခါး ငြင်းလိမ့်မည်လား။

သို့ပေမင့်လို့ မိစန်း၏ မျက်နှာထားကြောင့် ချစ်ထူး တစ်ယောက် ချာချာလည်သွားလေ၏။

"သူကြီးရယ် ဘယ့်နှယ်ပြောပါလိမ့်၊ သူကြီးတို့ လင်မယား ကလေးရနိုင်တာမှ မဟုတ်တာ၊ ကလေးအပေါ်လဲ သိပ်ချစ်ကြတယ် ဆိုတာသိပါတယ်၊ ဟင်း... ဟင်း... ကျွန်မက နောက်ထပ် ကလေး နှစ်ယောက် သုံးယောက် မွေးမယ်ဆို မွေးနိုင်ပါသေးတယ်၊ သူကြီးအဲလိုပဲလုပ်ပါရှင်"

အလိုလေးဗျာ၊ ချစ်ထူးတစ်ယောက် မိစန်းကို ချာချာလည် မူးနောက်နေသည်ကြားမှ အံ့သြတကြီးကြည့်နေလိုက်တော့၏။

"ကိုချစ်ထူးရယ် ကျွန်မကို ဘယ်လိုမှ မအောင်းမေ့ပါနဲ့ နောက်ပြီးတော့ သူကြီးတို့က ကိုချစ်ထူးအပေါ်မှာကောင်းသလို ကျွန်မ အပေါ်လဲ ကောင်းတာပဲလေ၊ နို့ကြောင့် သည်ကလေးကို မွေးစားဖို့ ပေးခဲ့တာပေါ့ရှင်...ဟင်း... ဟင်း"

"မင်း တကယ်ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထုးက တုန်တုန်ယင်ယင်လေးသံဖြင့် မေးလာလေ၏။

"ဘုရားရေ•• ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား မေးနေပြန်ပါပြီရှင်"

ချစ်ထုး သူကြီးကို ကြည့်လိုက်၏။ သူကြီးသူ့ကို မဲ့ပြုံးပြုံးပြလာချေ၏။

"တွေ့ပြီလား၊ မှတ်ပြီလား" လို့ ပြောနေသလိုပင်

"မင်းကကော•••"

သို့ဆိုသလို လူကြီးကပြောလေသဖြင့် သူ့ရင်တွင်း အမှန်ပြောချင်သည်မှာ

ဘယ်လိုဖြစ်မှာလဲ သူကြီးရယ်၊ ကျွန်တော်ရဲ့ သမီးဦးကလေးပါဗျာ၊ မိစန်း နှင်သူကြီးတို့ကို ပေးချင်နေလဲ နောက်တစ်ယောက်မွေးပြီးမှ ပေးလိုလည်း မိစန်းကို မာထန်ထန် ပြောလိုက်ချင်၏။ သို့ပေမင့် သူ့အကြံကိုပြော၊ မိစန်းကိုပြောပြ မိစန်းတစ်ယောက် သူ့အပေါ် စိတ်ခုသွားမည်စိုးသဖြင့်

"ဟင်း••ဟင်း••ဟင်း••သူကြီးရယ် ဘာပြောစရာလိုမှာတုန်း၊ ကျွန်တော်နဲ့ မိစန်းက ကလေးနောက်တစ်ယောက် ထပ်မွေးလိုက်တာပေါ့ ဟုတ်လား မိစန်း•••"

သို့ ပြောပြီး မိစန်းကို လှည့်မေးလိုက်၏။

"ဟုတ်ပါရှင့်"

သို့ မိစန်းက ပြောပေမင့် လှိုက်လှိုက်လှဲလှဲ မရှိသည်ကို တွေ့လိုက်ရချေ၏။

သို့ဖြင့် ထိုညပိုင်းတွင် သူတို့ အိပ်ရာဝင်ခဲ့ကြလေ၏။ မိစန်း တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။ ချစ်ထုး



တစ်ယောက် ဟိုတွေးသည်တွေး လူးကာလွန့်ကာဖြင့် သန်းခေါင်ယံကို ကျော်လွန်ခဲ့ခြင်းဖြစ်၏။

မိုးလင်းလုမှ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

"ချစ်ထုး•• ချစ်ထုး"

သူ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ၊ သို့ဆိုသလို သူတို့ အိပ်ပျော်နေသည့် အခန်းကို ပုတ်ခတ် နှိုးလေသံကြောင့် အိပ်ရာမှ နိုးထလာရ၏။

"ဗျာ••• ဘယ်သူတုံး"

"ငါပါကွ"

"သူကြီးပါကလား" ဆိုလျက် ချစ်ထုးသည် တံခါးကို ဖွင့်လိုက်၏။ မိုးလင်းလု အချိန်ဖြစ်နေချေပြီကော

"မင်းတို့ လှည်းကြုံနဲ့ လိုက်သွားကြလေကွာ၊ ဖာလာထိ ရောက်မယ်၊ ဖာလာကနေ နေမပူခင် ဆက်သွားပေါ့"

"အား••ဟုတ်ကဲ့ သူကြီး ဘယ်သူ့လှည်းလဲ"

"ရွာလယ်ပိုင်းက ချက်ကြီးလေကွာ၊ သူဖာလာမယ် ဝါးသွားတိုက်မလို့တဲ့ ၊ နို့ကြောင့် ငါက မင်းတို့ကို ထည့်လိုက်ချင်တယ် ပြောလို့ သူရောက်နေပြီ •••"

"အလိုလေးဗျာ၊ နို့ဖြင့် ခဏဗျာ"

သို့ဆိုလျက် ချစ်ထုးသည် အခန်းတွင် ပြန်ဝင် မိစန်းကို နှိုးလိုက်၏။

သို့မှ သူတို့သည် ချက်ကြီးလှည်းပေါ်သို့ ရောက်သွားကြသည်တွင်

"မင်းတို့ လမ်းမှာ စားသွားကြချေ" ဆိုလျက် သူကြီးက

www.burmeseclassic.com

www.burmeseclassic.com



သူတို့အား ကောက်ညှင်းပေါင်းထုပ်များ ပေးလိုက်ချေ၏။

"သူကြီး သမီးလေးကော"

ချစ်ထူးက သို့ဆိုသလို သမီးကို တွေ့လိုသဖြင့် မေးလိုက်၏။

"အလိုတော် ကလေးသည်အချိန်အိပ်နေမပေါ့ ဘာလို့ နိုး ရမှာတုံး" သို့ပြောလာသည့် မိစန်းကို သူအံ့သြစွာ ကြည့်လိုက်ချေ တော့၏။

"မင်း သမီး အပေါ်သံယောဇဉ်မရှိဘူးလား"

သို့မေးလိုက်၏။

"မွေးမေပဲရှင် ဟင်း‥ ဟင်း‥ ဘယ်သံယောဇဉ်မရှိ ဖြစ်ပါ့မလဲ ရှိပါ၊ နို့ပေမင့် ကိုချစ်ထူး စဉ်းစားကြည့်လေ၊ ဗိမ္ဗိသာရ မင်းတောင်မှ သူ့သားတော်လက်မှာ ပြည်တည်နေတာကို ပါးစပ်နဲ့ စုပ် ထွက်လာတဲ့ ပြည်တွေကို ကလေးနိုးမှာစိုးလို့ ထွေးမထုတ်ပဲ မြိုချ တာလေ၊ ခု ကျွန်မကလည်း အဲဒီသဘောပါကိုချစ်ထူးရယ် ကလေး အိပ်ရေးပျက်ပါ့မယ်၊ ဟင်း‥‥ဟင်း‥"

အလိုကလေးဗျာ၊ သို့ဆိုတော့ ချစ်ထူး မိစန်းကို နားမလည် နိုင်စွာ ကြည့်လိုက်ချေတော့၏။

အပြောကောင်းပါကလား။ တကယ်ကော ဟုတ်ပါလေစ။

"ဟုတ်ပါပြီတဲ့ဗျာ‥ ကဲ သူကြီး သွားပြီဗျို့"

"အေးအေး မင်းတို့ သားသမီးတစ်ယောက် ထပ်မွေးကြကွယ် ဟုတ်လား"

သို့ သူကြီးက အော်ပြောလိုက်သည့်တွင် လှည်းဆရာ ချက်ကြီးတစ်ယောက် ဘာကြောင့်ရယ်မသိ ပြုံးလိုက်ချေတော့၏။

"သူကြီးက ဘာတွေပြောမှန်းမသိပါဘူး။ ရက်စရာကြီး"



သို့ မိစန်းက ပြောကာ ခေါင်းငုံ့လိုက်ချေ၏။

"ဟဲ့ သူကြီးပြောတာ အမှန်ပဲလေကွာ၊ ငါတို့မယ် သားသမီး ထပ်လိုတာပေါ့"

"နို့တော့ နို့ပေါ့ရှင်၊ သူကြီးတန်မဲ့ အဲလိုကြီးအော်ကြီး ဟစ်ကျယ်ပြောရတယ်လို့"

"ဟား‥‥ဟား‥‥ဟား‥‥ ဟား‥‥ ဟား‥‥ဟား‥‥ ဟား ‥ ဟား ‥‥ဟား"

ချစ်ထူးက သဘောကျ အားရပါးရ ရယ်မောလိုက် ချေတော့၏။

သို့မှ လှည်းသည် တကျွီကျွီဖြင့် ရွာမှအလွန် တောစပ်လေး သို့ ရောက်လာ၏။

"ဘယ်လမ်းက သွားမှာလဲ"

ချစ်ထူးကလည်းဆရာကို မေးလိုက်၏။

"ဝံကိုက်မြောင်က သွားမလားလို့"

"မဝေးဘူးလား။ သဖန်းမြောင်က ဝင်လေဗျာ"

ချစ်ထူးက လှည်းဆရာ ချက်ကြီးကို ပြောလိုက်သည့်ကြောင့် လှည်းဆရာချက်ကြီး မျက်ဆန်ပြူးသွားချေပြီ။

"အလိုကလေးဗျာ၊ ကျုပ်ကော နွားတွေကိုပါ သေမင်းဆီ သွားခိုင်းသလို ဖြစ်နေပါကောလား"

သို့ပြောလာသည့် လှည်းဆရာကို ချစ်ထူးက အံ့သြတကြီး ကြည့်လိုက်ပြီး

"ကျုပ်ဘာစကားများ မှားသွားလို့လဲဗျာ"

မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အား·· အဲ့လို မဟုတ်ပါဘူးကွာ၊ မင်းသဖန်းမြောင်မရောက်တာကြာပြီထင်တယ်"

"နို့တော့ ဟုတ်တယ်ဗျာ ဘာဖြစ်လို့လဲ"

"အဲဒီမယ် ကျားကောင်ရှိတယ်ဆိုပဲကွ၊ နို့ကြောင့် ဝံကိုက်မြောင်က ငါသွားမှာလေကွာ၊ ဝေးတော့ဝေးတာပေါ့ကွာ နို့ပေမင့် အသက်အန္တရာယ်တော့ စိတ်ချရတယ်ကွ···"

"အော်·· အဲ့လိုလား။ တောင်းပန်ပါတယ်၊ ကျွန်တော်မသိလို့ပါ"

သို့မှ လှည်းသည် တအိအိဖြင့် လှည်းလမ်းကြောင်းအတိုင်း ခလုပ်ကသင်းတို့ကို ကျော်ဖြတ်လာရာမှ

"ဟာ"

"ဘာဖြစ်တာလဲ"

လှည်းရုတ်တရက် ရပ်သွားပြီး လှည်းဆရာ မှင်တက်မိသွားသည်ကြောင့် ချစ်ထူးက သို့မေးပြီး ရှေ့သို့ လှည့်ကြည့်လိုက်၏။

"ဟင်"

"အို"

ချစ်ထူးကော မိစန်းပါ အံ့သြသွားကြတော့၏။

လူသုံးယောက် သူတို့လှည်းရှေ့တွင် ရပ်နေလေ၏။

သူတို့လက်ထဲတွင် ဓားရှည်ကိုယ်စီရှိကြ၏။ မျက်နှာကို ပုဝါများ အုပ်ထားသလို ဦးခေါင်းတွင်လည်း ရှမ်းခမောက်ကြီးများ ဆောင်းထား၏။ သူတို့မျက်နှာ လူမြင်မခံဝံ့သည်ကြောင့် ဖြစ်ချိမ့်မည်။



"လှည်းပေါ်က ဆင်းကြစမ်း"

တစ်ယောက်သောသူက အမိန့်ပေးလိုက်၏။

"ဟုတ်· ဟုတ်ကဲ့"

လှည်းဆရာ ချက်ကြီးသည် ရှေးဦးစွာ ဆင်းလိုက်၏။ ချစ်ထူးနှင့် မိစန်းသည်လည်း သူတို့ သုံးယောက်ကို တအံ့တသြကြည့်ကာ လှည်းပေါ်မှ ဆင်းမည်အလုပ်တွင်

"နေဦး·· မင်းပဲဆင်း သူမဆင်းနဲ့"

"ဟင်"

"ခွပ်"

"အား"

ချစ်ထူးက သူသာဆင်းခိုင်းပြီး မိစန်းကို မဆင်းခိုင်းသဖြင့် အံ့အားသင့်သွားကာ ဓားကိုင်လူသုံးယောက်ကို မကျေမနပ်ကြည့်လိုက်မိသည်ကြောင့် သို့ဆိုသလို တစ်ယောက်သောသူ၏ ဓါးနှောင့်က ဦးခေါင်းချိုးစောင်းသို့ အရှိန်ဖြင့် ကျလာလေတော့၏။

သူလှည်းပေါ်မှ ပြုတ်ကျသွား၏။

"ဘုတ်"

သူနာကျင်မှုကို ဂရုမစိုက်အား လှည်းကို ကပျာကသီလှည့်ကြည့်လိုက်၏။

"ဟာ"

လူသုံးယောက် လှည်းပေါ် ရောက်သည်နှင့် လှည်းကို နှင်းပြီးမောင်းထွက်သွားတော့၏။

သို့ဆိုတော့ လှည်းပေါ်ရှိ မိစန်းသည်လည်း ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်ကာ လှည်းပေါ် ပါသွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ·· သူတို့ ရွှေလိုချင် ငွေလိုချင်၍ မဟုတ်ပါ ကလား"

ချစ်ထူးတွေးထင်လိုက်သည်မှာ ထိုလူသုံးယောက် စားပြ ဆိုပေမင့် ပစ္စည်းဥစ္စာကို တပ်မက်လိုလား၍ မဟုတ်မှန်းသိလိုက်၏။ သူတို့ လိုအပ်သည်မှာ မိစန်းဖြစ်ချေမည်။

ဘုရားရေ··· ဘယ်လိုကြောင့်ပါလိမ့်···။

"ဘာလို့ မိန်းကလေးကို ခေါ်သွားရတာလဲ"

ချစ်ထူးက သူနံဘေးရှိ ချက်ကြီးကို မေးလိုက်၏။

"နို့တော့ ငါလဲ ဘယ်သိပါ့မလဲကွ"

"လာကွာ လှည်းနောက်လိုက်ကြည့်မယ်"

ချစ်ထူးက မိစန်းပါသွားသော လှည်းနောက် လိုက်မည်အပြု တွင်

"မင်းဘာသာသွားကွာ ငါတော့ ရွာပြန်တော့မယ် သူကြီးကို တိုင်ရမယ်"

သို့ဆိုတော့လည်း အဟုတ်သားကလား။ သူတစ်ယောက် တည်း သူတို့နောက်လိုက်၍လည်း ဖြစ်ချိမ့်မည်မဟုတ်၊ သူတို့က သုံးယောက်အပြင် စားကိုယ်စီနှင့် မဟုတ်ပါကလား။

"မိစန်းကို ဘာလို့ ခေါ်သွားရတာပါလိမ့်"

လို့ သူ တကိုယ်တည်းပြောမိ၏။

"ဘာလို့လဲဆိုတော့ကွာ·· မိန်းမဖြစ်နေလို့ပေါ့"

"မင်းပြောတာ ငါမရှင်းဘူး"

ချက်ကြီးကိုသူက ပြောလိုက်၏။

"ဟိတ်ကောင် ရှင်းရှင်းလေး၊ မိစန်းကို သူတို့ ခြေတော်တင်



ဖြစ်မပေါ့"

"ဟော"

သို့ဆိုတော့ ချစ်ထူးတစ်ယောက် ထိုလှည်းနောက်ပြေးလိုက် သွားချေတော့၏။

"သည်ကောင်တော့ သေချင်ပြီ"

ချက်ကြီးက သို့ပြောပြီး ထိုနေရာလေးမှ ထွက်ခဲ့ချေတော့ သည်။

ချစ်ထူးတစ်ယောက် လှည်းသွားရာသို့ မှန်း၍လိုက်သွားချင်း သာဖြစ်၏။

သို့ဆိုတော့ သူလှည်းလမ်းအတိုင်းသွားနေချသဖြင့် လှည်းဘီး ရာ ရှာသွားရပေမည်။ သို့အသိဖြင့် ချစ်ထူးသည် မြေပြင်တွင် လှည်းဘီးရာကို ရှာကြည့်လေတော့၏။ သို့ဆိုတော့ သူလမ်းလွဲလိုက် ခဲ့လေခြင်း ဖြစ်နိုင်၏။ မြေပြင်တွင် လှည်းဘီးရာလည်း မရှိပါကလား။ သို့ကြောင့် သူလာရာလမ်းကို ပြန်သွားလိုက်၏။

"ဟာ··ဟုတ်ပြီ"

လမ်းခွဲလေးတစ်ခုမယ် လှည်းဘီးရာကို သူတွေ့လိုက်တော့၏ ဝမ်းသာသွားတော့၏။ သူလမ်းလွဲလိုက်မိတာကိုး။ သို့ကြောင့် လှည်းလမ်းကြောင်းရှိသည့်လမ်းသို့ ခပ်သွက်သွက်ပြေးသွားလိုက်၏။

အတန်ကြာကြာပြေးသွားသည်တွင် သူမောပန်းနေလေသဖြင့် ရေကို လှမ်းကဲကြည့်လိုက်၏။ မည်သည့်အရိပ်အယောင်မျှ မတွေ့ရ သဖြင့် နံဘေးရှိ သစ်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်လိုက် တော့၏။

"ကဲ·· မင်းဘာလုပ်မလဲ"

www.burmeseclassic.com



သူ့ကိုယ်သူ ပြန်မေးလိုက်၏။

ဆာပြီ။ သူကြီးပေးလိုက်သည့် ကောက်ညှင်းပေါင်းထုတ်လည်း လုည်းပေါ်ပါသွားသည်ကို။

သို့ဆိုတော့ သူ ဆာဆာနှင့် ထိုသစ်ပင်အောက်တွင် ကျောမှီလဲချလိုက်တော့၏။

ထိုမှ ရောက်တတ်ရာရာကို စဉ်းစားလိုက်၏။

သူအမောအပန်းဖြေရမည်။ သို့မှ သူစားစရာတစ်ခုခုရှာရမည်။ သို့အတွေးဖြင့် သူမျက်လုံးအစုံကိုမှိတ်၍ ယင်းကိုစွန့်ပတ်သက်၍ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိတော့၏။ သို့မှ

"ဟာ ဟုတ်ပြီ"

သူတစ်စုံတစ်ရာကို စဉ်းစားရလိုက်ဟန်တူလေ၏။

ဟိုတစ်ယောက်က အရပ်အမောင်းကြည့်၍ ပြောရမည်ဆိုလျှင် ချစ်ဖေဖြစ်နိုင်၏။ သည်လမ်းသည်ခရီး တစ်ကြိမ်တစ်ခါမှ စားပြတိုက်ဖူးသည် မကြားဖူး။ ခုကိစ္စက အံ့သြစရာဖြစ်ချေ၏။ ကြည့်လေ ရွှေငွေလိုချင်၍မဟုတ်၊ မိစန်းကိုသာ မောင်းပြေးခြင်းဖြစ်သည်ဆိုတော့ မိစန်းကို ဘယ်သူတွေအနေနဲ့ မက်စရာရှိလို့တုံး။ နို့ဆိုတော့ သူစဉ်းစားလိုက်မိသည်မှာ ချစ်ဖေဖြစ်၏။ ချစ်ဖေဖြစ်ဖို့များ၏ ။ မနေ့ကသူကြီးတွေ့ခဲ့သည်ပြောတာပဲ၊ နို့ကြောင့် မိစန်းကို လမ်းတစ်ဝက်က ပြန်ခေါ်သွားတာဖြစ်မယ်၊ မိစန်း၏ သဘောတူညီချက် ရှိ မရှိကိုတော့ဖြင့် သူမသိပါချေ။ မိစန်းနှင့် တွေ့မှ သိရပေရော့မည်။

သို့အတွေးဖြင့် သူ ခရီးဆက်ခဲ့၏။ သို့မှ သူ ဝါးခုတ်တဲလေးတစ်လုံးကို မြင်လိုက်၏။

"အလာတုန်းကမတွေ့ပါကလား" သို့ဆိုတော့ သူအပြန်လမ်း



မှားနေသည်ဖြစ်ချိမ့်မည်။

သို့ဆိုတော့ သူ တဲကို လှမ်းကြည့် စဉ်းစားနေလိုက်၏။

"ဟုတ်ပြီ တဲရှိရာသွားမည်. ."

သို့အတွေးဖြင့်ချစ်ထူးထိုတဲရှိရာသို့ ဦးတည်သွားလိုက်၏။ သို့မှာ သူ ထိုတဲနားရောက်လာချေ၏။

သူတဲနှင့် ကိုက် ၁၀၀ လောက်အကွာတွင် သူနံဘေးရှိသစ်ပင်ကြီးတစ်ပင်အောက်သို့ပြေးကပ်လိုက်၏။

ဘယ့်တွက်မူ သူကဲ့သို့ တဲရှိရာသို့ လူနှစ်ယောက်လာနေခြင်းကြောင့် ဖြစ်၏။ သူ၏ ဆန့်ကျင်ဘက်မှုဖြစ်၏။

"ဟင်"

သူတွေ့လိုက်သည်မှာ လုည်းဆရာ ချက်ကြီးဖြစ်ချေ၏ တခြားတစ်ယောက်ကို မသိပါချေ။

သို့ကြောင့် သူတဲသို့ မသွားဘဲ ခပ်လှမ်းလှမ်းမှ အကာအကွယ် ယူ၍ သူတို့ကို တစေ့တစောင်းကြည့်နေ လိုက်တော့၏။

သည်တွင် တဲပေါ်သို့ချက်ကြီးနှင့် လူစိမ်းတက်ထိုင်လိုက်ကြ၏။ ချက်ကြီးနှင့် ပါလာသူမှာ တဲရှင်ဖြစ်ချိမ့်မည်။

ချက်ကြီး ရှာပြန်မည်ဆိုပြီး ဘယ့်နှယ်သည်ရောက်နေပါလိမ့်။ သို့ကြောင့်သူ တဲနား ပုန်းလျှိုးကွယ်လျှိုးဖြင့် ချဉ်းကပ်သွားလိုက်၏။ တဲနားခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးနောက် ကွယ်တွင် လုံခြုံမှုအတော်အတန် ကောင်းသည်ကြောင့် ချစ်ထူး အသာခိုကပ် လှမ်းကာကြည့်လိုက်၏။

"ဘယ်လိုလဲ သန်းဌေး ငါ့တာဝန်ကျေပြီ ပေးတော့ငွေ"

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးက လှစိမ်းကို ပြောလိုက်၏။

"အလိုလေးဗျာ ရမှာပေါ့ တစ်ခွက်တစ်ဖလား သောက်သွားစမ်းပါဦးကွာ. . ရော့ရော့ ဒီမယ်"

သို့ဆိုလျက် လှစိမ်းက ချက်ကြီးကိုထောင်တန် (ငါးသောင်းခန့် ရှိမည်ဟုထင်ရ၏) ပေးလိုက်၏။

ချက်ကြီးသည် တစ်ရွက်ချင်းကိုင်၍ ရေတွက်လိုက်၏။

သူတွက်ထားသလို ငါးသောင်း ဖြစ်ချေ၏။

"ငါ့ခရာ ချစ်ဖေက တာဝန်ကျေပါတယ်ကွာ. . မင်းနဲ့ငါ့တွက် အရက်တစ်လုံးနဲ့ ကြက်တစ်ကောင်လည်း ပေးထားသေးတာ ဟော့ကောင်"

"ဟင်"

သို့အသံကြောင့် ချစ်ထူး ခေါင်းချာချာလည်သွားတော့၏။ သူတွက်ထားသလို ချစ်ဖေဖြစ်နေပါကောလား၊ သို့ဆိုလျှင် ချစ်ဖေသည် လှည်းဆရာ ချက်ကြီးနှင့် ပေါင်းထားခြင်းပါကလား၊ သို့ကြောင့်လည်း သူတို့ ဘယ်အချိန် သူနှင့် လှည်းနှင့်လာကြမည်ကို သိထားသဖြင့် ဓါးပြဟန်ဆောင်၍ မိစန်းကို ခေါ်သွားခြင်းပါကလား။

မိစန်းတစ်ယောက် အကြီးအကျယ်ကြောက်လန့်နေလိမ့်မည်။

"တွေ့ကြသေးတာပေါ့ ချစ်ဖေရာ"

သို့ချစ်ထူးက ထိုတဲမှ ချက်ကြီးပြန်ထွက်အလာကို စောင့်နေလိုက်ချေတော့၏။

သို့ ချစ်ထူးက ဖြစ်နေပေမင့် မိစန်းတစ်ယောက်ကတော့မူ



"ကိုရင်ချစ်ဖေ ကျွန်မ ပေးတဲ့သတင်းရသွားကလား"

"ဟင်း. . ဟင်း. . ဟင်း. . ဘယ့်နှယ် မရရှိပါ့မလဲကွ၊ မင်းလေး. . . ငါ့ကို မပြတ်နိုင်ဘူးဆိုတာလဲ သိပါတယ်ကွ၊ မင်းကို နှောင်ကြိုးအောင် ထားလိုက်တာပါကွာ ငါလဲ မင်းကို မပြတ်နိုင်ပါဘူး၊ အေး မင်းတို့ သည်မနက်သွားမယ်ဆိုလို့ ညတုန်းက ငါချက်ကြီး အိမ် သွားညှိထားတာကွ၊ ချက်ကြီးကလည်း တောတက်မယ် သတင်းလွှင့်လိုက်တာကို သူကြီးက ပြောတယ်၊ မင်းတို့ကို ထည့်လိုက်မယ်တဲ့၊ သည်တော့ ဟန်ကျပြီပေါ့ကွာ"

"သည်လို အကွက်မြင်တတ်တာကိုပဲ ကျွန်မရှင့်ကို ကိုချစ်ထူး ထက်ပိုချစ်ရတာပေါ့ရှင်. . ဟင်း. . ဟင်း. . ဟင်း"

သို့နှယ်ပြောပြီး တဟင်းဟင်း ရယ်မောနေချိန်မှာပင် ချစ်ဖေသည် မိစန်း၏ ကိုယ်လုံးလေးကို ပွေ့ဖက်လိုက်လေတော့၏။

"အို"

× × × × ×

ချစ်ထူးတစ်ယောက် မိစန်းကို ခေါ်သွားရာနောက်သို့ ခြေရာခံလိုက်ခဲ့တော့၏။

သူထင်သလို ဓားပြစင်စစ်များ မဟုတ်လေခြင်းကြောင့် ကြောက်လန့်စိတ် သူတွင် မရှိပါချေ။ မိစန်းကို လို၍ ဓားပြဟန်ဆောင် ခေါ်သွားကြခြင်းဖြစ်သည်ကြောင့် သူမကြောက်ပါ။ သို့ကြောင့် ချစ်ထူး တစ်ယောက် ဓားမတိုတစ်ချောင်းခါးကြားထိုး၍ လိုက်ခဲ့ချေတော့၏။ သို့မှ သူသည် ပလုံးစခန်းသို့ ရောက်လာ၏။ ပလုံးစခန်းတွင် ဝါးတဲ လေးငါးလုံးမျှ ရှိချေ၏။ သူပလုံးဝါးခုတ်တဲသို့ဝင်၍ စုံစမ်းလေတော့၏။ သည်တွင် မိန်းမတစ်ယောက် ယောက်ျားသားတစ်ယောက် မနေ့ည

www.burmeseclassic.com

www.burmeseclassic.com



က ပလုံးတွင် ညအိပ်၍ ထွက်သွားကြောင်း သိလိုက်တော့၏။

"ဘယ်ဘက်ထွက်သွားတုန်း"

"အရှေ့ရူးရူး"

သို့ဆိုတော့ သူသိလိုက်၏။ အရှေ့ရူးရူးတွင် လပဟာမယ်ရွာရှိ၏။ ၄င်းရွာနှင့်မားလွယ်ခုတ်တွင် တစ်မိုင်ခန့်ခရီးတွင် စမ်းရွာရှိ၏။ ၄င်းရွာနှင့် တစ်မိုင်ခွဲလောက်တွင် လျှော်ပုံရှိချေ၏။ သို့ဆိုတော့ ချစ်ဖေတို့သွားကြသည်မှာ လျှော်ပုံဖြစ်ချိမ့်မည်။ ဘယ့်တွက်မှု လျှော်ပုံသည် ချစ်ဖေ၏ ဇာတိရွာမဟုတ်ပါကလား"

သို့ဆိုတော့ ချစ်ထူး လျှော်ပုံသို့ ဦးတည်ခဲ့ပြန်ချေ၏။

သို့ လျှော်ပုံလမ်းကွေ့တွင် သစ်တိုက် လှည်းတစီးဖြင့် တွေ့လေ၏။

"ဘယ်ကလာလို့ ဘယ်ကိုသွားမလို့တုန်း"

ချစ်ထူးက မေးလိုက်၏။

"မအူပုံကလာတာလေ၊ လျှော်ပုံသွားမလို့"

လှည်းဆရာက ပြန်ပြော၏။

"လျှော်ပုံဇာတိပေါ့"

"ဇာတိတော့မဟုတ်ဘူး အဲဒီရွာရောက်တာတော့ သုံးနှစ်လောက်ရှိပြီ"

"နို့ဆိုလျှင်ဖြင့် ချစ်ဖေကို သိလား"

လှည်းဆရာက စဉ်းစားလိုက်၏။ ပြီးလေမှ

"လျှော်ပုံမယ် ချစ်ဖေနှစ်ယောက်ရှိတယ်၊ ဘယ်ချစ်ဖေလဲ"

လှည်းဆရာက ပြန်မေးလေ၏။

"ဝိန်ဝိန်ပါးပါး နှုတ်ခမ်းမွေးစစ၊ မျက်လုံးပြူးပြူး ပါးစပ်ပြဲ

ကွမ်းမပြတ်ဝါးတတ်တယ်ဗျာ"

ချစ်ထူးက သို့ပြောလိုက်၏။

"အင်း ကွမ်းချစ်ဖေကိုပြောတာထင်ပါ့"

"အင်း ဟုတ်တယ်‥ ဟုတ်တယ်"

"သူ သည်ရွာမယ် မနေတာ ကြာပြီလေ‥‥"

လှည်းဆရာက ချစ်ထူးကို သနားစရာမျက်နှာထားဖြင့်ကြည့်ကာ သို့ပြောလိုက်၏။

ဘယ့်တွက်မှု အဝေးကြီးကနေ တွေ့လိုလှူတစ်ယောက်ကို သာရှာသူတစ်ယောက်နေဖြင့် တွေ့လိုသူနှင့် မတွေ့ ပြန်သွားရမည် အိန္ဒကြောင့် သို့အကြည့်ဖြင့် ကြည့်လိုက်ခြင်း ဖြစ်တော့၏။

"ဟုတ်ပါတယ် သူ ပြင်စလူရွာမယ် သွားနေတာ၊ နို့ ခုမေးကြည့်တာက သူသည်ရွာကိုများ အလည်ပြန်ရောက်လာတာများ တွေ့မိသလားလို့ပါဗျာ"

"ဟေ"

သို့ဆိုတော့လှည်းဆရာသည် ချစ်ထူးကို တအံ့တသြကြည့်လိုက်ချေပြီး

"နေပါဦး မင်းက ဘယ်သူလဲ ဘယ်ကလဲ ချစ်ဖေကို ဘာလို့ လိုက်ရှာရတာလဲ"

အလိုလေးဗျာ လှည်းဆရာက သူ့ကို ဘယ်လိုဖြစ်သွားလေသည်မသိပါချေ။ သူ့ကို သင်္ကာမကင်း မျက်နှာဖြင့် ကြည့်နေလေသပြီ။

"အော် သည်လိုပါ ကျွန်တော်သူ့ကို သစ်အမှာရှိထားတာ ခုထိ လာမပို့သေးလို့၊ သူလျှော်ပုံ ရှိတယ်ဆိုလို့ ကျွန်တော်တွက် သစ်လာခုတ်တာဖြစ်မယ်ဆိုပြီး သူနဲ့ပြောစရာရှိတာတွေကြောင့် လိုက်

www.burmeseclassic.com



လာတာပါ••

သို့ ချစ်ထူးက အခင်ပြေသလို ပြောလိုက်၏။

သည်တော့ လှည်းဆရာက ခေါင်းညိတ်လိုက်ချေပြီး

“ငါချစ်ဖေကို မတွေ့မိဘူး။ နို့ပေမင့် မင်းလိုပဲ လူတွေလား တော့မသိဘူး။ မနက်စောစော ယောကျ်ားနှစ်ယောက် မိန်းမ တစ်ယောက် အဖွဲ့ သူကြီးအိမ်ကို ရောက်နေတာ သတိထားမိတယ်”

“ဟုတ်ပါပြီ သည်လောက်သိရလျှင် တော်လောက်ပါပြီ ကျေးဇူးတင်ပါတယ်” သို့ဆိုလျက် ချစ်ထူးသည် ကြေနပ်ပြုံးပြုံးလိုက် ကာ ထိုသူ့အနားမှ သွားလိုက်ချေတော့၏။

သို့မှ လှည်းဆရာသည် သူ့လမ်းသူဆက်သွား ချစ်ထူးသည် လျှော်ပုံရွာသို့ လျှောက်လှမ်းခဲ့တော့၏။

အတန်ကြာတွင် လျှော်ပုံရွာတွင်းသို့ ရောက်၍ လာတော့၏။ လျှော်ပုံရွာ အဝင်တွင် ရွာတွင်းမှ ထွက်လာသော လူနှစ်ယောက်ကို တွေ့လိုက်၏။ သူတို့၏ ပုံပန်းသည် ထို လျှော်ပုံရွာသားတို့၏ ပုံပန်း သဏ္ဌာန်မဟုတ်သည်ကို တွေ့လိုက်၏။

သူတို့နှစ်ဦးသည် အရက်သောက်လာကြဟန်တူချေ၏။ သို့ဆိုတော့ ချစ်ထူးသည် နံဘေးရှိ သစ်တစ်ပင်နောက်ကွယ်သို့ ပြေးဝင်လိုက်ကာ ထိုသူတို့အလာကို ချောင်းမြောင်းကြည့်နေချေတော့ ၏။

အတန်ကြာတွင် ထိုလူသုံးယောက်သူ့ရှေ့က ခပ်လှမ်းလှမ်း မှ ဖြတ်ကျော်သွား၏။ မူးယိုင် လျှောက်နေကြရာမှ ဗလုံးဗထွေး စကားများ ပြောနေကြ၏ ခပ်လှမ်းလှမ်းဖြစ်သည်ကြောင့် သဲသဲကွဲကွဲတော့ဖြင့် မကြားရချေ။ သို့ပေမင့် ချစ်ဖေ ချစ်ဖေ လို့ ကြားရလေခြင်းကြောင့် ထိုသူနှစ်ယောက်နောက်သို့ လိုက်ရန် ဆုံးဖြတ် လိုက်ပြန်၏။

ဘယ်တွက်မှ မိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားသား နှစ်ယောက်သူကြီးအိမ် သွားသည်ကို တွေ့လိုက်သည်ဆိုသဖြင့် သူတို့သည် မိစန်းကို ခေါ်သွားသူများဖြစ်ရမည်။ သို့ တွက်မိခြင်း ကြောင့်ပင်၊ ချစ်ဖေကို မတွေ့ ကိစ္စမရှိ၊ သူလုပ်ရမည့် အလုပ်ကို လုပ်ရပေရော့မည်။ ထိုလူသုံးဦးနောက်လိုက်ကာ မိစန်းကို မေးလေမည်။ သို့ဖြစ်သည်ကြောင့် ထိုလူသုံးယောက်နောက်သို့ ထပ်ကြပ်မကွာ လိုက်သွားတော့၏။

သူတို့သုံးယောက်လုံး မူးနေကြပြီးဖြစ်သည်ကြောင့် ချစ်ထူး ကိုလည်း မမှတ်မိသည်ကြောင့် သူတို့သုံးယောက်သား ယိုင်ထိုး၍ စကားအော်ဟစ်ပြောကာ ရွာပြင်သို့ သွားကြချေတော့၏။

ချစ်ထူးနောက်မှ ကပ်ပါလာသည်ကို မသိကြချေ။

ချစ်ထူးသူတို့သုံးယောက် နောက် လိုက်လာခဲ့သည်ကို ဘယ်လူများ သိကြလေမလား စိုးရိမ်စိတ်ဖြင့် နောက်ပြန်လှည့်ကြည့် လိုက်၏။

“ဟင်”

ချစ်ဖေပါကလား။ ရွာဝမှ ချစ်ဖေဟု ထင်ရသူတစ်ယောက် ထွက်လာသည်ကြောင့် ချစ်ထူးသည် နံဘေးချုံပုပ်ပင်နောက်ပြေးဝင် ကာ ရွာမှ ထွက်လာသူချစ်ဖေကို စောင့်ကြည့်နေလိုက်၏။

အလိုလေးဗျာ၊ မမျှော်ဘဲ စော်ကဲဖြစ်သည်ကိန်းဆိုက် ပြောရပေမည်။ ပြင်စလူရွာသားတစ်ယောက်ပါကလား။ သို့ကြောင့် သူသည် ထိုသူကိုသာ စောင့်နေချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ဟိုလူနှစ်ယောက်နောက်သို့ လိုက်သွားခြင်း မပြုပါတော့ချေ။ ထိုလူနှစ်ယောက်နောက်ကိုလိုက်၍ မေးမြန်းခြင်းထက် ယခုမှ လျှော်ပုံရွာကလေးသို့လာသည့် ပြင်စလူရွာသားကို မေးလျှင် သိနိုင်သည် ကြောင့်ပင်

သို့ဆိုတော့ သူ့တွက် အဆင်ပြေသည်ဟု ပြောရချိမ့်မည်။ ထိုသူသည် တစ်စတစ်စဖြင့် ချစ်ထူးပုန်းကွယ်ရာ ချုံပုတ်နား ရောက်လာချေတော့၏။ သို့ဆိုတော့

"ဟာ"

သူ ချုံပုပ်နောက်ကွယ်မှ ရုတ်တရက်ထွက်လိုက်သည် ကြောင့် ထိုသူရုတ်တရက်မို့ ထိတ်လန့်သွားပုံရချေ၏။ နောက်မှ ချစ်ထူးမှန်းသိလေသည်တွင်

"ဟာ ကိုချစ်ထူးကြီးပါကလား။ သည်ရွာ ဘယ်တုန်းက ရောက်တာတုံး" အလိုလေးဗျာ သူ့ကို ထိုသူက သိလို့ သို့မေးလာခြင်း ကြောင့်

"အေးကွာ ငါ့မိန်းမ မိစန်း သည်ရွာရောက်နေတယ်လေ သူ့လာခေါ်တာ" ခပ်တည်တည်နှင့် ပြောလိုက်၏။

သို့ဆိုတော့ ထိုသူ လျှော်ပုံရွာထဲတွင် မိစန်းကို တွေ့ခဲ့ပါက သိလိုက်မည် မဟုတ်ပါကလား။

"ဟာ‥ဟုတ်ပါ့ စောစောကလေတင် ရွာလယ်က ကုန်စုံ ဆိုင်မယ် အမ မိစန်းကို တွေ့လိုက်တယ်လေ၊ ကိုချစ်ထူးကြီးကော လို့ မေးချင်တာဗျာ၊ အမ မိစန်းက ကျွန်တော့်ကို မမှတ်မိမှာစိုးလို့ မမေးတော့ဘူး‥"

အလိုလေးဗျာ တယ်ဟုတ်ပါကလား။ ထိုသူက သူ့ကို ကောင်းကောင်းသိနေသူပါကလား။ သို့ဆိုတော့ ဟန်ကျသွားကလား

ရွာထဲတွင် မိစန်းရှိနေသည်မှာ သေချာ၏။ သို့ဖြင့် ရွာလယ် ကုန်စုံဆိုင်တွင် တစ်ယောက်တည်း တွေ့လိုက်သည်ဆိုသဖြင့်

"သေချာရဲ့လားဗျာ"

မေးလိုက်သဖြင့် ထိုသူက/ချစ်ထူးကို တအံ့တသြကြည့်လာ ခြင်းကြောင့် သူဘာမှားမှားသွားသည် သိလိုက်သည်နှင့် မျက်နှာကို ပြုံးပြလိုက်ကာ

"သည်လိုကွာ ငါ ဟိုဘက်ရွာကို ခဏသွားတော့ သူကြီး အိမ်မှာထားခဲ့တာ၊ နို့ကြောင့် သူတစ်ယောက်တည်းလားဆိုတာ သူကြီး မိန်းမပါလားလို့ သိချင်လို့ပါ" သို့ဆိုတော့ သူက

"အော်‥သူကြီးကတော့မပါပါဘူး သူတစ်ယောက်တည်းပါ"

"ဟုတ်ပြီး မင်းပြင်စလူပြန်မပေါ့ သည်ကနေ့"

"ဟုတ်တယ်"

"နို့ဖြင့် သူကြီးကို ပြောပေးကွာ၊ ငါသည်မယ် သုံးလေးရက် ကြာဦးမယ်လို့"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်"

သို့ဆိုလျက် ထိုသူထွက်သွားချေ၏။ သို့ဖြစ်၍ ချစ်ထူးသည် လည်း ရွာတွင်းသို့ ကပျာကသီဝင်ခဲ့ချေ၏။

ထိုသူပြောသည့် ရွာလယ်ကုန်စုံဆိုင်ရှိရာ ခပ်သုတ်သုတ် လျှောက်သွားလိုက်၏။

"အလိုလေးဗျာ‥‥ဟုတ်ပါ့ မိစန်းပါကလား"

ကုန်စုံဆိုင်ရှေ့တွင် ရပ်နေ၏။ သူကြည့်ရသည်မှာ လူတစ် ယောက်ကို မျှော်နေဟန်ဖြစ်၏။ မဟုတ်မှလွဲရော သူ့ကို ဖြစ်ချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အမျှော် ချစ်ဖေတို့ အမေ့ခေါ်လာသဖြင့် လိုက်လာရပေမင့် သူ့ကို မျှော်နေခြင်းဖြစ်မည်။ လတ်တလော သူ မိစန်းနှင့်တွေ့ ပြန်ခေါ် ရမည်။ ဟိုကောင် ချစ်ဖေကိုတော့ နောင်မှ တွေ့လျှင် စာရင်းရှင်းရ ပေမည်။ သို့အတွေးဖြင့် ချစ်ထူးသည် မိစန်းရှိရာသို့ လှမ်းကြည့်လျက် လျှောက်သွားလိုက်ချေတော့၏။

သို့မှ မိစန်းသည် သူ့ကို တွေ့သွားပုံရ၏။

သူ့ကို တွေ့တွေ့ချင်း မိစန်းတစ်ပျောက် စိတ်ပျက်သွားပုံ ကြောင့် သူစဉ်းစားမရဖြစ်သွား၏။ ဘယ်လိုကြောင့်သူ့ကို တွေ့သည်နှင့် ထိတ်လန့်သွားရတာပါလိမ့်။ မသကာဆို သူ့တွေ့သည်နှင့် ဝမ်းသာ အားရ စောင့်ကြိုရမည်။ တိုင်တောရမည်မဟုတ်ပါကလား။ သို့အတွေး ကြောင့် သူခြေလှမ်းတုံ့သွားရ၏။

သို့ဆိုတော့လည်း မိစန်းတစ်ယောက် သူ့ကိုမြင်လိုက်သည်နှင့် မတူတော့လေဘဲ ပြုံးကာ

"ဟင် ကိုချစ်ထူးကြီးလိုက်လာတယ်လား"

ဆိုလျက် သူ့ထံ ပြေးလာလေ၏။

သို့ဆိုတော့လည်း စောစောက သူ့ကို မမှတ်မိခြင်းကြောင့် ဖြစ်မည်ဟု သူတွက်လိုက်၏။

အင်းလေ သူကလည်း စားမတိုကြီး ခါးကြားထိုး ကပိုကရို့ သူမထံသွားလိုက်သည်ဆိုတော့ သူ့ကို မမှတ်မိ၊ အခြားတစ်ယောက် (ပြန်ပေးဆွဲသွားသူတစ်ယောက်) ဟု ထင်လိုက်၍ သူ့ကို မြင်မြင်ခြင်း ထိတ်လန့်သွားခြင်းသာ ဖြစ်ချိမ့်မည်ဟု တွက်လိုက်ချေတော့၏။

"ကိုချစ်ထူး လိုက်လာတယ်လား"

"အေး မင်းဘာဖြစ်သွားသေးလဲ"



မိစန်းနှင့် နမ္မူးတွေ့ ဒူးတွေ့ကျတော့ ချစ်ထူးတစ်ယောက် ချစ်ဖေကိုပင် သတိမရပါတော့ချေ။

"ကိုချစ်ထူး ကျွန်မထင်သား ရှင်လိုက်လာမှာလို့"

"အို မိစန်းရယ် ဘယ်လိုပြောလိုက်ပါလိမ့် ဘီလူးဂူမှာန်တွေ မင်းနား ချစ်ဖေက အစောင့်အကြပ်တွေ ထားဦးတော့ ငါမရမက မင်းကို လာခေါ်မှာပါကွာ"

သို့ချစ်ဖေက ပြောလေသည်တွင် မိစန်းက အံ့ဩသွားဟန် ဖြင့်ချေပြီး

"ကိုချစ်ထူး ရှင်ဘာပြောလိုက်တာလဲ ချစ်ဖေတဲ့လား"

"အေးလေ မင်းကို ချစ်ဖေခေါ်လာတာမဟုတ်လား"

သို့ဆိုတော့ မိစန်းတစ်ယောက် မျက်စိမျက်နှာပျက်သွားချေ ပြီး

"ဟာ မဟုတ်တာ ကိုချစ်ထူးရယ် ချစ်ဖေခေါ်လာတာကို၊ ကျုပ်က လိုက်မတဲ့လား"

"အေး မင်းကတော့ မလိုက်ဘူးပေါ့ကွာ စောစောကလို အတင်းအကြပ်ခေါ်လာတာလဲ သိသားပဲ မဟုတ်လား"

"နို့တော့ နို့ပေါ့ရှင် ကိုချစ်ထူးရယ် ခုဟာက ချစ်ဖေ မဟုတ် ပါဘူး"

"ဟေ"

သို့ဆိုတော့ သူ့နားကြားများ မှားသွားသည်များလား။

သူသိလိုက်သည်မှာ ချစ်ဖေခေါ်သည်။ ချက်ကြီးတို့ကိုမိုက်ဆံ ပေး၍ ခေါ်ခိုင်းသည်။ ခုတော့ မိစန်းကိုယ်တိုင်က မဟုတ်ဘူးဆိုပါ ကလား။

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ထားပါတော့ . . အရေးကြီးတာ မိစန်းပေပဲ မဟုတ်လား။ မိစန်းပြောလျှင်ယုံရမယ်ပေါ့"

"လာပါ ကိုချစ်ထူးရယ်၊ ကျွန်မတို့ သည်ကနေ မြန်မြန် သွားကြတာပေါ့"

သို့ဆိုတော့

"ကောင်းပြီ၊ နေဦး ငါ ကွမ်းဝယ်ဦးမယ်ကွာ"

"နို့ဖြင့်လည်း မြန်မြန်လုပ် တော်နေ ဟိုလူတွေပြန်ရောက် လို့ ရှိလျှင် ကျွန်မကို ပြန်ခေါ်သွားဦးမယ်၊ ကိုချစ်ထူးကိုလည်း ရန်လုပ်လိမ့်မယ်"

သို့ဆိုတော့ ချစ်ထူးက

"ဟာကွာ ဟိုကောင်နှစ်ကောင် ရွာပြင်မှ တွေ့လိုက်ပါတယ်၊ သူတို့ သည်ရွာကို ပြန်လာမယ့်ပုံ မပေါ်ပါဘူးကွာ"

သို့ချစ်ထူးက ပြောလိုက်သော်လည်း သူ့စဉ်းစားမိလေသည် တစ်ခု တော့ရှိ၏။

ဘယ်လိုတွေပါလိမ့်။

အင်းလေ သူ့အတွေးချော်တာဖြစ်မပေါ့၊ မိစန်းကိုယ်နိုက်က နောက်တစ်ကြိမ်သို့ မဖြစ်အောင် ပြောခြင်း ဖြစ်ချိမ့်မည်။

"နို့ဖြင့်လည်း သွားနှင့်ချေ၊ ကိုချစ်ထူးခုပဲ လိုက်ခဲ့မယ်"

သို့ဆိုတော့ မိစန်းတစ်ယောက် ထိုနေရာမှ ပြေးထွက်သွား ချေတော့၏။

ချစ်ထူးတစ်ယောက် ကုန်စုံဆိုင်တွင်း ဝင်လိုက်သည်နှင့်



"ရှင် သူနဲ့ ဘာတော်လဲ"

"ဗျာ"

ဆိုင်ရှင် အမျိုးသမီးက မေးလေသည်ကြောင့်

"ကျုပ် သူ့ယောက်ျား"

"ရှင်"

"ဘာလဲ မယုံဘူးလား၊ သူ့မကို မေးချေဗျာ" ဆိုလိုက်တော့ ဆိုင်ရှင်အမျိုးသမီးက သူ့ကို သေသေချာချာ ကြည့်နေချေပြီး

"ဘာတွေလဲ မသိပါဘူး" ဆိုလျက် ချစ်ထူးအမှာရှိသော ကွမ်းကို ယာပေးလေတော့၏။

"ဘာ ဘာတွေလဲဗျ"

ချစ်ထူးက သူ့စကားကို သဘောမကျသဖြင့် မေးလိုက်၏။

"အော် အင်း ဘာမှ မဟုတ်ပါဘူး" ဆိုလျက် ကွမ်းယာကို ယာနေလေသဖြင့် ချစ်ထူးသည်လည်း ထိုအမျိုးသမီးကို ခပ်ကြောင် ကြောင်ဟု တွက်လိုက်ချေပြီး အိပ်ကပ်တွင်းမှ ကွမ်းယာဖိုး ထုတ် ပေးလိုက်ချေ၏။

သို့ အချိန်လေးမှာပင် မိစန်းတစ်ယောက် ရွာလမ်းရှိ အိမ် လေးတစ်အိမ်သို့ ရောက်သွားလေ၏။

"ရှူး"

"ဟဲ့ မိစန်း ဆိုင်ကစောင့်ပါဆိုတာ ဘာလို့ သည်ရောက်လာ ရတာလဲ"

"အို ကိုချစ်ဖေကလည်း ဟိုမယ် ကိုချစ်ထူးလိုက်လာလို့"

"ဟေ"

"နေဦး သည်ကောင် သည်ထိ လိုက်လာရတယ်၊ နေ ငါ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ရှင်းမယ်" ဆိုလျက် ချစ်ဖေသည် ချစ်ထူးထံ သွားမည့်အလုပ်တွင်

"အို ကိုချစ်ဖေကလည်း အဲလို မလုပ်နဲ့လေ၊ သူ့ကို ကျွန်မရှင်းလိုက်ပါ့မယ်၊ စိတ်ချပါ ကျွန်မ ကိုချစ်ဖေနဲ့ပဲ နေမှာပါ"

သို့ဆိုတော့ ချစ်ဖေသည် မကျေမနပ်ကြည့်နေလေပြီး

"မင်း ဘာလုပ်မှာတုံး"

မေးလိုက်ချေ၏။

သည်တွင် မိစန်းက ချစ်ဖေကို တိုးတိုးလေးကပ်ပြောလိုက်ချေ၏။ သည်တော့ ချစ်ဖေမျက်နှာ ပြုံးယောင်သမ်းသွား၏။

"ကောင်းပြီလေ၊ အေး မင်းငါ့အပေါ်တော့ သစ္စာရှိရမယ်နော်၊ ဟုတ်ပလား။ နို့ဖြင့် ငါ သူကြီးအိမ်ကပဲ စောင့်မယ်၊ မင်းနက်ဖြန် ဆက်ဆက်ရောက်အောင်ပြန်လာရမယ် ဟုတ်လား"

"အော် တကယ်ပါ ကိုချစ်ဖေရယ်၊ ကျွန်မရှင့်ကို ပိုချစ်လို့ ရှင်နဲ့လိုက်လာပြီပဲ၊ ခု ကျွန်မ အကြံပေးသလို လုပ်လိုက်ရတာလဲ အဆင်မပြေလို့လား"

"အေး ဟုတ်တယ်"

"ကဲ ကဲ ရှင်သွားတော့ ဟိုမယ် ချစ်ထူးလာနေပြီ"

သို့ဆိုတော့ ချစ်ဖေသည် ထိုအိမ်နောက်ဘက် ပြေးဝင်သွားချေတော့၏။ မိစန်းတစ်ယောက် ချစ်ဖေ သူ့အနားမှ ပြေးထွက်သွားသည်နှင့် ထိုအိမ်နံ့ဘေးမှ အသာခေါင်းလျှိုထွက်လိုက်ကာ

"ကိုချစ်ထူး .. ကိုချစ်ထူး" လို လှမ်းခေါ်လိုက်၏။ ချစ်ထူးတစ်ယောက် ထိုအိမ်နား ရောက်လာပြီကိုး"



"ဟော မင်းစောင့်နေသားကလား"

"အော် ကိုချစ်ထူးရယ်၊ ပြောပြီးပဲ ရှင့်ကို ချစ်ပါတယ်လို့ ရှင်နဲ့ ပြန်ပေါင်းချင်လို့ သူတို့နဲ့ မတွေ့အောင် ပုန်းနေတာလေ"

"ဟုတ်ပါပြီ ကဲ လာသွားမယ်"

"ဘယ်လဲ"

"ငါတို့ဆုံးဖြတ်ထားတဲ့ မအူပုံရွာလေ မင်းမေ့နေပြီလား"

"မမေ့ပါဘူး၊ ကိုချစ်ထူးရယ်"

သို့ဖြင့် လျှော်ပုံရွာမှ သူတို့နှစ်ယောက်သည် သွက်လက်သောခြေလှမ်းများဖြင့် ထွက်လာခဲ့ကြချေတော့၏။

ချစ်ဖေတစ်ယောက် ရွာတံခါးဝမှနေ၍ သူတို့ကို ငေးမောကြည့်နေလေပြီး ရွာတွင်း ခြေဦးတည့်လိုက်ချေတော့၏။

သူခြေဦးတည့်လေသည်မှာ သူကြီးအိမ်တော့မဟုတ်၊ ရွာဖျားက အရက်ပုန်းဆိုင်သို့ဖြစ်ချေတော့သည်။

ချစ်ဖေတစ်ယောက် အရက်ပုန်းဆိုင်တွင်း ဝင်လိုက်သည်နှင့်

"ကိုချစ်ဖေကြီးဘယ်လိုတုန်းဗျာ၊ ခင်ဗျား မယားအသစ်လေးသင်ကြီးနောက် ပြန်ပါသွားပြီမဟုတ်လား၊ ကျုပ်တွေ့လိုက်တယ်"

သို့ဆိုတော့ ချစ်ဖေတစ်ယောက် ထိုသူ့နား သွားထိုင်လိုက်ကာ

"ဖိုးရှမ်း မင်းပါးစပ် ပိတ်ထားပါလားကွာ၊ မင်းတွက် ပြောတာ"

သို့နှယ် တိုးတိုးကပ်ပြောလိုက်သည်ဆိုပေမင့် ဖိုးရှမ်းဆိုသူက ချစ်ဖေကို တချက်စွေစောင်းကြည့်လိုက်ချေပြီး

"ကောင်းပြီလေ၊ ငါ ပါးစပ်ပိတ်ထားလျှင် မင်းတွက်သတင်းကောင်းတွေ သိရမှာမဟုတ်ဘူးနော်၊ ဟင်း..ဟင်း..ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြောလိုက်ချေ၏။ သည်တွင် ချစ်ဖေက ဖိုးရှမ်းကို ရှုတည်တည်ကြည့်ပြီး

"သည်အချိန် မင်း ငါ့တွက် သတင်းကောင်းဆိုတာ မဖြစ်လာနိုင်ဘူး ၊ မင်းဆီကလည်းသတင်းကောင်းဆိုတာ မသိချင်ဘူး။ ကဲ ငွေခင်ရေ ငါ့ကို တစ်ပိုင်းပေးချေ၊ ပြီးတော့ ကြွက်ကြော်ရှိလား"

သို့ စားပွဲတွင်ထိုင်နေသည့် ဝဖိုင့်ဖိုင့် အသားမည်းမည်းနှင့် မလိုက်ဖက်သော နှစ်ကျပ်သားခန့်ရှိ သံကြိုးပုံသဏ္ဌာန် ရွှေဆွဲကြိုးကြီးနှင့် ပြုံးစိစိထိုင်နေသူကို ကြည့်နေသည့် ငွေခင်ဆိုသည့် မိန်းမကြီးကို လှမ်းပြောလိုက်ချေ၏။

"ဟဲ့ တာတီး နင်ချစ်ဖေဝိုင်းကို အရက်တစ်ပိုင်းနဲ့ ကြွက်ကြော် တစ်ပန်းကန်သွားပို့ချေ၊ ငါထင်တယ်၊ ချစ်ဖေတစ်ယောက် နောက်ထပ် တစ်ပိုင်း ထပ်မှာနိုင်တယ် ဟေ ဟေ့ သူ့ အသဲကွဲနေပုံရတယ်"

သို့ ပြောလာသည့် ငွေခင်ဆိုသည့် အမျိုးသမီးကြီးကို ကြည့်လိုက်ပြီးသည်နှင့် နံဘေးရှိ ဖိုးရှမ်းကို ကြည့်လိုက်ချေပြီး

"ဟိတ်ကောင် ဖိုးရှမ်းမင်း ငွေခင့်ကို ဘာတွေ ပြောထားလဲ" မေးလိုက်ချေ၏၊

"ဟဲ့ ချစ်ဖေ သူပြောမှ ငါသိရမှာလား။ ငါ့ဆိုင်က အရက်ဆိုင် ငါ့အရက်ဆိုင်ကို လူပေါင်းစုံ ကာလသားပေါင်းစုံ လာကြတာပဲ ရွာသတင်းဆိုတာ ဖိုးရှမ်းတစ်ယောက်တည်း လွှင့်တာမှ မဟုတ်တာ ချည်း။ နင် ဖိုးရှမ်းကို ဘာမယုံသင်္ကာဖြစ်မဲနေရတာလဲ၊ ဟင်း ဟင်း နင် တကယ်ဆို ဖိုးရှမ်းကို သည်ကနေ့ အရက်ဖိုးတောင် ရှင်းပေးဖို့ ကောင်းတာ"



"ဗျာ‥ ဘယ်လို"

"ဟဲ့ ငါဗမာလိုပြောလိုက်တာ ဖိုးရှမ်းကို အရက်ဖိုးတောင် ပေးသင့်တယ်"

"ဘာလို့လဲ‥ဟိတ်ကောင် သိန်းဇံ မှန်မှန်ပြောစမ်း မင်းငါနဲ့ ပတ်သက်လို့ ဘာသိထားလဲ ဘာတွေ ဘယ်သူတွေက မင်းကို ပြောလဲ"

သို့ ဖိုးရှမ်းဘက်လှည့်ပြောလိုက်ချေတော့၏။

"မင်းပဲ ငါ့ကို ပါးစပ်ပိတ်ထားဆိုကွ" လို့ ပြောလာချေတော့၏။

"ဟုတ်တယ်ကွာ"

"ခစ်‥ခစ်‥ ကိုချစ်ဖေ တကယ်ရယ်ရတယ်၊ သူ့ကို ပါးစပ် ပိတ်ခိုင်းထားတယ်ဆိုတော့ နင် သိသင့်သိထိုက်တာတွေ သိရမှာမဟုတ်ဘူးနော် နောက် ဖိုးရှမ်း မူးပြီး ပြန်သွားလေမှ နင်ဖိုးရှမ်းကို စကားပြောခိုင်းဖို့ မလွယ်ဘူး သည်ကောင် ဖိုးရှမ်းကမူးပြီဆို ကုလားသေ ကုလားမော အိပ်တော့တာပဲ၊ နို့ကြောင့် သူ့ပါးစပ်ကို ပြန်ဖွင့်စေချင်တယ်"

သို့ပြောလာသည့် ငွေခင်ကို ချစ်ဖေက စေ့စေ့ကြည့်ကာ အရက်တစ်ခွက်ငုံ့သောက်လိုက်ချေပြီး

"ငွေခင် နင်ဘာသိထားလဲ၊ ငါ့ကို ပြောပါလား။ သည်ကောင့်ဆီက ငါဘာမှ မကြားချင်ဘူး"

သို့ဆိုတော့ ငွေခင်က ချစ်ဖေကို ပြုံးသော မျက်ဝန်းကို ဝိုင်း၍ ပြုံးအောင် လုပ်လိုက်ချေပြီး

"ဘုရားရေ၊ တကယ်ပါဘာမှ မသိဘူး၊ ဒေါ်း ငါသိတာ ပြောမယ်၊ မနက်အစောကြီး ငါရွာတောင်ပိုင်းဈေးသွားဝယ်တော့

www.burmeseclassic.com

www.burmeseclassic.com



သူကြီး အိမ်ရှေ့မယ် ဖိုးရှမ်းနဲ့ မိစန်း ခိုးကြောင်ခိုးဝှက်တွေ့နေကြ ပုံပဲ၊ တွတ်ထိုးပြောနေကြလေရဲ့"

"ဟင်"

သို့ဆိုတော့ ချစ်ဖေ ဖိုးရှမ်းဘက်လှည့်လိုက်ချေ၏။

ဖိုးရှမ်းက သူ့ကို ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်ပြီး အရက် တခွက်ငှဲ့လိုက်သည်တွင်

"ဟင် အရက်ကုန်ပြီ၊ ငွေခင် ဘယ်လိုတုံး၊ ငါအရက် သောက်ချင်သေးတယ် နို့ကြောင့် အကြွေးပေးပါလားဟယ်"

သို့ဆိုတော့ ငွေခင်က

"အောင်မယ် ဖိုးရှမ်း နင် ခုသောက်တဲ့ တစ်လုံးဖိုးတောင် မရှင်းသေးဘဲနဲ့ နောက်တစ်ပိုင်းလိုချင်လို့ရမလား။ နင့်မယ် ပိုက်ဆံ ရှိတယ်၊ ခုထုတ်ပေးချေ။

"ဟာ ငွေခင်ကလည်း သိရက်နဲ့ ငါ့မယ် ပိုက်ဆံမရှိတော့ ဘူးဟာ"

"ဟဲ့ မရှိသေးလဲ ခုပဲ ရှိအောင်နင်လုပ်လို့ရတာပဲ"

"ဘယ်လိုဖြစ်နိုင်မှာလဲဟာ၊ ငါ ညနေ တောကက် ဝါးခုတ် ပြန်မှ ရမပေါ့၊ အခါတိုင်းလဲ အဲ့လိုပဲ မဟုတ်လား"

ဖိုးရှမ်း က သို့ပြောလိုက်သည်တွင်မတော့ ငွေခင်က သူ့အား မျက်စောင်းထိုး ကြည့်လိုက်ချေပြီး

"နင့်ပါးစပ်ဖွင့်လိုက်တာနင့် အရက်ဖိုးရမှာ သိလျက်ဟယ်"

သို့ဆိုတော့ ဖိုးရှမ်းက ချစ်ဖေကို ကြည့်ပြီး

"သူက ငါ့ပါးစပ်ပိတ်ထားဆိုတာကိုဟာ နို့ကြောင့်"

သို့ ငွေခင်နှင့် ဖိုးရှမ်း တို့ အတိုင်အဖောက်ညီညီဖြင့် ချစ်ဖေ



တစ်ယောက် ကြည့်ကောင်းကောင်းနှင့် ကြည့်နေချေပြီး

"ငါ သဘောပေါက်ပြီ၊ ဟင်းဟင်း ဖိုးရှမ်း မင်းပါးစပ် ပြန်ဖွင့် ပါ"

ဖိုးရှမ်းက ခေါင်းကို ခါလိုက်၏။

"ဟဲ့သူကို အဲ့လို ပါးစပ်ဖွင့်ခိုင်းလို့ရမလား၊ သူ့ပါးစပ်ထဲ အရက်လောင်းထဲမှ ပွင့်တော့မပေါ့"

သို့ဆိုတော့ ချစ်ဖေသဘောပေါက်သွားချေတော့၏။

"ဟုတ်ပြီ မနက်က မိစန်း ဖိုးရှမ်းနှင့် ခိုးကြောင်ခိုးဝှက် တွေ့တယ် ဆိုတယ်၊ မဟုတ်မှလွဲ မင်းနဲ့ မိစန်း တစ်ယောက် ယောက်ကို စကားကြုံပါးလိုက်တာ ဖြစ်ချိမ့်မည်။ သို့ကြောင့်

"ဟုတ်ပါပြီ၊ ငါနားလည်ပြီ ကဲ ငွေခင်ရယ် သည်ကောင်ကို အရက်တစ်ပိုင်းပေးလိုက်စမ်းဟယ်၊ ပြီးတော့ အမြည်းတစ်ခုခုပေးလိုက်၊ အဲ စောစောက သူသောက်ထားတာကော ငါပေါင်းရှင်းမယ်"

သို့ ချစ်ဖေက ပြောလိုက်သည်တွင် ဖိုးရှမ်းတစ်ယောက် ပါးစပ်ကို ဖြဲလိုက်ကာ

"ငါ့ပါးစပ်ဖွင့်လို့ရပြီဆိုတော့ ကဲ··ကဲ ချစ်ဖေ မင်းလဲ သိချင်နေမှာပဲ"

သို့ဆိုတော့ ချစ်ဖေက ဖိုးရှမ်းကို ကြည့်လိုက်ကာ

"သိပ်ဟုတ်တာပေါ့ကွာ၊ ကဲပြော မိစန်း မင်းကို ငါနဲ့ ပတ်သက်လို့ ဘာတွေ မှာနေတာလဲ"

သို့ဆိုတော့ ဖိုးရှမ်းက ငွေခင်ကို လှမ်းကြည့်လိုက်ချေပြီး ချစ်ဖေဘက်ပြန်လှည့်ကာ

"ငါမင်းကို တိုးတိုးပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ချစ်ဖေက သို့ဆိုပေမင့်၊ ငွေခင်က

"ဟဲ့ ဖိုးရှမ်း နင့်တွက်ငါကလည်း လမ်းကြောင်းပေးရသေးတယ်၊ နင်သူ့ပြောမယ့်စကား ငါလည်း သိချင်တယ်၊

သို့ဆိုတော့ ချစ်ဖေသည် ငွေခင်ကို လှမ်းကြည့်လိုက် ချေပြီ

"ကောင်းပြီလေ၊ နို့ဖြင့် နင်ပဲသူ့ပါးစပ်ကြီးထဲ အရက်လောင်းထည့်ပေးလိုက်ပေါ့ ငါ့လိုပေါ့"

သို့ဆိုတော့ ငွေခင်သည် နှာခေါင်းရှုံ့လိုက်ချေပြီး

"ဟဲ့ နင်တို့ကိစ္စ ငါမသိရလို့ ဘာမှ မဖြစ်ဘူး၊ သူ့ပါးစပ်ကြီးထဲတော့ ငါ့အရက်တွေ လောင်းမထည့်နိုင်ပါဘူး ဟင်း‥ဟင်း"

"ဟား‥ ဟား‥‥ဟား‥ ဟား"

"ဟင်း‥ ဟင်း‥‥ဟင်း‥ "

သို့ဆိုတော့ ချစ်ဖေနှင့် ဖိုးရှမ်းသည် သို့ ရယ်လိုက်ကြချေပြီး ဖိုးရှမ်းက ချစ်ဖေနားကပ်ကာ တိုးညှင်းသောလေသံဖြင့် တစ်စုံတစ်ခုကို ပြောလိုက်ချေတော့၏။

"ဟော‥ ဟုတ်လား"

သို့အသံလေးဖြင့် ချစ်ဖေထံမှ ငွေခင်ကြားလောက်အောင် ထွက်လာချေ၏။ သို့မှ ငွေခင်၏ အရက်ပုန်းဆိုင်အတွင်း ဆိတ်ငြိမ်လို့သွားချေ၏ဆိုပေမင့် ငွန်းသံ ခွက်သံ ချောင်းဟန့်သံတို့တော့ဖြင့် သံစဉ်မှန်မှန် သဲ့သဲ့ ပေါ်ထွက်နေခဲ့ဖြစ်ချေတော့၏။

ချစ်ဖေတစ်ယောက် အရက်တခွက်ကို ကပျာကသီသောက်လိုက်ကာ ငွေခင်ထံသို့သွားကာ သူတို့ သောက်သမျှ စားခဲ့သမျှ ကုန်ကျငွေတို့ကို ရှင်းလိုက်ကာ ထိုဆိုင်မှ ကပျာကသီ



ထွက်သွားချေတော့၏။

သို့ဆိုတော့ ချစ်ဖေတစ်ယောက် ရွာထဲ ပြန်မသွားသေးဘဲ ရွာပြင်သို့ ပြန်ထွက်သွားချေတော့၏။

ရွာပြင်သို့ရောက်၍ အတော်လှမ်းလှမ်းလေးတွင် သစ်ခုတ်လှည်းတစ်စီးနှင့် တွေ့လေ၏။

သစ်လှည်းမောင်းသူက ချစ်ဖေကိုတွေ့သည်နှင့်

"ကိုရင်ချစ်ဖေကြီး ဘယ်သွားမလို့တုံး ရေးကြီးသုတ်ပြာနဲ့" လို့မေးလိုက်လေသည်တွင်

"မအှုပုံဟေ့" လို့ ချစ်ဖေ ပြောလိုက်ချေတော့၏။

× × × × ×

မအှုပုံသွားလမ်း တောတန်းလေးအစပ်တွင် ချစ်ထူးနှင့် မိစန်းတို့ နှစ်ယောက် စကားတစ်ပြောပြောနှင့် လျှောက်ခဲ့ကြရာမှာ

"ကိုချစ်ထူး နားချေဦးမယ်ရှင်"

သို့ဆိုသလို ချစ်ထူးသည် မိစန်း၏ ပခုံးလေးကို အသာတကြည်ကိုင်လိုက်ချေပြီး

"ဟုတ်ပြီ သည်အပင်အောက်မယ် နားချေပေါ့" ဆိုလျက် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နားစေလေ၏။ သူကတော့မှ မထိုင်သေးဘဲ တောတန်းလေးအတွင်း လှမ်းကဲကြည့်လေပြီး

"မိစန်း ဒီမယ်ခဏနေချေဦး၊ ငါတောတန်းလေးထဲဝင်ပြီး ဘာလေးညာလေး ဝင်ကြည့်ချေဦးမယ်" ဆိုလျက် မိစန်းအနားမှ ထွက်သွားလေတော့၏။

ချစ်ထူးတစ်ယောက် တောတန်းလေးအတွင်း ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားသည်နှင့် မိစန်းသည် ထိုင်နေရမှထကာ ထိုအပင်ကြီး၏ အခေါက်ကို သူ့တွင်ရှိ မါးမြှောင်း (ချစ်ထူးပေးထားခြင်း) ဖြင့် ခွာနေလေ၏။ ဓားဦးဖြင့် အနှစ်ကို ထိုးခွနေလေ၏။

သို့အချိန်လေးမှာပင် ချစ်ထူးတစ်ယောက် တောတန်းလေးမှ ပြန်ထွက်လာသည်ကို သိလိုက်သည်ကြောင့် မိစန်းတစ်ယောက် ကပျာကသီ ရပ်နေရာမှ ထိုင်ချလိုက်ချေတော့၏။

သို့ဖြင့် ချစ်ထူးတစ်ယောက် မိစန်းနားရောက်လာလေသည်တွင်

"သည်မယ် လိပ်တစ်ကောင်ရခဲ့တယ်"

သို့ဆိုလျက် ချစ်ထူးသည် ထိုလိပ်ကောင်ကို သတ်၍ အတွင်း ကလီစာနှင့် ခြေလက်တို့ကို အရေခွာတ် တံစို့ထိုး မီးကင်ရန် အလို့ငှာ အနားရှိ ထင်းခြောက်တို့ကို ကောက်ယူစုပုံ မီးရှို့လိုက်ချေတော့၏။

အတန်ကြာတွင် တောင့်လိပ်ကောင် မီးကင်ပြီး ဖြစ်သွားချေတော့၏။

မိစန်းက "ကျွန်မမစားဘူး" ဟု ငြင်းလာလေ၏။ သို့ပေမင့် ချစ်ထူးက ငါနဲ့မင်းမယ် အာဟာရလိုတယ်၊ ပြီးတော့ ရှေ့ခရီးဆက်ဖို့ အင်အားရှိသင့်တယ်၊ နို့ကြောင့် မင်းတခြားအတွေးကို မတွေးနဲ့ကွာ၊ လတ်တလော အကြောင်းကိုသာ စဉ်းစားချေ"

သို့ဆိုတော့ မိစန်းခေါင်းညိတ်လိုက်၏။

သို့ကြောင့် လိပ်သားမီးကင်ကျက်သည်တွင် ချစ်ထူးနှင့် မိစန်းတို့ အာဟာရအလို့ငှာ လိပ်ကောင်သား မီးကင်ကို စားလိုက်ကြပြီး နောက် သူတောတန်းလေးဆီသွားခဲ့တုန်းက ပါလာသည့် ဝါးရေဘူး



ထဲမှ ရေတို့ကို သောက်လိုက်ကြချေ၏။

ပြီး ထိုသစ်ပင်အောက်မှာပင် နားနေလိုက်ကြချေ၏။

အတန်ကြာတွင် "သွားမယ်လေ" လို့ ချစ်ထူးက မိစန်းကိုပြောလိုက်၏။

သို့သော်ငြား မိစန်းက အိပ်ပျော်နေဟန် လုပ်နေလေခြင်းကြောင့်

"မိစန်း နင်မအိပ်သေးပါဘူးကွာ ထပါဟာ ငါတို့ သွားကြစို့" သို့ ချစ်ထူးက မိစန်းကိုပြောလိုက်၏။

သည်တော့မှ မိစန်းတစ်ယောက် ချစ်ထူးဆွဲထူရာသို့ လိုက်ပါသွားချေတော့၏။

"ငါတို့ တောတန်းလေးကနေဖြတ်မယ်၊ စောစောက လမ်းကြောင်းကြည့်ပြီးပြီ"

သို့ဆိုတော့ မိစန်းတစ်ယောက် ချစ်ထူးမသိစေရန်အလို့ငှာ ဆံခေါင်းတွင် ပန်ထားသည့် ကလစ်ကို ဖြုတ်လိုက်ကာ ထိုနေရာတွင် အသာအယာဆိုသလို ခိုးကြောင်ခိုးဝှက်ချလိုက်ချေတော့၏။

သူတို့ဝင်သွားရာ တောတန်းလေးအစပ်တွင် မိစန်း၏ ကလစ် နီရဲရဲလေး ကျန်ရစ်ခဲ့ချေတော့၏။

သို့မှသည် အတန်ကြာကြာအချိန်တွင် ထိုကလစ်လေးကို တစ်ယောက်သောသူကကောက်ယူလိုက်ချေ၏။ ပြီး တစ်ယောက် ကြည့်ပြုံးလိုက်ကာ ချစ်ထူးနှင့် မိစန်းဝင်သွားရာ တောတန်းလေးသို့ သူဝင်လိုက်သွားချေတော့သည်။

ထိုသူက ချစ်ဖေပင်။

သစ်ပင်မှ ဗလပ်ခွာပြီး အနားသားပေါ်တွင် ဓားဖြင့် ရွေးထား သောစာများကိုလည်း ဖတ်ပြီးသွားချေ၏။ ပြီးကလစ်ကို ကောက်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချေတော့၏။ သို့နှယ့် ချစ်ဖေတစ်ယောက် တောတန်းလေးအတွင် ခြေရာကောက်၍ သို့ဆိုသလို ချစ်ထူးနှင့် မိစန်းတို့နှစ်ယောက် ဝင်သွားကြရာသို့ခြေရာခံ လိုက်သွားဖြစ်ချေတော့၏။

သို့ဆိုတော့ မိစန်းတစ်ယောက် ချစ်ထူးကို သစ္စာဖောက်လေပြီပေါ့။

သို့ဆိုသည်ကို ချစ်ထူးလုံးဝသိလိုက်ဟန် မတူပါချေ။

"မိစန်း မောနေပြီလားဟင် ငါတို့ ခဏဆိုရင် ဖာလာကို ရောက်ပါပြီ ဖာလာစခန်းရောက်တာနဲ့ လှည်းကြုံရှိတယ် မအူပုံကို တခါတည်း ဆက်သွားလို့ရပြီလေကွာ"

သို့ ချစ်ထူးက မိစန်းကို အားရဝမ်းသာပြောလိုက်ချေတော့၏။

"မြန်မြန်ရောက်ချင်ပြီပေါ့ ကိုချစ်ထူးရယ် ဟင်းဟင်း"

သို့ဆိုသလို မိစန်းတစ်ယောက် ပြုံးဖြီးဖြီးလုပ်ကာ ချစ်ထူးကို ပြောလိုက်ချေတော့၏။

သို့ဖြင့် သူတို့ ဖာလာစခန်းသို့ရောက်ရန် တစ်မိုင်ခွဲခန့်အလို နေရာသို့ ရောက်ခဲ့လေသည်တွင်

"ကိုချစ်ထူး ကျွန်မ မလျှောက်နိုင်တော့ဘူး၊ နားချေဦးမယ်" ဆိုလျက် နေရာမှာပင် ထိုင်ချလိုက်ချေတော့၏။

သည်တွင် ချစ်ထူးက

"ဟာကွာ မိစန်းကလည်း ဘာမှ မဝေးတော့ပါဘူး အားတင် လျှောက်စမ်းပါကွာ၊ ရောက်တော့မှာပါ"

ဆိုလေသဖြင့် မိစန်းတစ်ယောက် ခေါင်းကို ခါယမ်း ထိုင်ချလိုက်ချေသည်ကြောင့်



"ဖုတ်ပြီလေ၊ မင်းနားချင်လည်း နားတော့ကွာ၊" ဆိုလျက် ချစ်ထူးသည်လည်း၊ မိစန်း၏ နံဘေးတွင် ထိုင်ချလိုက်ချေတော့၏။

သို့မှသည် သူတို့နှစ်ယောက် ထိုနေရာရှိ သစ်ပင်တစ်ပင် အောက်တွင် ကျောမှီ နားနေလိုက်ကြတော့၏။

"မင်းဆာနေသေးလား"

"မဆာပါဘူးရှင့် ကျွန်မခဏနားတာပါ၊ ပြီး ဆက်သွားတာပေါ့"

မိစန်းက သို့ပြောသည်တွင် သူတို့လျှောက်ခဲ့ရလမ်းကြောင်းကို ချစ်ထူး မသိအောင် လှမ်းကဲ ခိုးကြည့်လိုက်၏။

ဘုရားရေ . . . ။ သူမရင်တုန် ပန်းတုန်ဖြစ်သွား၏။

သူတို့ လမ်းကြောတစ်နေရာတွင် လူတစ်ယောက်ကို သူမ တွေ့လိုက်ရချေတော့သည်။ သို့ဆိုတော့ မဟုတ်မှလွဲ သူပင် ဖြစ်ဖို့ များချေ၏ဟု စိတ်တွင် ထင်မှတ်လိုက်ချေ၏ ချစ်ထူးဘက် ပြန်လှည့်ကာ

"ကိုချစ်ထူး ပင်ပန်းနေပြီထင်ရဲ့ အိပ်ချင်အိပ်လေ၊ မိစန်း အချိန်ရောက်တော့ နှိုးလိုက်ပါ့မယ်၊ မိစန်းက အမောဖြေနားရုံပါ"

သို့ဆိုတော့ ချစ်ထူးက

"အတော်သိတတ်တဲ့ မိစန်းပါကလား။ အေးဟယ် ငါ ညက တရေးမှ မအိပ်ရဘူး၊ နို့ဆိုတော့ ငါခဏမှိန်းလိုက်ဦးမယ်၊ ညည်းအမော ပြေတဲ့အခါ ငါ့ကို ပြောလေ . . . ဟုတ်လား" ဆိုလျက် ချစ်ထူး တစ်ယောက် မိစန်းကို အကြင်နာပြုံးပြုံးလိုက်ချေပြီး မျက်လုံးအစုံကို မှိတ်လိုက်ချေ၏။

သို့မှသည် ချစ်ထူးတစ်ယောက် မေးစင်းလာပြီဖြစ်သော မျက်လုံးကို အိပ်ပျော်မသွားစေရန် အတင်းပြူးထားသည့်ကြားမှ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားချေတော့၏။ လေကလေးကလည်း တဖြူးဖြူးဆိုတော့ အိပ်ပျော်တော့မပေါ့…။ ချစ်ထူး မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ၊ ဆူဆူညံညံတော်လဲသံ တောတိုးသံတို့ကြောင့် လန့်ဖျပ်နိုးလာခဲ့ရ၏။

"ဟင်"

သူ မိစန်းကို စိုးရိမ်တကြီး ကြည့်လိုက်၏။ မိစန်း သူ့အနားတွင် မရှိတော့ပါကလား။

သို့ဆိုတော့ သူသစ်ပင်ကျောမှီလျက်မှ ကပျာကသီထလိုက်၏။ သို့ ထလိုက်သည်တွင် လက်ကို မြေကြီးနှင့် ထောက်၍ အားယူထရလေခြင်းကြောင့် သူ့လက် မြေကြီးအထက်တွင် တစုံတရာ နိုးလိုးခုလုဖြစ်နေသည်ကြောင့် ထိုအရာကို ဆုပ်ကိုင်ယူလိုက်၏။ သူမတ်တပ်ရပ်လိုက်မိပြီးသည်နှင့် သူ့လက်တွင် ဆုပ်ကိုင်လိုက်သည့် အရာကို ကြည့်လိုက်ချေ၏။

မိစန်းကို သူပေးထားသော သူ့လက်ရာ အုန်းခွံဘီးလေး ပါကလား။ ဘုရားရေ၊ သို့ဆိုတော့ သူတစ်ချိန်က မိစန်း သူနှင့်ကလေးကိုထား၍ ချစ်ဖေနောက် လိုက်သွားသည်ကို ပြန်သတိရမိ၏။ သို့အချိန်တုန်းကလည်း ချစ်ဖေနှင့် မိစန်းတို့တွေ့ဆုံ ပြေးသွားသည့်နေရာတွင် သူ၏ထို အုန်းခွံဘီးလေးကို တွေ့ရပြန်သေး၏။ သို့ဆိုတော့ ဘုရားရေ မဟုတ်ပါစေနဲ့ သည်တစ်ခါလည်း မိစန်း ချစ်ဖေနှင့် သူအိပ်ပျော်နေတုန်း လိုက်သွားသည်များလား။ သို့လည်း မဖြစ်နိုင်ဟု သူတွက်လိုက်၏။ ဘယ့်တွက်မှု မိစန်း သူ့အား ကတိပေးပြီး မဟုတ်လား။ သူနှင့် ချစ်ဖေ လုံးဝပြတ်စဲလိုက်ပြီဆိုပြီး၊

"မိစန်းရယ် အဲလိုအဖြစ်မျိုးတော့ လုံးဝ ပြန်မဖြစ်ပါရစေနဲ့"



သို့တော့ သူဆုတောင်းလိုက်မိ၏။

"မိစန်း… မိစန်းရေ… မိစန်း"

သို့မှလည်း သူသည်မိစန်းကိုအရပ်လေးမျက်နှာသို့ လှမ်းမျှော်ခေါ်နေမိ၏။

မည်သည့် တုံ့ပြန်မှုမျှ မရှိပါချေ။

သို့ကြောင့် ချစ်ထူးသည် ထိုနေရာလေးမှ သွေဖယ်ကာ တောတိုးလျှောက်ရင်း

"ဝူး"

"ဝူး"

"ဝူး" ရယ်လို့ အသံပေး မိစန်းကို ခေါ်နေမိပြန်တော့၏။

သို့မှသည် ချစ်ထူး ဝါးရုံပင်လေးတခုသို့ ရောက်လာပြန်လေ၏။ ကြခတ်ဆူးဝါးရုံတွင် မိစန်းကိုင်နေကျ လက်ကိုင်ပဝါလေးကို တွေ့လိုက်တော့၏။

သူသေသေချာချာကြည့်လိုက်ရင်း

"အင်း မိစန်း ငါကို ခြေရာခံလိုက်ရအောင်သည်ပစ္စည်းလေးတွေ ချသွားတာများလား" လို့ တွေးမိပြန်သည့်တွင် မိစန်းတွက် စိုးရိမ်စိတ်ပိုလာပြန်၏။ သို့ကြောင့် သူသည် ဝါးခုတ်ဓားမတိုကြီးကို တင်းတင်းဆုပ်ကိုင်၍ ထို ကြခတ်ဝါးရုံနောက် လမ်းမြောင်လေးအတိုင်း တောတိုးသွားလိုက်ပြန်၏။

"ဝူး"

"ဝူး"

သို့နှယ့်လည်း အသံပေးနေပြန်၏။ သို့မှသည် ကြခတ်ဝါးရုံလေးအတိုင်း တပင်တိုင် ဝါးတောလေးအတွင်းမတော့ ဝါးခုတ်နေသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှစ်ယောက်နှင့် တွေ့လေ၏။

"ဟူး"

"အူး"

သို့သူက အသံပြုသည်ကြောင့် ဝါးခုတ်သမားနှစ်ယောက်က အသံပြန်ပြုလေ၏။ သို့ကြောင့် သူတို့ထံလျှောက်သွားလိုက်လေ၏။

"ဘယ်လိုလဲ လူပျောက်ရှာနေတာလား။ လမ်းစပျောက်လို့ အသံပြုနေတာလား"

ဝါးခုတ်သမားတစ်ဦးက သူ့ကို မေးလေ၏။

သည်တွင် သူက

"မိန်းမပျိုတစ်ယောက်ရောက်မလာဘူးလား" မေးလေ၏။

သို့ဆိုတော့ ဝါးခုတ်သမားနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင်ကြည့်လိုက်ကြပြီး ချစ်ထူးဘက် နှစ်ယောက်သား ပြန်လှည့်ကာ

"မိန်းမပျိုတစ်ယောက်တော့မဟုတ်ဘူး၊ ယောကျ်ား တစ်ယောက်နဲ့ တွဲလျက်တော့တွေ့တယ်"

"ဗျာ"

သို့ဆိုတော့ သူထိတ်လန့်သွား၏။ ဘုရားရေ မိစန်း မဟုတ်ပါစေနဲ့ယောကျ်ားသားတစ်ယောက်နှင့်တွဲလျက်ဆိုလျှင် သူစိတ်ကူးမိနေသလိုများ ချစ်ဖေနှင့် ပြန်ဖြစ်နေလျှင် သူရင်ကျိုးရချည်ရဲ့...

သို့ကြောင့်

"အဲဒီအမျိုးသမီးကို ခင်ဗျားတို့ သိတယ်ပေါ့"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြလိုက်၏။

"နို့ဖြင့် ဘယ်သူတုံးဗျ" ကပျာကသီမေးလိုက်၏။



သည်တွင် တစ်ယောက်သော ဝါးခုတ်သမားက

"အမျိုးသမီးကို သိတယ်ဆိုတဲ့အတွက် အမျိုးသားကို သိတယ်ဆိုမှ မှန်လိမ့်မယ်ဗျ"

"ဟာ နို့ဖြင့် မြန်မြန်ပြောချေဗျာ၊ အမျိုးသားက ဘယ်သူတုံး"

"လူပေါ်ကြော့ ချစ်ဖေ"

"ဟင်"

ချစ်ထူး ခေါင်းနပန်းကြီးသွားတော့၏ ဘုရား။ ဘုရား။ ဟုတ်နေပါပြီ၊ မိစန်း ချစ်ဖေနှင့် ပြန်တွေ့ဆုံပါသွားသည်များလား...။

သို့ သူတွေးရင်း ဝမ်းနည်းမိချိန်တွင်

"ချစ်ဖေနဲ့ ပါသွားတဲ့အမျိုးသမီးက ကျုပ်တို့သူငယ်ချင်း နှမလေးဗျ"

"ဗျာ"

သို့ဆိုတော့ သူ စိတ်သက်သာရသွားပြန်၏။

"ဟုတ်လား ခင်ဗျားမိတ်ဆွေရဲ့ ညီမလေးက ဘယ်သူလဲ၊ ခင်ဗျားမိတ်ဆွေက ဘယ်သူလဲ"

သို့မေးလာသည့် ချစ်ထူးကို သစ်ခုတ်သမားနှစ်ယောက်က တအံ့တသြကြည့်လိုက်ကြချေပြီး စဉ်းစားမရနိုင်အောင်ဖြစ်သွားကြတော့၏။

သို့ပေမင့်လို့

"ကျုပ်သူငယ်ချင်းက "ငပုတင်း" ဗျ။ သူ့နှမက "ငါးရွက်"

"ဗျာ... ခင်ဗျား ကျွန်တော့်ကို နောက်ပြောင်နေသာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးဗျ၊ ဟုတ်ပါရဲ့ ဟိတ်ကောင် ဖိုးကံ မင်းကလဲကွာ ဘာလို့ သိန်းမောင်နာမည်ကို ပေါ့တင်းလို့ပြောရတာလဲ၊ ပြီးတော့ သူ့နှမ မိလုံးကိုလဲငါးဖျက်လို့ပြောရတာလဲ၊ နို့ဆိုတော့ သူက မင်းနောက်ပြောင်ပြောတယ်ထင်သွားတာပေါ့"

သို့ဆိုသလို ဝါးခုတ်သမားတစ်ယောက်က တစ်ယောက်ကို သို့ပြောလေ၏။

"ဟာ ဟုတ်ပါရဲ့ တောင်းပန်ပါတယ်၊ ကျွန်တော်တို့က လူရင်းတွေမို့လို့ နာမည်ပြောင်တွေ ပေးထားကြတယ်ဗျ၊ အဲဒါ နှုတ်က စွဲနေလို့ပါ ဟဲ...ဟဲ.."

"ကျုပ် မိတ်ဆွေ သိန်းမောင်ဆိုတာ အသားမည်းမည်း မျက်လုံးပြူးပြူး ဗိုက်ဖောင်းဖောင်းနဲ့ ဂင်တိုတိုနဲ့ အဲဒါကြောင့် သူ့ကို ပေါ့တင်းလို့ခေါ်ပြီး သူ့နှမက အသားတော့ ဖြူပါရဲ့ အရပ်က ရှည်ရှည် သူများတွေအရပ်ရှည်တာက အဖုအထစ် အကွေ့အကောက်တွေနဲ့ ကြည့်ပျော် ရှုပျော်ဗျ၊ သူကတဖြောင့်တည်းရယ်၊ ဝါးတိုင်ကိုထမီ ပတ်ပေးထားတာလားထင်ရလို့ ကျွန်တော်တို့က ငါးဖျက်လို့ ခေါ်တာလေ၊ တောင်းပန်ပါတယ်ဗျာ"

သို့ဆိုတော့ ချစ်ထူး စိတ်ချမ်းသာသွားရတော့၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ စပ်စုတာ မဟုတ်ပါဘူး ကျုပ်ငနီး သည် ပျောက်သွားလို့ လိုက်ရှာနေတာ သူဖြစ်လေမလားလို့ပေါ့.."

သို့ ချစ်ထူးက ပြောလိုက်သည်တွင်

"အလိုလေးဗျာ နို့ဖြင့် သတိထား ချစ်ဖေက တကယ့် ချောင်ဗျ၊ မိန်းမဆိုလျှင် ကြည့်လေ ငါးဖျက်လို ကောင်မ တောင် ချမ်းသာမပေးဘူး၊ သူ့သူငယ်ချင်း နမဆိုပေမင့်လဲ သည်ကောင် က



ယုံရတာမဟုတ်ဘူး .."

"သည်ကောင်ကလဲကွာ သူ့စိမ်းကို ဘာတွေပြောနေမှန်း မသိဘူး၊ သည်ကောင် ချစ်ဖေက သိန်းမောင်နှမကို အဲလို မကြည်ရဲပါဘူး၊ သိန်းမောင်အကြောင်း မင်းသိသားနဲ့ကွာ၊ သည်ကောင်က သန့်သန့်စွမ်းစွမ်းကွ၊ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့် ချစ်ဖေလိုကောင်ကို ဂုတ်ချိုးသတ်လို့တောင်ရတယ်"

"ဟုတ်ပါတယ်ကွာ ငါသိပါတယ်၊ ချစ်ဖေရဲ့ဂုဏ်ကိုပြောချင် လွန်းလို့ ပြောလိုက်တာပါ ဟဲ...ဟဲ.."

"ဟုတ်ပါပြီ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သွားလိုက်ပါ ဦးမယ်"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ခင်ဗျား ငနီးနဲ့ မြန်မြန်ပြန်တွေ့ပါ စေလို့ ကျွန်တော်တို့ ဆုတောင်းပါတယ်၊ အဲ ဘာလို့လဲသိလား ကျွန်တော်တို့ ချစ်ဖေတစ်ယောက် သည်ဝါးတောတစ်ဝိုက် တွေ့လိုက်တယ်၊ ခင်ဗျားအရင် သူက ခင်ဗျားမိန်းမကို တွေ့သွားလို့ ကတော့.. ဟွန်း.. ချစ်ဖေက ကြောက်စရာကောင်းတယ်ဗျ... ဟဲ..ဟဲ..ဟဲ"

ဘုရားရေ.. သို့ဆိုတော့ သူ့ မိစန်းတွက် စိုးရိမ်သွားတော့၏။ မိစန်းကို သူယုံသည်။ သည်တစ်ခါပြန်၍ ချစ်ဖေနောက် လိုက်တော့မည်မဟုတ်လောက်ပေ။

တပိုတပါးသွားရင်းလမ်းမှာ သို့တည်းမဟုတ် တစုံတစ်ရာအန္တ ပယောဂကြောင့် ကြောက်လန့်တကြား ထွက်ပြေးရင်း သူနှင့် ကွဲကွာ သွားတာဖြစ်ချိမ့်မည် သို့ဆိုတော့ ဟိုနှစ်ယောက်ပြောသလို ချစ်ဖေသည် တောတောင်ထဲမှာ ရှိတာဆိုတော့ သူ့အရင် မိစန်းကို တွေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်ကို. . . . "

သို့မှ ချစ်ထူးသည် ဝါးတောလေးမှ ခပ်သွက်သွက်ထွက်ခဲ့တော့၏

ဝါးတောလေး အလွန်သို့အရောက်တွင်

"ဟာ"

သူတွေ့လိုက်ပါပြီ မိစန်းတစ်ယောက်တည်း ပြေးလွှားနေလေ၏။ ကြည့်စမ်း သူနောက် တစ်စုံတစ်ရာ လိုက်နောက်ယှက်နေသည်ကြောင့်ပြေးနေရပုံပါလား။ သို့ဆိုတော့ မိစန်း အန္တရာယ်ကောင်နှင့် တိုးနေပေပြီပဲ။

သို့ တွက်လိုက်သည်နှင့် ချစ်ထူးသည် မိစန်းကို လှမ်းမြင်လိုက်သည် တောင်ကြောရှိရာသို့ ဒုံးဆိုင်းပြေးသွားချေတော့၏။

သူဇောနှင့် ပြေးလေခြင်းကြောင့် မကြာခဏခလုတ်တိုက်မိ၏။ မကြာခဏ လဲကျလိမ့်သွားရ၏ ။ နာတယ်လို့ သူမထင်။ ပြန်ထကာ ပြန်ပြေးခဲ့သဖြင့် သူ ခရီးအတော်ပေါက်ခဲ့ပုံပင်။

သစ်ခြောက်ပင်တို့များသည့် တောခြောက်သို့ ရောက်လာပြန်၏။

"ဟင်"

ထိုတောခြောက်တောင်ကြောတွင် ရှင်းလင်းနေသည်ဖြစ်၍ သူလှမ်းကြည့်ရာတွင် လူနှစ်ယောက်တွေ့လိုက်သလိုပင်။ သို့ကြောင့် သူနောက်မှ ရပ်ကာ စေ့စေ့ ကြည့်နေလိုက်၏။

သူမျက်လုံးကောင်းပေသူပဲ. . .၊ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ပါကလား။ သို့ကြောင့် သူ ထိုနေရာသို့ သွားလိုက်ပြန်၏။



မကြာသောအချိန်တွင် ထိုတောင်ကြောပေါ်သို့ ရောက်သွားတော့၏။

"ဟာ"

သူအံ့ဩရပြန်၏။ သူတွေ့လိုက်သည် လူနှစ်ယောက်ဖြစ်၏။ သစ်ခုတ်သမားနှစ်ယောက်ဖြစ်ချေ၏။ တစ်ယောက်သောသူသည် ခေါင်းပေါင်းဆံထုံးကို ဖြန့်ချထားသည်ကြောင့် အဝေးကမြင်ရသည်တွင် မိန်းမတစ်ယောက်ဟု ထင်လိုက်မိခြင်းပင်၊ သူကိုယ်သူပင် ရှက်ဖို့ကောင်းသေးသည်ဟု ထင်လိုက်မိ၏။

သို့ကြောင့် ထိုလူတို့နှစ်ယောက်အနား မသွားသေးဘဲ ထိုတောင်ကြောမှ ဆင်းခဲ့ပြန်၏။

သို့ဆိုတော့ သူ၏ အမှားပင်ဖြစ်ချေ၏။ ဘယ့်တွက်မှ သူတို့နှစ်ယောက်ပြောနေသည်ကို ကြားသိပါလျှင် မိစန်း ခြေရာကို ကောက်ရပေလိမ့်မည်။

"ဖိုးစိန်ရေ ငါချစ်ဖေကို တွေ့လိုက်တယ်၊ ဘယ်က အမျိုးသမီးလဲ မသိဘူး။ ခပ်တောင့်တောင့် ဖြောင့်ဖြောင့်ပဲကွ"

"ဟာ . . . မင်းက နောက်နေပြန်ပြီ၊ ငါလဲ မနေ့က ဖာရှောဘက်မှာ တွေ့လိုက်တာကွ၊ ဟို သိန်းမောင်နှမနဲ့ပါကွာ၊ သူတို့ဘာကိစ္စနဲ့ တူတူသွားကြလဲမှ မသိတာ"

သို့ဆိုတော့ ကျန်တစ်ယောက်က

"ဟာ ချက်ကြီး မင်းကလဲကွာ၊ ငါ သိန်းမောင် နှမ မသိရှိပါ့မလား၊ ငါမျက်မြင်ပါကွာ၊ ခု သူ မဟုတ်ဘူးကွ၊ ငါဟိုနားက မြောင်ဝထိပ်မှာ တွေ့လိုက်တာ"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



သို့ပြောကြသည်ကိုတော့ ချစ်ထူးမကြားလိုက်ချေ။

သို့ပေမင့်လို့ ချစ်ထူးတစ်ယောက် သွားရင်းလာရင်း မမျှော်လင့်ဘဲ "စပါးကြီးမြောင်" တွင် မိစန်းကို တွေ့လိုက်၏။

"ဟာ"

ဘုရားရေ... သူ့နားတွင် ချစ်ဖေပါကလား၊ သူ့ဒေါသထွက်သွား၏။ နှစ်ယောက်စလုံးကို သတ်ပစ်ချင်စိတ်ပေါက်သွားခဲ့သည်ဆိုပေမင့် သူ့မြင်ကွင်းတွင်မတော့ ကြည့်ရသည်မှာ မိစန်းတစ်ယောက် ချစ်ဖေ၏ အဓမ္မဆွဲခေါ်လာခြင်းကို ခံရခြင်းဖြစ်နိုင်ပေ၏။

ချစ်ဖေက မိစန်း၏လက်ကို အတင်းဆွဲခေါ်၏။ မိစန်းက အကြောက်အကန် ငြင်းလေ၏။ သို့ကြောင့် သူ၏လက်တွင်းမှ ဓားမကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ မိစန်းနှင့် ချစ်ဖေရှိရာသို့ ပြေးသွားချေတော့၏။

ချစ်ဖေနှင့် မိစန်းသည် တောတိုး ဝရန်းသုန်းကားပြေးလာသံကြောင့် လှည့်ကြည့်လိုက်လေသည်တွင် သူ့ထံ ဓားမကြီးဖြင့် ပြေးလာသည်ကို တွေ့လေသဖြင့် ချစ်ဖေက သူ့တွက် အန္တရာယ်ဆိုးကျရောက်လာပြီ သိသည်ကြောင့် မိစန်း၏ လက်ကိုလွှတ်ကာ ထိုင်နေရာမှ ပြေးထွက်သွားချေတော့၏။

သို့ပေမင့် ချစ်ဖေ နောက်ကျသွားသည်ဆိုရချိမ့်မည်။

မိစန်းက သူ့ကို ဆွဲထား၏။ ချစ်ထူးကိုမြန်မြန်လာရန် လက်ယပ်ခေါ်၏။ သို့ဆိုတော့ ချစ်ထူးတစ်ယောက် ချစ်ဖေအား လက်တွင်းရှိ ဓါးဖြင့် ခုတ်ရန် မရည်ရွယ်၊ ခြိမ်းခြောက်ရန်သာ ဆုံးဖြတ်လိုက်သည်နှင့်အတူ

"ဟိတ်ကောင် ချစ်ဖေ ငါခုတ်လိုက်မယ်နော်"



သို့ပြောပေပြား ရွယ်ရုံသာ ရွယ်ထားလေ၏။

သို့ဆိုတော့ ချစ်ဖေသည် တကယ်ခုတ်မှာကြောက်သည်ကြောင့် နဘေးရှိ ခဲတစ်လုံးကို ကောက်ကာ ချစ်ထူးကို ပစ်ပေါက်လိုက်လေ၏။

"အား"

ချစ်ဖေပစ်လိုက်သော ခဲလုံးသည် ချစ်ထူး၏ ဓားကိုင်လက်ကို ပြင်းပြင်းထန်ထန် ထိခတ်လေသည်ကြောင့် လက်မှ ဓားမကြီး ပြုတ်ကျ သွားတော့၏။

တကယ်တော့ ချစ်ဖေသည် သူ့ထက် လျင်မြန်ဖျတ်လက်၏၊ သွက်လက်သူဖြစ်၏။ ချစ်ထူးလက်မှ ပြုတ်ကျလာသော ဝါးခုတ်ဓားမကို ကပျာကသီကောက်လိုက်၏။ ပြီး

"အား"

ချစ်ထူးမှ ဓားကိုလှမ်းကောက်လိုက်လေသည့်လက်အား လွှဲခုတ်ချလိုက်လေ၏။ မြနေအောင် သွေးထားသည့် ဓားဖြစ်ခြင်းကြောင့် ချစ်ထူးလက် လက်ကောက်ဝတ်ထက်မှ ပြတ်ကျသွားတော့၏။

"အို"

"အမလေး"

သို့နှယ့် မိစန်းတစ်ယောက် တအံ့တသြကြီးဖြစ်သွားရပေမင့် သတိရှိသော ချစ်ဖေက ချစ်ထူး သွေးကြောင်နေသည့်အချိန်ကလေးမှာပင် မိစန်းကို အတင်းအဓမ္မဆွဲခေါ်သွားလေတော့၏။

"ကိုချစ်ထူး... ကိုချစ်ထူး.. ကိုချစ်ထူး..."

မိစန်းတစ်ယောက် ချစ်ဖေဆွဲခေါ်ရာ ကန့်လန့်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသွားနေရင်း နောက်လှည့်ပြီး ချစ်ထူးကို စိုးရိမ်စိတ်ဖြင့် လှည့်ကြည့်ပါသွားလေတော့သည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သို့ပြောပြသည့် ချစ်ထူးကို သူစကားဆုံးသည်တွင် စေ့စေ့ကြည့်လိုက်မိကြသည်တွင်မတော့

"ဟင်း•• ဟင်း•••ဟင်••"

လင်းမြင့်လှိုင်က ဘာကို သဘောကျသွားသည်မသိ၊ သို့နှယ့် ရယ်သွမ်းသွေးလေခြင်းကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်မိတော့၏။

သို့ပေမင့် လင်းမြင့်လှိုင်ကိုမေးမည်အပြုတွင် လင်းမြင့်လှိုင်တော့ မျက်စိတစ်ဖက်မှိတ်ပြလေသဖြင့် မသိလိုက် ဘာသာနေလိုက်ချေတော့သည်။

ချစ်ထူးကတော့မှု သူ့ဇာတ်ကြောင်းကို ပြောပြီးနောက် အခိက လင်းမြင့်လှိုင်ကို ကရုဏာစိုက်ကြည့်နေလေ၏။ သူပြောသည်ကို ယုံလေသည်ကား၊ မယုံလေသည်လား၊ အကြည့်ဖြစ်ချေ၏။

"ခု ချစ်ဖေကော"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလိုက်လေသည်တွင် ချစ်ထူးက•••

"ဘယ်လိုသိမှာလဲဗျာ ချစ်ဖေကို တွေ့မှတော့ ကျွန်တော့ မယား မိစန်းကို ပြန်တွေ့နိုင်ပြီပေါ့•••"

"ချစ်ဖေတို့ ဘယ်သွားမယ် ထင်လို့လဲ"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"နို့တော့ ဘယ်သိပါ့မလဲဗျာ"

"သေချာလား"

"သေချာပါတယ်ဗျ"



သို့ လင်းမြင့်လှိုင်ကမေးလိုက် ချစ်ထူးကပြောလိုက် ကျွန်တော်ကတော့မှု ဘာရယ်မသိ နံဘေးမှ နေ၍သာ နားထောင်သူ သက်သက်ဖြစ်ချေတော့၏။

"တကယ်လို့ မင်းချစ်ဖေကို တွေ့ပါပြီတဲ့ ဘာလုပ်မလဲ••"

"ဟင်"

လင်းမြင့်လှိုင်အမေးကြောင့်၊ ချစ်ထူးက သို့ တအံ့တဩ ဖြစ်သွားကာ

"ကျွန်တော် အမှန်အတိုင်းပြောရမလား"

"ပြောလေ"

"ကျွန်တော်သူ့ကို သတ်ချင်တယ်"

"ဟေ"

"ဟုတ်တယ်"

"နို့ဖြင့် မင်းသူ့ကို သတ်လိုက်ပြီ မဟုတ်လား"

သို့ အမေးကြောင့် ချစ်ထူးတစ်ယောက် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လိုက်ချေပြီး

"ချစ်ဖေ သေပြီလို့ ခင်ဗျား ဘယ်လိုလုပ်သိလဲ"

သို့ မေးလာသည့်ချစ်ထူးက လင်းမြင့်လှိုင်က ပြုံး၍ ကြည့်လိုက်ချေပြီး

"ဟင်း••ဟင်း• နို့ကိစ္စ ကျွန်တော်က ခင်ဗျားကို မေးရမှာဗျ"

"ဘာရယ်"

"ချစ်ထူး သေပြီ မဟုတ်လား"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကိုချစ်ထူးကို ကျွန်တော်ကူညီမယ်"

"ဗျာ"

"အော် မိစန်းကို ချစ်ဖေလက်ထဲက ပြန်ခေါ်ပေးမယ်လို့"

"ဗျာ"

သို့ပြောလိုက်သည့် လင်းမြင့်လှိုင်ကို ချစ်ထူးက တအံ့တသြ အမူအယာဖြင့် ကြည့်လိုက်ချေပြီး

"ရှင်းအောင်ပြောပါလား"

"ပြောတာထက် ပြတာပိုကောင်းပါလိမ့်မယ်၊ လာချေဗျာ၊ ကျွန်တော်တို့ ချစ်ဖေကို လိုက်ရှာကြမယ်"

သို့လင်းမြင့်လှိုင်က ပြောလေသည့်တွင် ချစ်ထူးတစ်ယောက် မျက်စိမျက်နှာပျက်သွားသည်ကို တွေ့လိုက်ရ၏။

"ဟုတ်ကဲ့ပါ"

သို့ဖြင့် လင်းမြင့်လှိုင် ကျွန်တော်နှင့် ချစ်ထူးတို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

သို့ ထွက်ခဲ့ကြသည်မှ အတန်ကြာကြာ ခရီးပေါက်လာကြသည့်တွင် ကျွန်တော်တို့ စဉ့်အိုးသို့ ရောက်လာကြ၏။

စဉ့်အိုးတွင် လူတစ်စုကို တွေ့လိုက်ရ၏။

ထိုလူစုကြည့်ရသည်မှာ အရေးပေါ်ကိစ္စ ခရီးပြင်းနှင်လာကြခြင်းဖြစ်နိုင်ပေ၏။

"ဟိုလူတစ်စု ဘာအရေးဖြစ်လဲမသိဘူး၊ ကျွန်တော်တို့ ခဏစောင့်ကြည့်ချေဦးမယ်"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည့်တွင်

"ဟာ ခင်ဗျားကလည်း၊ ကျွန်တော်တို့ ကျောက်ချောင်းကို နေမဝင်ခင်သွားချင်တယ်၊ ချစ်ဖေရှိလျှင်ဖြင့် မိစန်းကို တွေ့ပြီပေါ့



ဗျာ"

သို့ပြောလာသည့် ချစ်ထူးကို လင်းမြင့်လှိုင်က စေ့စေ့ကြည့်လိုက်ချေပြီး

"ကျောက်ချောင်းမယ် ချစ်ဖေ တကယ်ရှိနိုင်လား"

"အင်း"

အလိုလေးဗျ စောစောကတော့ ချစ်ဖေ ဘယ်သွား၊ ဘယ်ရောက်မှန်းမသိ၊ ခုတော့ ကျောက်ချောင်းတွင် ရှိနိုင်သည် အသေချာ ပြောနေပါကလား၊ သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ပြုံးပြချေပြီး

"ချစ်ဖေ ကျောက်ချောင်းမှာရှိလျှင် ရပြီလေ၊ ခုက ဟိုလူစုရေးကြီး သုတ်ပြာနဲ့ဆိုတော့ ဘာအကြောင်းကိစ္စလဲ မသိပေဘူးဗျ၊ ကူညီနိုင်လျှင် ကူညီချင်လို့ဗျာ" သို့ ပြောလိုက်သည့်တွင် ချစ်ထူးတစ်ယောက် မျက်စိမျက်နှာ ပျက်သွားချေပြီး

"နို့ဖြင့်လည်း သည်လိုလုပ်ဗျာ၊ ကျွန်တော့်အတွက်တော့ မိစန်းက အရေးကြီးတယ်ဆိုတော့ကာ၊ ကျောက်ချောင်းကိုသွားနှင့်မယ်၊ ချစ်ဖေကို တားထားမယ်၊ ခင်ဗျားတို့ လိုက်လာလျှင် ချစ်ဖေပြေးမလွတ် အောင်ပေါ့"

သို့ပြောလာသည့် ချစ်ထူးကို လင်းမြင့်လှိုင်က ပြုံး၍ ကြည့်လိုက်ပြန်ချေပြီး

"ဟိုလူစုမယ် ကျွန်တော် အသိပါတယ် ခဏနေချေဦးဗျာ၊ ကျွန်တော် သူနဲ့ တွေ့ပြီးတာနဲ့ အကျိုးအကြောင်း သိပြီးတာနဲ့ ကျောက်ချောင်းကို သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ချစ်ထူးတစ်ယောက် မလွန်ဆန်နိုင် ဖြစ်သွားချေတော့၏။ သို့မှ လူစုသည် ကျွန်တော်တို့ထံ နီးကပ်လာချေ၏။

"ဟာ"

"ဟင်"

ချစ်ထူးမှ လွဲ၍ လင်းမြင့်လှိုင်နှင့်ကျွန်တော် အံ့သြတကြီး ဖြစ်သွားကြ၏။

ဘယ်တွက်မူ ထိုလူစုသည် လူသေအလောင်းတခုကို ကရောင်းရုစ် (အိပ်ရာခင်း) ဖြင့် ထုပ်ပိုးလာသောကြောင့် ဖြစ်ချေ၏။

"ဘာဖြစ်လာကြတာလဲ…"

ထိုလူစုမှ တစ်ယောက်သောသူက ကျွန်တော်တို့ အသိဖြစ်ချေသဖြင့်

"ဟာ ဆရာလင်းတို့ ဆရာပိုက်တို့ပါလား။ အတော်ပဲဗျ သည်မယ် ချောင်းဖျားလောက်မယ် လူသေတစ်ယောက်တွေ့လို့ နို့ကြောင့် ရဲစခန်းပို့မလို့ သယ်လာတာ"

"ဟုတ်လား ဘယ်သူလဲ သိလား၊ ဘာဖြစ်လို့လဲ"

"မြင်စလူရွာသား ချစ်ဖေဗျာ"

"ဟင်"

"ဟာ"

"ဗျာ"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော် တအံ့တသြဖြစ်သွားကာ ချစ်ထူးကို အမိပွါယ်ပါပါ ကြည့်လိုက်ချေ၏။

ချစ်ထူးတစ်ယောက် မျက်စိမျက်နှာပျက်သွားပေမင့် ကျွန်တော်တို့ လှည့်အကြည့်တွင်မတော့ မျက်နှာအမူအရာကို



ပြင်လိုက်ပြီးဖြစ်၏။

"ဟာ… ချစ်ဖေ သေပြီလား။ ဘာလို့ကြောင့် သေရတာလဲ"

ဘုရားရေ… ချစ်ထူးဘယ်လိုပြောလိုက်တာပါလိမ့်။

အလောင်းသယ်လာသည့် လူတစ်စုက ချစ်ထူးကို တအံ့တသြ ကြည့်နေကြ၏။ ပြီး ကျွန်တော်တို့နှင့် သိသောလူက

"ဘယ်လိုလုပ်မသိမှာလဲ… အသတ်ခံရတာလေ"

"ဗျာ"

"ဟင်"

"ဘယ်တုန်းကလဲ" ချစ်ထူးကမေးလေ၏။

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဖြစ်မယ်ဗျ။ တောစပ်မှာဆိုတော့ အလောင်းက သိပ်ပြီး ပုံပျက်ပန်းပျက်မဟုတ်ပေဘူး"

"နို့ဆိုတော့ ကျွန်တော်ကြည့်မယ်ဗျာ"

လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ထိုသူစုက ထမ်းပိုးထားသော အလောင်းကို ပတ်ထားသည့် ကရောင်းရုစ်ကို ဖြည်ချလိုက်ချေတော့၏။

"ဟာ"

"ဟင်"

"အို"

"အား"

အူတုတု အပုပ်နံ့ ထွက်လာသည်နှင့်အတူ ရုပ်ပျက်ဆ[illegible] ပျက် ဆိုရလောက်တော့မဟုတ်သည့် လူတစ်ယောက်ကို တွေ့[illegible] ရ၏။

"ဟာ ချစ်ဖေ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထူးက တအံ့တသြ ပြောလိုက်ပြီး လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေ၏။

လင်းမြင့်လှိုင်သည် ချစ်ဖေ၏ ခန္ဓာကိုယ်အနံ့ကို စေ့စေ့ကြည့်လိုက်ချေပြီး

"အင်း ဓားမနဲ့ လည်ပင်းကို ပိုင်းလိုက်တာပဲ"

သို့ လင်းမြင့်လှိုင်က လည်ပင်း၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ပြောလိုက်သည်နှင့် ချစ်ထူးတစ်ယောက် လွန်မင်းစွာ တုန်လှုပ်သွားကာ မျက်စိမျက်နှာပျက်သွားချေတော့၏။

"ဘယ်သူ သတ်တာလဲ"

ကျွန်တော်က ထိုလူစုကို မေးလိုက၏။

"ဘယ်သိပါ့မလဲဗျာ"

လင်းမြင့်လှိုင်က

"ဓားခုတ်ရာကို ကြည့်ပြောရလျှင် ဘယ်သူဆိုတာ သိတယ်"

"ဟာ"

"ဟင်"

"အလို"

"တကယ်လား"

အလောင်းထမ်းပိုးလာသော လူတစုက လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်လာကြချေတော့၏။

"နို့ဖြင့် ဘယ်သူဖြစ်နိုင်မတုံး"

သည်တွင် လင်းမြင့်လှိုင်က ချစ်ထူးကို ဘာရယ်ကြောင့်မသိ ခပ်တည်တည်မျက်နှာဖြင့် ကြည့်လိုက်ချေပြီး

"မင်းအသိခုံဖြစ်မယ်"



"ဗျာ"

လင်းမြင့်လှိုင်၏ အမေးစကားကြောင့် ချစ်ထူး အံ့သြသွားချေ၏။ ပြီးလေမှ လင်းမြင့်လှိုင်က ချစ်ထူးကို ရွှံ့ပြုံးပြုံးပြလိုက်ချေ၏။

သည်တွင် ချစ်ထူးတစ်ယောက် မျက်စိမျက်နှာ လုံးဝပျက်သွားကာ. . . .

"ကျွန်တော် သတ်လိုက်မိတာပါ"

"ဟာ"

"ဟင်"

"အလိုလေးဗျာ"

အလောင်းထမ်းလာသူတစ်စုက ချစ်ထူးကို တအံ့တသြ ကြည့်လာကြတော့၏။ စက်ဆုပ်ရွံရှာသည့် အကြည့်ဖြင့် ကြည့်လာကြပြန်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"မင်းငါတို့နဲ့ တူတူ ရှိနေတာမဟုတ်လား" မေးလိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်တော် ခင်ဗျားတို့နဲ့ မတွေ့ခင် သူနဲ့တွေ့ပြီး မိစန်းကို ဒုက္ခပေးရမလားဆိုပြီး ဒေါသနဲ့ ခုတ်လိုက်မိတာပါ"

"အင်း. . နို့ဖြင့် မိစန်းကော"

လင်းမြင့်လှိုင်က မေးလိုက်၏။

"သူ ကြောက်လန့်တကြားနဲ့ ဘယ်ပြေးသွားမှန်းမသိပါဘူးဗျာ၊ သည်ကိစ္စကျွန်တော် လုပ်တာပါ၊ မိစန်းကို မသိစေချင်ဘူး"

သို့ဆိုတော့ ကျွန်တော် ချစ်ထူးကို ကြည့်နေမိတော့၏။

အင်း ဖြစ်နိုင်ပါတယ်လေ၊ သူ လူသတ်မှုနှင့် အချုပ်အနှောင်

www.burmeseclassic.com

www.burmeseclassic.com



ခံရ၍ သေဒဏ်မဟုတ်တောင်မှ နှစ်ရှည်လများ ထောင်သားဘဝဖြင့် နေရမည်ဆိုတော့ သူချစ်ဇနီး မိစန်းကို မသိစေချင်သည်မှာ သဘာဝကျ၏။ မိစန်းတစ်ယောက် ကြောက်လန့်တကြားပြေးသွားသည်ဆိုတာလဲ သူတွက်ထားသလို ကိစ္စဟု သတ်မှတ်လိုက်ပုံပင်။ သို့ကြောင့် သူမသိပါစေနှင့်၊ သူခြေဦးတည့်ရာ ပြေးပါစေ သဘောပင်။

"ဟုတ်ပါပြီ လက်ခံပါတယ်"

"နို့ဖြင့်လည်း လူသတ်ခံရတဲ့အလောင်း။ လူသတ်သမားကျွန်တော်လည်း ရှိနေပြီ။ ပြီးတော့ သက်သေခံဓားကလည်း ကျွန်တော် ချောင်းစပ်နားမယ် လွှင့်ပစ်ထားခဲ့တယ်၊ သွားပြန်ယူလို့ရတယ်၊ ပြီးပြီ ပေါ့... ကျွန်တော်တို့ သည်ကနေ့ သွားကြတာပေါ့"

သို့ဆိုတော့ လင်းမြင့်လှိုင်က ချစ်ထူးကို စေ့စေ့ကြည့်နေပြီး

"ခင်ဗျား သတ်ပါတယ်ဆိုတဲ့ သက်သေရှိမှ ခင်ဗျားကို အပြစ်ဒဏ်ပေးလို့ရမှာ၊ နို့ကြောင့် သည်ကိစ္စ မိစန်း သိကို သိရမယ် မဟုတ်လား။ နို့ကြောင့် မိစန်းကို ရှာရလိမ့်ဦးမယ်"

"ဗျာ...သူမပါလို့ မရဘူးလား"

ချစ်ထူးက တအံ့တသြဖြင့် မေးလာလေ၏။

"ဘာလဲ မိစန်းကို ဘာလို့ မတွေ့စေချင်တာလဲ"

လင်းမြင့်လှိုင်က မေးလိုက်၏။

"အော် သူက မိန်းမသား. သည်အရှုပ်အရှင်းမှာ သူ့ကို ခွဲမထည့်ချင်ဘူးဗျာ"

"ဘယ်ဖြစ်ပါ့မလဲ ကိုချစ်ထူးရဲ့ မိစန်းဘယ်မှာလဲ ခင်ဗျား သိကိုသိရမယ်၊ သူ့ကိုတွေ့မှ ခင်ဗျား အပြစ်ကျူးလွန်တာ မှန်ကြောင်း



အသိသက်သေဖြစ်မပေါ့"

"ဟင်"

ချစ်ထူးတစ်ယောက် ငိုင်တွေသွားတော့၏။

လင်းမြင့်လှိုင်က အလောင်းထမ်းလာသည့် လူစုထဲမှ အဓိကကျွန်တော်တို့နှင့် သိသူကိုကြည့်၍၊

"ခင်ဗျားတို့ သည်အလောင်းကို မီးလောင်ကုန်းရွာသူကြီးဆီကနေတစ်ဆင့် ရဲစခန်းသွားကြချေဗျာ" ကျွန်တော် နောက်မှ လိုက်ခဲ့မယ်၊ သူကြီးကို ပြော၊ ကျွန်တော်နဲ့တွေ့ခဲ့တယ်၊ သည်လူကို သတ်တဲ့ တရားခံနဲ့ အသိသက်သေကို ခေါ်လာမယ်လို့ ဟုတ်လား..."

"ဟုတ်ကဲ့ပါ"

သို့ဆိုလျက် ထိုလူစုသည် ချစ်ဖေကို ပြန်လည် လိပ်ပတ်ထမ်းပိုးထွက်သွားကြချေတော့၏။

"ကဲ ချစ်ထူး မင်းအမှန်အတိုင်းပြော၊ မိစန်း ဘယ်မလဲ"

သို့ဆိုတော့ ချစ်ထူးသည် တစ်စုံတစ်ရာကို စဉ်းစားလိုက်ချေ

ပြီး

"သူကြောက်နေလို့ ကျွန်တော်တစ်နေရာမယ် ထားထားတယ်၊ ခင်ဗျားတို့ သူ့ကိုတွေ့လျှင် ခြိမ်းခြောက်မပြောပါနဲ့ဗျာ၊ သူသိပ်ကြောက်နေတာပါ။ ကျွန်တော်သတ်လိုက်တာ သူ မြင်ပါတယ်၊ သူ သက်သေခံပါလိမ့်မယ်"

"ဟုတ်ပါပြီ ကျွန်တော်တို့ကလည်း အမှုနိုင်လုံအောင် မျက်မြင်သက်သေလိုချင်တာပါ"

"နို့ဖြင့်လည်းကျွန်တော်နဲ့ လိုက်ခဲ့ချေဗျ"

"ဘယ်တုံး" ကျွန်တော်က ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သဖန်းမြောင်"

"အဲဒီက"

"သဖန်းမြောင် ဆင်စခန်းကိုပါ"

သို့ဖြင့် ကျွန်တော်တို့သည် ချစ်ထူးဦးဆောင်မှုဖြင့် သဖန်းမြောင်ဆင်စခန်းသို့ သွားလိုက်ကြချေတော့၏။

တစ်ညနေလေးမှာပင် သဖန်းမြောင် ဆင်စခန်းသို့ ကျွန်တော်တို့ ရောက်ခဲ့ကြတော့၏။

"ကျွန်တော်ပြောသလိုပါဗျာ မိစန်းကိုတွေ့လျှင် သူ့ ကျွန်တော် ချစ်ဖေကို ဓားနဲ့ ခုတ်လိုက်တာတွေတောကော သိပ်ကြောက်သွားရှာတာ၊ ပြီးတော့ သူ့တစ်ကြိမ်တစ်ခါက သံယောဇဉ်ရှိသူလေးနဲ့ကြောင့် သူ့ ကြောင်တောင်တောင်ဖြစ်နေတာပါဗျာ၊ နားလည်ပေးကြပါဗျာ၊ ဖြစ်ပြီးတဲ့ ကိစ္စတွေကို သူ့ ပြန်မေးမနေပါနဲ့နော်၊ သူ့ ကျွန်တော် ချစ်ဖေကို သတ်လိုက်တာ မျက်မြင်သက်သေရလျှင် ပြီးရောပေါ့ ဟုတ်လား"

"အေးပါကွာ"

လင်းမြင့်လှိုင်က သို့ဆိုသလို ပြီးစလွယ်ပြောလိုက်သည်ဟု ကျွန်တော်သိလိုက်၏။ ဘယ့်တွက်မူ လင်းမြင့်လှိုင်တစ်ယောက် သိလိုက်သည် တစ်ခုရှိကြောင်း ကျွန်တော် ရိပ်မိလိုက်၍ ဖြစ်ချေ၏။

သို့မှတိုသဖန်းမြောင်ဆင်စခန်းရှိ ဆင်ဦးစီးတဲသို့ သွားရောက်ကြ၏။

"ဟင်"

"ထိုဆင်ဦးစီးတဲတွင် မိန်းမတစ်ယောက်ကို တွေ့လိုက်၏။ ထိုမိန်းမသည် လင်းမြင့်လှိုင်နှင့် ကျွန်တော်ကိုမြင်သည်ထက် ချစ်ထူးကို



မြင်လိုက်သည်ကြောင့်ထိတ်လန့် တုန်လှုပ်သွားရုံသာမက စက်ဆုပ်နာကျည်းဟန်ကို တွေ့လိုက်ချေ၏။

"ဘာကိစ္စလဲ ကိုချစ်ထူး၊ ကျွန်မကို လာဖမ်းတာလား"

"ဗျာ"

ထိုအမျိုးသမီးသည် ချစ်ထူးကို တွေ့သည်နှင့် သို့ပြောလိုက်သည်ကြောင့် ကျွန်တော်လုံးဝ အံ့အားသင့်သွားရတော့၏။

ဘယ်လိုတွေပါလိမ့်။

"မဟုတ်ပါဘူးကွာ၊ ငါချစ်ဖေကို သတ်လိုက်တာ မင်းမြင်တယ် မဟုတ်လား။ နို့ကြောင့် ခုငါ ပြေးမလွတ်တော့ဘူး။ အဖမ်းခံရတော့မယ်၊ သည်တွက် မင်းသက်သေခံပေးပါလား"

သို့ပြောလိုက်သည် ချစ်ထူးကို ထိုအမျိုးသမီးက စေ့စေ့ကြည့်လိုက်ချေပြီး...

"ကိုချစ်ထူး .. ရှင် ကျွန်မကို သည်လောက်ထိ ချစ်ရလား ဟင်..."

လို့ပြောလာလေသဖြင့် လင်းမြင့်လှိုင်တော့မသိ၊ ကျွန်တော် လွန်မင်းစွာ အံ့အားသင့်သွားရပြန်၏။

လင်းမြင့်လှိုင်ကတော့မူ ဘာကို သဘောကျသည်မသိ၊ ပြုံးလိုက်ချေပြီး ထိုအမျိုးသမီးကို စေ့စေ့ကြည့်နေလေတော့၏။

"မိစန်း သည်စကားတွေ သည်အချိန်ပြောစရာ မလိုဘူးကွ၊ ကဲ ကဲ မင်းအဝတ်အစားယူ ငါသည်လူတွေနဲ့ စခန်းလိုက်သွားရမယ်၊ မင်းက ငါချစ်ဖေကို သတ်တာကိုမြင်တဲ့ သိတဲ့အတိုင်း ပြောပြီး သက်သေခံရမယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ မိစန်းဆိုသူ အမျိုးသမီးက ချစ်ထူးကို မျက်လုံးရွှဲကြီးဖြင့် ကြည့်နေချေလေပြီး

"နို့ ရှင့်လက်…"

"ဟာကွာ မင်း သိလျက်နဲ့ သည်ကောင် ချစ်ဖေ၊ ငါ့လက်ကို ဖြတ်သွားတာလေ မင်းမြင်တယ်၊ နို့ကြောင့် ငါသူ့ကို သတ်လိုက်တယ် မင်းမြင်တယ်၊ အဲလိုပဲ လုပ်ပါ"

"ဟင်း… ဟင်း… ဟင်း… ဟင်း…ဟား…ဟား ဟား ဟင်း….ဟင်း… ဟင်း… ကိုချစ်ထူးရယ် စိတ်ကူးယဉ်မနေစမ်းပါနဲ့ ရှင် ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပါပြီ ကျွန်မမှားခဲ့တာတွေအတွက် တောင်းပန်ပါတယ်… သည်က လူကြီးမင်းတို့ကို ကျွန်မ အမှန်အတိုင်း ဖြေချင်ပါတယ်"

"ဟဲ့… မိစန်း နင်အမှန်အတိုင်းပြောရမှာပဲဟာ၊ ငါ ချစ်ဖေကို သတ်တယ်၊ နင်မြင်တယ် အဲလိုပဲနော်…"

သို့ မိစန်းစကားမဆုံးခင်တွင် ဝင်ပြောလာသည့်ချစ်ထူးကို ကျွန်တော် ထူးဆန်းစွာ ကြည့်မိ၏။

"ရှင်… အချစ်သူ့ရဲကောင်းကြီး မလုပ်ချင်ပါနဲ့ရှင်၊ တကယ်တော့ ကျွန်မ ရှင်နဲ့ မထိုက်တန်ပါဘူး။ သည်မယ် လူကြီးမင်းတို့ကို ကျွန်မ အမှန်အတိုင်းပြောမယ်"

"အေး… ငါလည်း မင်းအမှန်အတိုင်း ပြောနိုင်အောင် မင်းဆီ လာခဲ့တာပဲ"

"ရှင်"

"ဟုတ်တယ်၊ မိစန်း ဟုတ်တယ်နော်"

"ကျွန်မ…"



"အေး ညည်း သူ့ကို ဒုက္ခမပေးသင့်တော့ဘူး"

"ရှင်"

"အော်… သူက ညည်းကို အရမ်းချစ်တာလေ၊ ခုညည်းလဲ သိရပြီ မဟုတ်လား… အေး ညည်းကို ချစ်လွန်းလို့ ညည်းအစားဝင်ချင်တာလေ"

"ဗျာ"

"ဟင်"

"ဘယ်လိုလဲ… မှန်မှန်ပြောတော့ သေချာတာပေါ့"

လင်းမြင့်လှိုင်က မိစန်းကို စေ့စေ့ကြည့်လိုက်၏။

"ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်မက သူ့ကိုပြစ်ပြီး ချစ်ဖေနောက်ကို လိုက်ခဲ့ဖူးပါတယ်၊ ပြီးတော့ ကျွန်မက မပြတ်နိုင်ပါဘူး။ နောက်တစ်ခါ ပြန်လိုက်သွားတယ်၊ ကိုချစ်ထူးက အတင်းလိုက်ခေါ်တယ်၊ ကျွန်မလက်ကို အတင်းဆွဲတာ ဒီတော့ ကျွန်မ ကိုချစ်ထူးလက်ကို ဓားနဲ့ ခုတ်ခဲ့တယ်"

"ဟာ"

"ဟင်"

"အို"

ကျွန်တော် အံ့သြမိချေ၏။

"ဟုတ်ပါပြီ ချစ်လွန်းလို့ လိုက်ခဲ့တဲ့ ချစ်ဖေကိုတော့ ဘယ်လိုကြောင့်…" သို့ မေးလိုက်သည့် လင်းမြင့်လှိုင်ကို မိစန်းသည် လေးစားသော အကြည့်ဖြင့် ကြည့်လာချေပြီး

"ရှင်နဲ့ ကျွန်မ စတွေ့တုန်းကလိုပါပဲ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ကို သူမသို့ပြောသဖြင့် ကျွန်တော် လင်းမြင့်လှိုင်ကို တအံ့တသြကြည့်လိုက်မိ၏။ လင်းမြင့်လှိုင်သည် ဘယ်အချိန်က မိစန်းဆိုသည့် မိန်းမနှင့် ဆုံတွေ့ခဲ့ရပါလိမ့်၊ ကျွန်တော် မသိလိုက်ပါကလား"

လင်းမြင့်လှိုင်က ကျွန်တော်အား နားလည်သည့် အကြည့်ဖြင့် ကြည့်လိုက်လေပြီး

"ကျွန်တော် နောက်တော့ ပြောပြမယ်"

သို့ သာပြောပြီး သူမိစန်းကို ကြည့်လိုက်၏။

"ပြောပါ သူတို့လဲ သိနိုင်တာပေါ့"

သို့ဆိုတော့ မိစန်းက ကျွန်တော့်ကို ကြည့်လာချေပြီး လင်းမြင့်လှိုင်ဘက် ပြန်လှည့်ကာ

"ချစ်ဖေနဲ့ ကျွန်မ သည်ကနေ ထွက်ပြေးခဲ့တယ်လေ၊"

"အဲဒီနေ့မှာပဲ ကျွန်မတို့ ချောင်းဘက်ကို ရောက်ခဲ့တယ်လေ၊ အဲဒီနေ့ ညဦးပိုင်း ကိုချစ်ထူး ရောက်လာတယ်၊ သူလက်ပြတ်ကြီးနဲ့လေ..."

"သည်တော့ ကျွန်မလဲ အရင်ယောက်ျားဆိုတော့ သံယောဇဉ်နည်းနည်းကျန်သေးတာကိုး ပြီးတော့ ကျွန်မ မွန်ထူပြီး ဓါးဖြင့် ခုတ်ခဲ့တာဆိုတော့ ကိုချစ်ဖေကိုပြောတယ်

"ကိုချစ်ဖေ ကျွန်မ ကိုချစ်ထူးကို သည်အတိုင်းထားခဲ့လို့ ဖြစ်မှာ မဟုတ်ဘူး။ တစ်နေ့မဟုတ် တစ်နေ့ ပြန်ရောက်လာဦးမယ်၊ သည်တော့ သူနားထောင်အောင် သေချာရှင်းပြမယ် သူနဲ့ကျွန်မ မပေါင်းနိုင်ဘူးဆိုတဲ့အကြောင်းပေါ့"

ကျွန်မ ကိုချစ်ဖေကို ပြောလိုက်တယ်



"ဟုတ်ပြီလေ၊ မင်းကို ငါယုံတယ်၊ ဒါပဲနော် သူ့ကို ပြောရုံပဲ၊ အဲဒီမယ် ညမအိပ်နဲ့ တို့ နက်ဖြန်စောစော ငါတို့ တစ်နေရာသွားကြမယ်၊"

နှို့ကြောင့် ကျွန်မကိုချစ်ဖေကို ခဏရှောင်ခိုင်းပြီး ကိုချစ်ထူးကို အတွေ့ခံလိုက်တယ်။

သည်တော့ သူလက် ဒဏ်ရာကို ဆေးထည့်ဖို့ ကျွန်မမယ် တာဝန်ရှိပါကလား အသိပဲ တခြားဘာမှ မရှိပါဘူး။ ကျွန်မ ဆေးထည့် ပတ်တီးစည်းပေးနေတယ် အဲဒီအချိန်မှာ ကိုချစ်ဖေရောက်လာပြီး"

"ဟဲ့ကောင်မ ညည်းကို ငါက သူ့ကို ပြောဆိုလွှတ်လိုက်ဖို့ ခွင့်ပဲပေးတာ ခုလို တယုတယ လုပ်ပေးစေချင်တာမဟုတ်ဘူး" လို့ပြောလာတယ်" သည်တော့ ကျွန်မက

ကိုချစ်ဖေရယ် နို့ကလည်း ကျွန်မကြောင့် သူသည်လို ဖြစ်ရတာ မဟုတ်လား။ နောက်ဆုံး သံယောဇဉ်အနေနဲ့ လုပ်ပေးတာပါ ပြောလိုက်တယ်

ကိုချစ်ထူးကိုလည်း ကျွန်မ သူ့ဒဏ်ရာဆေးထည့်ပေးရင်း သူနားလည်အောင် ပြောပြတာပေါ့ အဲဒီမှာ ကိုချစ်ထူးက

"ဟုတ်ပါတယ် ကိုချစ်ဖေ ကျွန်တော်နားလည်ပါပြီ ကိုယ်မချစ် မနှစ်သက်တဲ့မိန်းမနဲ့ ကွာရှင်းဖို့ သဘောတူလိုက်ပါပြီ"လို့ ပြောလိုက်ရင်ပဲ

"ဘာကွ မင်းတို့အတိုင်အဖောက်ညီနေကြပါကလား။ နို့ပြီး ငါသူ့ကို ဘယ်လိုလုပ်စိတ်ချရပါ့မလဲ၊ မင်းနဲ့ ပြန်ဆက်လျှင်ဆက် မဆက်လျှင်ဖြင့် သူ နောက်တစ်ယောက်တွေ့လဲ ငါ့ မင်းလို အရှုံးပေးရမှာပဲကွ" လို့ပြောလာတော့ ကျွန်မ အတော်ကလေးဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်၊ ကျွန်မကိုချစ်ထူးကိုပစ်ပြီး ကိုချစ်ဖေကို ချစ်ခဲ့တာ ဝန်ခံပါတယ်၊ နို့ပေမင့် ဖောက်လွဲဖောက်ပြန် မဟုတ်ပါဘူး။ ကိုချစ်ဖေကို တကယ်ချစ်တာပါ။ ကိုချစ်ထူးကတော့ တကယ်တော့ မိဘတွေ ပေးစားလိုက်လို့ အိမ်ထောင်ကျခဲ့ရတာပါ။ ကျွန်မချစ်တဲ့ကိုချစ်ဖေက ခုလို စွပ်စွဲပြောလာတော့ ကျွန်မလဲ ဒေါသထွက်သွားသလို ကိုချစ်ထူးကလည်း

"ဟိတ်ကောင်ချစ်ဖေ သူက မင်းကိုသာချစ်တာကွ၊ မင်းသူ့အချစ်ကို မစော်ကားပါနဲ့ ခုလဲ မင်းနဲ့ပျော်ပျော်ရွှင်ရွှင်နေသွားဖို့ ကြိုးစားမှာပါ။ ငါမနက်ဖြန်ဆို ပြန်တော့မယ်၊ နောင်လဲ မင်းနဲ့ကော မိစန်းနဲ့မတွေ့အောင် နေမှာပါ စိတ်ချပါ" လို့ ပြောလိုက်တယ်

သည်မှာ ချစ်ဖေက မူးလဲမူးနေတယ် ထင်ပါ့ ကျွန်မကို ငါမယုံဘူးဆိုပြီး ဆံပင်ကို ဆောင့်ဆွဲ ပါးရိုက်လိုက်တယ်၊ သည်မှာ ကျွန်မ ဘယ်လိုအသိဝင်လာလဲဆိုတော့ ကြည့်စမ်း ငါ့ယောက်ျားရှေ့မှာ ငါ့ကို ရိုက်တယ်၊ ဒါငါ့ကို ချိုးနှိမ်တာပဲ ငါ့ကို တကယ်ချစ်တာမှ မဟုတ်တာ ဆိုတဲ့ အသိဝင်ပြီး ကိုချစ်ထူးလက်ထဲက ဓါးကို ရုတ်တရက်လုမ်းယူပြီး ကိုချစ်ဖေကို ခုတ်လိုက်တာပဲ ကျွန်မလဲ ပထမတော့ ကိုယ့်ဒေါသနဲ့ ကိုယ်ဆိုပေမင့် သွေးအေးသွားတော့ သိပ်ကြောက်သွားတယ်၊

ကျွန်မလူသတ်လိုက်ပြီး ပြီးတော့ တစ်ယောက်ကိုလည်း ခန္ဓာကိုယ်ပျက်စီးအောင်လုပ်မိတယ်၊ သည်တွက် ကျွန်မအပြစ်တွေ ခံရမှာသိတော့ သိပ်ကြောက်သွားတယ်၊ သည်တော့ ကိုချစ်ထူးက

"မိစန်း မင်းဒါတွေမလုပ်ခဲ့ဘူးလို့ မှတ် ဟုတ်လား။ ငါပြောသလိုလုပ်ပါ မင်းသေသေချာချာမှတ်ထားနော်"



"ငါ့လက်ကို ချစ်ဖေ ဖြတ်ခဲ့တယ် ဟုတ်လား"

"နောက်တစ်ခုက ငါ ချစ်ဖေကို ဒေါသအလျောက် သတ်ခဲ့တယ်"

မင်းအဲဒီလိုပဲလုပ်ပါ ၊ လိုအပ်လျှင် မင်းမျက်မြင်သက်သေလုပ်ပါ။ ဟုတ်လား။ ကဲ ကဲ ငါမင်းကို တစ်နေရာပို့ထားမယ် ဟုတ်လား ဆိုပြီး ကျွန်မကို သည်ပို့ထားတာလေ

သူပြန်သွားမှ ကျွန်မ စဉ်းစားမိတယ်၊ ကိုချစ်ထူး ငါ့ကို အတော်ကလေး ချစ်ရှာပါကလားပေါ့ နို့ကြောင့် ခုလို အမှန်အတိုင်း ဝန်ခံတာပါ၊ တကယ်ပါ ချစ်ဖေကို ကျွန်မသတ်ခဲ့တာပါ။ သူ့လက်ကို ဖြတ်ခဲ့တာပါ့…"

ဘုရားရေ ကျွန်တော် ထင်မှတ်မထားသော ဇာတ်လမ်းဆိုးကြီး တစ်ခုကို သိလိုက်ရခြင်းပါကလား

အချစ်ရူးချစ်ထူးလို့ပင် ပြောရချိမ့်မည်။

သည်လောက် အချစ်တွက် အနစ်နာခံတတ်သည့် ယောက်ျား တစ်ယောက်ကိုလည်း ယခုမှ မြင်ဖူးသည်ဟု ဆိုရချိမ့်မည်။

သို့မှသည် ဇာတ်လမ်းကို အဆုံးသတ်ခဲ့သည့်တိုင်အောင်

"ကိုလင်းပြောပါဦး ခင်ဗျားဘယ်တုန်းက မိစန်းနဲ့တွေ့ပြီး ဘာတွေ သိခဲ့တာလဲ"

"ကိုပိုက် မမှတ်မိလို့ပါဗျာ၊ ကိုပိုက်နဲ့ ကျွန်တော် အမဲပစ်မထွက်ခင် ဝန်ထောက်လေးမျိုးဝင်းနဲ့ သည်ဆေးစခန်းရောက်ခဲ့တယ်လေ၊ အဲဒီမှာ မိစန်းကို တွေ့ရတာ၊ သူကြည့်ရတာ တစ်မျိုးလို့ ထင်လိုက်တယ်။ ညည အိပ်မက်ဆိုးတွေမက်ပြီး ထအော်တယ်လို့ သိရတယ်၊ နို့ကြောင့် ဆင်ဝိုင်းက ဆင်ပိုင်ကြီးကို မေးကြည့်တော

www.burmeseclassic.com



“သည့်ကလေးမကို ပြင်စလူရှာက ချစ်ထူးက လာပို့ထားတာလို့ပဲ သိရတယ်၊ ပြီးတော့ သူတို့ တစ်ခုခု ဖြစ်ထားပုံပဲလို့ ခင်ပိုင်ကြီး ပြောတယ်လေ၊ နို့ကြည့်ရတာ ထူးခြားပါတယ်လို့ ထင်တယ်ဆိုပြီး မိစန်းနဲ့ တွေ့တော့”

သူ့အိပ်မက်တွေအကြောင်းမေးတယ်။

သွေးလေချောက်ချားလို့မက်တာမဟုတ်၊ ညတိုင်း မအိပ်ချင်ဖြစ်ရတယ်ဆိုတော့ ဆက်စပ်ကြည့်ရတာပေါ့ ဟဲ ချစ်ထူးနဲ့ တွေ့တော့ သူ့အကြောင်းသိရတယ်လေ၊ နို့ကြောင့် ကျွန်တော် ကွင်းဆက်တွေ ဆက်ကြည့်ရင်း သည်လိုတော့ ဖြစ်နိုင်တယ်ဆိုပြီး ချစ်ထူးကို မေးရတာပေါ့”

သို့ဆိုတော့ ကျွန်တော် သဘောပေါက်သွားပြီဖြစ်သည်။

ကျွန်တော်တို့ ကြုံတွေ့ခဲ့သမျှတွေထဲမှ ထူးဆန်းသော အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဟု ပြောရချိမ့်မည်…

စာဖတ်ပရိတ်သတ်အား လေးစား
ကြိုးစားလျှက်
(22-3-2009)
(2-02 PM)

# ကိုပိုက်

## မှဆိုးဖခင် သံယောဇဉ်

BURMESE CLASSIC

(စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၄၅၀၃၁၁)

ဆက်လက်ထွက်ရှိမည်။

ဖြန့်ချိရေး

**နဂါးပျံစာပေ**

www.burmeseclassic.com